

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၁)

ဆိတ်ငြိမ်ရပ်ကွက်လေးတစ်ခုတွင်ဖြစ်သည်။ သစ်ကြီးဝါးကြီးများနှင့် သစ်ပင်ပန်းမံများ ခြံရံနေသော နှစ်ထပ်တိုက်ကြီးသည် ငြိမ်သက်တိတ်ဆိတ်နေ၏။ နောက်ဖေးဝင်းတံခါးအနီးတွင် ကြာပန်းကြာရိုးတို့ အနည်းငယ် ညှိုးနွမ်းနေသော ရေကန်ကြီးတစ်ကန် ရှိနေသည်။

အပျံသင်စ ဖြစ်ဟန်တူသော ကျီးကန်းပေါက်တစ်ကောင် ကြာရွက်ကြာရိုးများအပေါ်တွင် ဟိုသည်လူးလာ ပျံသန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျီးကန်းငယ်၏ ပျံသန်းရာလမ်းကြောင်းသည် ဦးတည်ရာမရှိ ဖြစ်နေ၏။ ထိုကျီးငယ်လေးတွေကို ကလေးတွေက အာနိဟု ခေါ်ကြသည်။

ကျီးကန်းအပေါက်လေးများ တအာအာအော်လျှင် နှုတ်သီးမဲမဲလေး ပြခနဲဖြစ်တိုင်း ရဲခနဲရဲခနဲ အာခေါင်အနီကို မြင်ရလေ့ရှိကြောင်း 'ဦးသိဟအောင်' ပြောပြသဖြင့်. . 'မောင်သူရ'လေး သိဖူးမြင်ဖူးထားသည်။

သားပေါက် အပျံသင်လေးမို့ မိဘကျီးကန်းတွေလို လျှင်မြန်ဖျတ်လတ်ခြင်း မရှိသေး၊ အဖမ်းရ လွယ်ကူသည်တဲ့. . ။

ခြံထဲ၌ စစ်သားရုပ်ကို ရီမုဒ်ကားရုပ်ပေါ်တင်၍ စစ်တိုက်တမ်း ကစားနေသော မောင်သူရလေး ကျီးကန်းကို လှမ်းမြင်နေရသည်။ ဗိုးခနဲ သူ့ခေါင်းပေါ်ကဖြတ်ပျံရင်း အပေါ်ထပ်မှန်တံခါးဆီ ပျံသန်း၍ ပြတင်းပေါက်တွင် သွားနားသည်ကို လှမ်းမြင်လိုက်ရလေသည်။

ပြုတ်ကျလာလေမလား မော့ကြည့်နေသေးသည်။ ပြုတ်မကျလာသည့်အပြင် သူ့မြင်ကွင်းကနေ အာနီလေး ပျောက်ကွယ်သွား၏။ ရီမုဒ်ကားကို အိမ်ထဲဦးတည့်၍မောင်းသွင်းလိုက်သည်။ အရုပ်ကားပေါ်က အရုပ်စစ်သားခမျာ ပက်လက်ကလေး အိမ်ထဲပါသွားသည်။

ကျီးကန်းငယ်သည် အသက်တစ်ဝရှူရင်း မှန်ပြူတင်းမှ အတွင်းသို့ ငေးကြည့်နေသည်။ တဖျောက်ဖျောက် မြည်နေသော အသံကြောင့်လည်း ဖြစ်မည်။ အတွင်းဘက်. . ပြူတင်းအနီး စားပွဲပေါ်က ထိုအသံထွက်နေခြင်းလည်းဖြစ်သည်။





စားပွဲပေါ်က တဖျောက်ဖျောက်သည်. . လက်နှိပ်စက်မှန်း ဘျီးကန်းငယ် သိပုံမရ။

စာရွက်ဖြူဖြူပေါ်တွင်တော့ အက္ခရာစာလုံးများ တစ်လုံးပြီးတစ်လုံး ကျရောက်လာနေသည်။ သွယ်လျသော လက်ချောင်းလှလှများက လက်နှိပ်စက် ခလုတ်တွေအပေါ်၌ ပြေးလွှားနေသည်။

ထိုလက်ချောင်းများ၏ ပိုင်ရှင်သည် ထိုလက်ချောင်းလေးများထက် လှပ၍ ညို့ငင်အားပြင်းသော ကတ္တိယခပ်ငယ်ငယ် ဖြစ်ကြောင်းကိုလည်း ကျီးကလေးအာနိ သိပုံမရ။

ထိုကတ္တိယလေးသည် နိုင်ငံကျော် အရောင်းရဆုံး တစ္ဆေသရဲနှင့် ရင်သိမ့်တုန် စာရေးဆရာမ 'မယ်နဒီ' ဖြစ်ကြောင်း ပို၍ပင် သိပုံမရ။ ထို့ထက် မယ်နဒီမည်သော Best Seller မြန်မာစာရေးဆရာမလေးအား ပင်ဂွင်းစာအုပ်တိုက်(အိန္ဒိယလက်ခွဲ)မှ မြန်မာလိုထုတ်ဝေပြီး စာအုပ်တစ်အုပ်အား ဒေါ်လာ(၂)သန်းနှင့် ကမ္ဘာဖြန့်ရန် ကမ်းလှမ်းထားသည်ကို. . အာနိဆိုသော အဟိတ်က ဘယ်လိုများ နိမိတ်ကောက်နိုင်ပါမည်နည်း။

ကျီးအာနိသည် သူဖြတ်သန်းလာသော ကန်ရေပြင်ကို အပေါ်စီးမှ လှမ်းကြည့်နေပြန်သည်။ သူ့သေတွင်းမှ လွတ်မြောက်လာခြင်းဖြစ်ကြောင်း သိလိုက်သည်။ ထိုအချိန်တွင် ကန်ရေပြင်က ငြိမ်သက်လို့နေ၏။

သို့သော်. . . ကန်၏အတွင်း ရေသားထဲက တစ်စုံတစ်ရာသည် သူ့အား ဖမ်းဆွဲခဲ့သည်။ အတောင်ပံတွေ အားကုန်ထည့်၍ ရုန်းထွက်ခဲ့ရကြောင်း အဟိတ်တိရစ္ဆာန်ပီပီ အသေအချာသိသည်။ ကန်ထဲ၌ တစ်စုံတစ်ရာ ရှိကိုရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်တစ်ချောင်းကို နှုတ်ယူမည့် မမြင်နိုင်သော သေခြင်းရှိနေ၏။

ကော်ဇောပေါ် ဖြတ်ပြေးလာသော ရီမုဒ်ကားလေးသည် စားပွဲအောက်က မယ်နဒီ၏ အိမ်တွင်းစီး ဖိနပ်ဦးလေးဆီသို့ ဒုတ်ခနဲ ဝင်တိုက်၍ ဦးခိုက်သည်။ မယ်နဒီ့ဈာန်သည် ဇာတ်လမ်းထဲနစ်မြောနေရာမှ ခြေဖျားဆီရောက်သွား၏။

သိလိုက်သည်။

သားလေး. . မေမေ့နှလုံးသွေးလေး. . သွားလေသူ ကိုကို့သွေးလေး. . ။

ထိုစဉ် သူမနောက်သို့ သားလေး ခြေဖော့နင်းကာ ရောက်လာပြီး. .

"မေမေလက်မြှောက်၊ လှုပ်တာနဲ့ ပစ်ထည့်လိုက်မှာနော်"

မယ်နဒီ သားအတွက် လက်နှိပ်စက်ခလုတ်များပေါ်က လက်ကို မြှောက်ပေးလိုက်သည်။

"သားက သေနတ်ကြီးကိုင်ပြီး မေမေ့ကိုတောင် ပစ်တော့မလို့လား"

"သားကစတာပါ မေမေရယ်"

ရင်ခွင်ထဲဆွဲပွေ့၍ သားလေးပါးကို ဘယ်ပြန်ညာပြန်နမ်းရင်း ကလိထိုးလိုက်သည်။ မယ်နဒီကိုလည်း သားက ကလိပြန်ထိုးရင်း သားအမိနှစ်ယောက် တဟိဟိ လူးလွင့်ကြသည်။

ဝမ်. . .

"မေမေ. . အချိန်ပြည့်ပြီ၊ လမ်းလျှောက်မယ်ဆို"

"ခဏလေးပါသားရယ်၊ ဒီအခန်း ပြီးတော့မယ်"





"မေမေရယ်. . လာပါ၊ သားနဲ့လိုက်မယ်ဆိုပြီး ကတိပေးထားပြီးတော့"

သားလေးက သူမလက်ကို အတင်းဆွဲကာခေါ်သည်။

မယ်နဒီ သားလေးပုခုံးကို လှမ်းကိုင်လိုက်ရင်း. . .

"မေမေ သိပါတယ်သားရယ်၊ သားအပေါ်မှာ မေမေတာဝန်မကျေသေးဘူးဆိုတာ"

"မေမေ့ကို မချစ်ဘူး၊ မေမေ့ကို မုန်းတယ်"

"အို!. . မမုန်းလိုက်ပါနဲ့ သားရယ်၊ ဒီအခန်းကို မေမေ လက်စသတ်လိုက်တော့မယ်၊ နောက်ထပ် ငါးမိနစ်စောင့်ပေးဦးနော်. . သား"

ဟုဆိုကာ မယ်နဒီက လက်ငါးချောင်းထောင်ကာ သားကို ပြောလိုက်၏။

"ရဘူး. . သုံးမိနစ်"

"ကဲ. . ဒါဆို လေးမိနစ်"

"သဘောတူတယ်၊ ကဲ. . တွိုင်းဆိုးဂျားရေ ဟိုတောင်ကုန်းကို လေးမိနစ်နဲ့ ရအောင်သိမ်းမယ်၊ ဒက်. . ဒက်. . ဒက်. . ဒက်"

သားလေး အရုပ်နှင့် ထွက်သွားလေသည်။ မယ်နဒီ သူ့သားလေးကိုကြည့်ကာ သဘောကျနေပြီးနောက် တဖျောက်ဖျောက်နှင့် လက်နှိပ်စက်ရိုက်သံများ အခန်းထဲ ထွက်လာပြန်သည်။

အိမ်အပြင်စာတိုက်ပုံးက စာတွေကိုင်၍ ဝင်လာသော သီဟအောင်က အပေါ်ထပ်လှေခါးမှ ဆင်းလာသော မောင်သူ့ရဲလေးကို လှမ်းပြုံးပြရင်း. . .

"သား. . သူရလေး၊ သား. . သူငယ်တန်းစတက်နေတာ



www.burmeseclassic.com

ကျောင်းမှာအဆင်ပြေရဲ့လား”

ပြန်မပြုံးပြဘဲ ‘ဟုတ်ကဲ့’ ဟုသာပြော၍ ရှောင်ထွက်ခဲ့သည်။

ဒီလူကြီးကို ကြည့်လို့မရ။

မေမေ့ကို ဖက်တယ်. . နောက်ဖေး ရေကန်နားမှာ. . ဟု စိတ်ထဲက ပြောနေမိသည်။ ဒီလူကြီး အိမ်ကိုအမြဲလာနေတာလည်း သူမကြိုက်. . ။

သူ အိမ်နောက်ဖေးဘက် ထွက်ခဲ့သည်။ ရေကန်ဘက်ထွက်သော ခြံတံခါးသော့က ပိတ်မထား၊ ချိတ်ရုံချိတ်ထားသည်ကို မောင်သူရလေး ဝမ်းသာအားရ တွေ့လိုက်ရလေသည်။

“မေမေအဖက်ခံရတဲ့ တောင်ကုန်းကို ဆော်မယ်. . ဆိုးဂျား ရေ့. . ”







# အခန်း(၂)

“ဘာစာလဲ ကိုသီဟ”

“ပင်ဂွင်းက ကိုယ့်ဆီ တိုက်ရိုက်စာပြန်တယ်၊ ပယ်တယ်တဲ့၊ [illegible] Interest တဲ့”

သီဟအောင်၏ ဝတ္ထုတစ်ပုဒ်ကို အိန္ဒိယလက်ခွဲ၊ ပင်ဂွင်းစာ[illegible]တိုက်သို့ ပြီးခဲ့သည့်လက ပို့ခဲ့သည်။ အင်တာနက်တွင် ထုတ်နှုတ်[illegible] တင်ဖူးသည်။ စိတ်ဝင်စားသည်မို့ ဖတ်ကြည့်မည်ဟု ပင်ဂွင်း[illegible] ပြောလာသဖြင့်. . အင်္ဂလိပ်လို ကိုယ်တိုင်ပြန်၍ ပို့လိုက်ခြင်းဖြစ်[illegible] ဒီတော့. . ပယ်သည်တဲ့. . ။

www.burmeseclassic.com



"ဆက်ရေးပေ့ါ၊ ဘာလဲ မျက်နှာက ညှိုပုတ်လို့ စိတ်ကျသွားတာလား၊ ကိုသီဟက တော်ပါတယ်၊ အဲဒါကြောင့် နဒီ အားကိုးနေရတာပေ့ါ. . ."

သီဟအောင်က ရယ်လျှက်. .

"ဟားဟား. . ထိတ်လန့်သဲဖို့တွေကျတော့ရွေးပြီး ရှိမင့်(စ်)ကျတော့ ပယ်တယ်တဲ့. . ရယ်ရတယ်နော်၊ အိန္ဒိယကမောင်တွေ နိုင်ငံရေးခံယူချက်ဆိုတာ ဘာမှန်းသိပ်သိပုံမရဘူး"

သူမက သီဟအောင် ဆိုသူအား နှစ်သိမ့်ပြုံး ပြုံးပြရင်း. .

"ဟင်း. . ဟင်း ရွှေမန်းတင်မောင်ကို ဘုန်းကြီးက မင်းသားတင်ခဲ့တာလေ၊ အစပိုင်းမှာတော့ ဘုန်းကြီးမင်းသား ဘုန်းကြီးမင်းသားပေ့ါ၊ ရွှေမန်းတင်မောင်လည်း တကယ်ဖြစ်လာရော မင်းသားဘုန်းကြီး မင်းသားဘုန်းကြီး ပြန်ဖြစ်သွားတယ်၊ သီဟဆိုတဲ့ ချစ်စရာခြင်္သေ့လေးဟာ မယ်နဒီရဲ့ဆရာဆိုတာ မသိကြသေးဘဲကိုး"

သီဟအောင်က မယ်နဒီအား နောက်ကနေ ဇက်ကြောဖွဖွနှိပ်ပေးရင်း. .

"နာမည်ကြီး စာအုပ်တိုက်တွေက အယ်ဒီတာတချို့မှာ တာဗီသာကင်း Tabitha King ရောဂါရှိကြတယ်၊ တာဗီသာကင်းဆိုတာ နာမည်ကျော် Stephen King ရဲ့ဇနီးလေ၊ သူကအင်မတန် စာရေးကောင်းတယ်. . စာကောင်းလည်းရေးတယ်၊ သူ့ယောက်ျားထက် အများကြီးသာတယ်. . တော်လည်းတော်တယ်၊ ဒါပေမယ့် တာဗီတာကင်းကို ဘယ်သူမှမသိကြဘူးလေ၊ Stephen King ပဲလူတိုင်းသိကြတယ်"

ဖွဖွလေးနှိပ်ပေးရင်း သူမ ဆံနွယ်တွေကို နမ်းနေမှန်း မယ်





နဒီ သိသည်။

"ကိုသီဟကို လူတွေ တစ်နေ့တော့ သိလာကြမှာပါ"

သီဟအောင်ဆိုသူက ခေါင်းခါရင်း. .

"မထင်ပါဘူး. . မယ်နဒီရယ်"

"ဒီလိုပဲလေ ဆရာကြီးဟဲလ်မင်းဝေးကို စာရေးနိုင်အောင် အိုင်ဒီယာပေးပြီး တည်းဖြတ်ပေးခဲ့တဲ့ Max Perkins ကိုလည်း ဘယ်သူကမှ မသိခဲ့ပါဘူးရှင်"

"စန်းဆိုတာ အဲ့ဒါပါပဲ၊ ကိုယ်တရားနဲ့ပဲ ဖြေရမှာပေ့ါ၊ ကဲ ဖတ်ချင်ပြီ. . ပြီးသေးဘူးလား"

"နေဦး သားတော်မောင်က လေးမိနစ်ပဲ အချိန်ပေးခဲ့တာ၊ လက်စသပ်နေပြီ ခဏလေးစောင့်၊ လောလောဆယ် ဝတ္ထုတိုလေး တစ်ပုဒ်တော့ ပြီးထားတယ်. . ရော့"

မယ်နဒီ လှမ်းပေးသော စာအုပ်ကိုယူရင်း ကုပ်ပိုးကို ငုံ့နမ်း၍ သီဟအောင် ဧည့်ခန်းဘက် ထွက်လာခဲ့သည်။ မယ်နဒီကို မြန်မာပြည်၏ စတီဖင်ကင်းဟု ထောပနာပြုထားသော ဂျာနယ်မဂ္ဂဇင်းချီးကျူးလွှာများကို သူကိုယ်တိုင် ပုံကြီးချဲ့၍ ဖိုင်တွဲထားခဲ့သည်ကို ပြန်လှန်ကြည့်နေမိသည်။

ပင်ဂွင်းမှ မယ်နဒီ၏ 'သံဝေဂဝိညာဉ်' စာအုပ်ကို ဒေါ်လာ နှစ်သန်းနှင့် ကမ်းလှမ်းသောစာလည်း ထိုဖိုင်ထဲတွင်ပါလေသည်။ ဖိုင်ကိုပိတ်ပြီး စင်ပေါ်ကဓါတ်ပုံကို လှမ်းကြည့်သည်။

မယ်နဒီနှင့်လှိုင်မှီ. . သူငယ်ချင်းနှစ်ယောက် ဖက်ရိုက်ထားသော ဓါတ်ပုံကို လှမ်းယူလိုက်သည်။ လှိုင်မှီ၏ ဓါတ်ပုံထဲက မျက်ဝန်းကို စူးခနဲ တစ်ချက်စိုက်ကြည့်လိုက်သေးသည်။



www.burmeseclassic.com

သီဟအောင်က မယ်နုဒီ၏ ကိစ္စအဝဝကို လုပ်ပေးနေရသော မန်နေဂျာလည်းဖြစ်နေ၍ သူမစာမူတွေကို အကုန်ဖတ်ဖြစ်သည်။ အခုလည်း သူမပေးလိုက်သော ဝတ္ထုတိုလေးကို ခုံတွင်ထိုင်ရင်း မြည်းကြည့်လိုက်၏။

ခေါင်းစဉ်က 'ရောဂါ'တဲ့. . ။ စာရွက်ကို လှန်လိုက်ရင်း. . ထိုစာမူထဲ နစ်ဝင်သွားတော့သည်။









# အခန်း(၃)

## ရောဂါ

ပထမဆုံး အံ့သြသွားရတာက သူ့ကိုယ်သူဖြစ်၏။ အံ့သြရလောက်အောင်လည်း သူ့မှာ ပြောင်းလဲမှုတွေ ဖြစ်နေသည်။ ကျွန်းတာနုတ်များဖြင့် ဘောင်ကွပ်ထားသော မှန်ရှေ့တွင် တွေ့နေရသော သူ့အဝတ်အစားဒီဇိုင်းတွေက သူ့ကိုယ်သူ အံ့သြမှုဖြစ်နေစေမိသည်။

အကောင်းစားစွပ်ကျယ်တစ်ထည်ပင် ဝယ်မဝတ်နိုင်သော 'ရှိုး'ဆိုသည့် သူ့လိုငမွဲငနုံတစ်ယောက်က အခုတော့ အကောင်းစား

www.burmeseclassic.com



အဝတ်အစားတွေ ဝတ်ဆင်ထားသည်။ ဘယ်လောက်တန်မှန်း အတိအကျမသိပေမယ့် သူ့ဘဝနှင့် အလှမ်းကွာလွန်းသော တန်ဖိုးကြီး အဝတ်အစားတွေမှန်း ရဲမိုး သိလိုက်ရသည်။

"ဟင်!. . ဒါ ဘယ်လိုဖြစ်တာလဲ၊ ဒီအဝတ်အစားတွေက ဘယ်လိုလုပ် ငါ့ခန္ဓာကိုယ်ပေါ် ရောက်နေရတာလဲ"

အံ့ဩခြင်း၊ နားမလည်ခြင်းတို့ဖြင့် ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်တော့. . ရဲမိုး ရောက်နေသည်မှာ အိပ်ခန်းတစ်ခုဖြစ်မှန်း သိလိုက်ရသည်။

သာမန် အိပ်ခန်းတော့မဟုတ်၊ ကြယ်ငါးပွင့်ဟိုတယ်တစ်ခုမှ ပထမတန်းစား အိပ်ခန်းတစ်ခု၊ ဒါမှမဟုတ် ကျိကျိတက်ချမ်းသာသည့် မိလျံနာသူဌေးတစ်ယောက်ရဲ့ အိပ်ခန်းပင်ဖြစ်လေမလား။

တစ်ပေခန့်အထူရှိမည့် စပရိန်မွေ့ယာနှင့် မဟော်ဂနီရောင် ဖိတ်ဖိတ်တောက်နေသော ကျွန်းကုတင်ကြီးကိုပင် အထူးအဆန်းသဖွယ် ငေးကြည့်နေမိသည်။

အခန်းထဲမှာ အဲယားကွန်း၊ ရေခဲသေတ္တာ၊ မီးခံသေတ္တာများအပြင် အလှမွေးငါးကန်တစ်ခုပါ ရှိ၏။

"ငါ. . ငါ. . ဘယ်ရောက်နေတာလဲ"

သူ့ဦးနှောက်ထဲမှာ ဘယ်လိုမှ ဆက်စပ်စဉ်းစား၍မရ. .။

အိပ်မက်မှာပင် မမက်ဝံ့သောနေရာကို သူရောက်နေသည်။

ပြီးတော့. . တန်ဖိုးကြီးအကောင်းစား အဝတ်အစားတွေကလည်း ရဲမိုး၏ ခန္ဓာကိုယ်တွင် ဆင်မြန်းလျက်ရှိနေသည်။

ထိုစဉ်. . .

"ချလွင်. . ချလွင်. . ချလွင်. . ."





"ခစ်. . ခစ်. . ခစ်. . ."

ခန်းဆီးလိုက်ကာ တစ်ချက်လှုပ်ယမ်းသွားပြီး ဆည်းလည်းသံ တချွင်ချွင်မြည်သံနှင့်အတူ ခပ်သဲ့သဲ့ရယ်မောသံလေးကို ရဲမိုး ကြားလိုက်ရသည်။ ဖျက်ခနဲ လှည့်ကြည့်လိုက်တော့ ရဲမိုး မျက်လုံးအစုံက ပြူးကျယ်သွားရ၏။

"ဟင်. . မင်း. . မင်းက. ."

"ဟင်း. . ဟင်း. . သိပ်အံ့ဩနေလား ကိုရဲမိုး"

အသံပိုင်ရှင်ကိုတွေ့တော့ အသက်ရှူမှားသွားရပြန်သည်။ ကြွေရုပ်လေးတစ်ရုပ်လို ဖူးကြွလှပလွန်းသည့် မိန်းကလေးတစ်ယောက်က အလှပဆုံးအပြုံးကို ဖန်တီးကာ သူ့ထံတစ်လှမ်းချင်း လျှောက်လာနေသည်။ စက္ကူတစ်ရွက်ကို လေတွင်လွှတ်ချလိုက်သလို စည်းချက်ကျသော လမ်းလျှောက်ဟန်ဖြင့်. . တစ်လှမ်းချင်း. . သူ့ဆီ လျှောက်လာနေ၏။

"မင်း. . မင်းက. . မင်းသမီး ဝတ်မှုံဧကရီ မဟုတ်လား"

အံ့ဩတကြီး ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်သော ရဲမိုးဟန်ကို ကြည့်ရင်း 'ဧကရီ' ဆိုသည့် အချောအလှလေးက သဘောကျစွာပြုံးရင်း ပြန်ဖြေ၏။

"ဟုတ်ပါတယ်၊ ကျွန်မ ဝတ်မှုံဧကရီပါ။ ရှင် ကောင်းကောင်း သိပါတယ်"

'ဧကရီ'ဆိုလျှင် ယနေ့ရုပ်ရှင်လောက၌ မသိသူမရှိပါ။

ဧကရီက ချောသည်၊ လှသည်၊ တောင့်သည်၊ ဖြောင့်သည်။

ပုရိသတို့ကို ဖမ်းစားနိုင်သော. . အတွေ့အကောက်အမို့အမောက် ကောက်ကြောင်းများ ပိုင်ဆိုင်ထားသူဖြစ်သည်။ ဧကရီက



www.burmeseclassic.com

www.burmeseclassic.com



ညှို့မင်းသမီးတစ်ပါးပင်တည်း။

ယခုလည်း ဧကရီ့အလှက ဝင့်ကြွားလွန်းနေသည်။ အဝတ်အစားကလည်း ခေတ်ရှေ့ပြေးလွန်းနေ၏။ အပေါ်ပိုင်းတွင်. . အနီရောင်ရဲရဲ လက်တစ်လုံးသိုင်းကြိုး စွပ်ကျယ်တစ်ထည်သာ ဝတ်ထား၏။

ပြည့်ဖြိုးဝင်းမွတ်သော အသားစိုင်များက တစ်ဝက်တစ်ပျက်လှစ်ဟပြနေရာ ကြည်နေရင်းမှ ရဲမိုး ရင်သည်လည်း ပူလောင်လာခဲ့၏။

ဧကရီက အောက်ပိုင်းတွင် ဇီးရိုးဘောင်းဘီတိုလေးတစ်ထည် ဝတ်ထားပါသည်။ ဖွာလန်နေသော အနားစများကြောင့်. . အမြင်ထူးနေသလို. . တင်ပါးဖုံးရုံအတိုရှိသည့် ဘောင်းဘီတိုလေးအောက်မှ ဖွံ့ထွားစွင့်ကားသော အောက်ပိုင်းအလှများကလည်း အစွမ်းကုန် ရုန်းကြွလှစ်ဟပြနေပြန်သည်။

ဖြူးဖွေးညက်ညောသော ပေါင်တံရှည်များက အဖျားပိုင်းသို့ သေးသွယ်ကောက်ဝိုက်၍ စီးဆင်းလာပြန်ရာ ကျွမ်းကျင်သော ပန်းပုဆရာ၏လက်စွမ်းဖြင့် ထုလုပ်ထားသည့် ရုပ်တုတစ်ခုအလား. . ။

"ဧကရီ. . မင်း. . မင်းဘာလာလုပ်တာလဲဟင်၊ ပြီးတော့ ငါ. . ငါကရော ဘယ်ရောက်နေတာလဲ၊ ဒါ ဘယ်လိုနေရာမျိုးလဲ"

ရဲမိုးက ဆန္ဒနှင့် စိုးရွံ့မှုလွန်ဆွဲနေသောအသံဖြင့် တုန်လှုပ်စွာ မေးလိုက်တော့. . ဧကရီ အလှနတ်သမီးက ဆည်းလည်းလေးလို ရယ်သံတလွင်လွင် ပေးပြန်သည်။

"ရှင် ဘာကိုစိုးရိမ်နေတာလဲ၊ ဘာမှစိုးရိမ်စရာမရှိပါဘူး၊ ဒါ ဧကရီ့ရဲ့ အိပ်ခန်းပါ၊ ဘယ်သူမှမရှိဘူး. . လွတ်လွတ်လပ်လပ်ပဲလေ၊





ဘာတွေကို စိုးရိမ်ပူပန်နေတာလဲ ကိုရဲမိုးရဲ့"

"ဟင်းဟင်း. . ဘာကြောင့်လဲ၊ ဒါ ဘယ်လိုဖြစ်ရတာလဲ"

"ခစ်. . ခစ်. . ခစ်. . "

ဧကရီက ရှေ့တစ်လှမ်း ထပ်တိုးလိုက်ချိန်မှာတော့ မျက်နှာနှစ်ခုက ထိလုမတတ် နီးကပ်သွားရပြီ။ သွေးကြွစေသော ကြက္ကိုယနံ့အသက် ချိုချိုအီအီများက ရဲမိုးတစ်ကိုယ်လုံး လွှမ်းခြုံလိုက်လေပြီ။

ပြောချင်သည့်စကားလုံးတွေ ရဲမိုးနှုတ်မှ ထွက်မလာ၊ လည်ချောင်းဝမှာပင် အငွေ့ပျံပျောက်လွင့်သွားတော့၏။

အငွေ့ပျံလောက်အောင်လည်း သူ့ရင်က ပူလောင်လွန်းနေပြီ။

ငမွဲငနဲ လူရာမဝင် သူ့ဘဝ၌ မိန်းကလေးဆိုတာ မူးလို့ရှူစရာပင် မရှိခဲ့။ ရင်ခုန်တတ်စအရွယ်မှာ မွတ်သိပ်တောင့်တမှုတစ်ခုကို စိတ်ကူးထဲတွင်သာ ဖြေသိမ့်ခဲ့ရသည်။ မိန်းမတစ်ယောက်၏ အလှကို ခံစားခွင့်ဆိုတာ သူ့ဘဝမှာမရှိခဲ့။

"မိန်းမတွေ တောင်ပံ့ယာပံ့၊ ငါ့အတွက်မဟုတ်တော့ စောင်တိုသာခြုံ" ဟူသော အဆိုတော် စိုင်းစိုင်းခမ်းလှိုင်သီချင်းက ရဲမိုးကို ရည်ရွယ်ထားသည်လားမသိ။

"ဘာလို့စိတ်ကို တင်းတင်းကျပ်ကျပ်ကြီး လုပ်ထားရတာလဲဟာ၊ စိတ်ကိုလျှော့ထားစမ်းပါ၊ ဒီနေရာက ဧကရီတို့အတွက် သုခရိပ်မြုံလေးပါ၊ ရင်လှိုက်ဖိုစရာကောင်းမယ့် ဒီအချိန်လေးမှာ ပျော်ပျော်ပါးပါးပေါ့. . . "

ဧကရီ၏ ညုတုတု အသံချိုချိုလေးက သူ့ရဲ့ဆန့်ကျင်စိတ်



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို အလွယ်တကူ ချေဖျက်လိုက်ပါပြီ။

ဘဝတွင် တစ်သက်တစ်ခါသာ ကြုံရသည့် အခွင့်ရေးတစ်ခုပမာ သဘောထား၍ ရဲမိုးက ကေရီ့ခါးလေးကို သိုင်းဖက်ကာ သူ့ရင်ခွင်အတွင်း ဆွဲသွင်းလိုက်၏။

ရေလာ၍မြောင်းပေးပြီးသားဖြစ်သော ကေရီကလည်း ယစ်မူးစွာဖြင့် အလိုက်သင့်ပါလာခဲ့သည်။ ခန္ဓာကိုယ်နှစ်ခုက ပူးကပ်ထိတွေ့သွားပြီး၊ တရှိုက်မက်မက် နမ်းရှိုက်လိုက်သော အနမ်းပန်းတွေကလည်း ခရမ်းပြာအခန်းလေးထဲ အထိန်းကွပ်မဲ့စွာ ပွင့်လန်းသွား၏။

“သိပ်. . သိပ်ချစ်တယ် ကေရီရယ်”

တင်းရင်းသော အသားစိုင်များ၏ အထိတွေ့က. . ရဲမိုးကို သမင်တစ်ကောင်ရေနစ်ရာမှ ရုန်းကန်ထရသလို တလှိုက်လှိုက် မောဟိုက်စေခဲ့သည်။

စောစောကလို ရဲမိုးခန္ဓာကိုယ်တွင် အကောင်းစား အဝတ်စားတွေ မရှိတော့။ တစ်ထပ်ပြီးတစ်ထပ် ဆွဲခွာချလိုက်ပြီ. .၊ ကေရီလည်း ထို့အတူပင်. .။

အိစက်နူးညံ့သော မွေ့ရာကြီးပေါ် နှစ်ယောက်သား ပစ်လဲကျသွားသည်အထိ ဖက်ထားသော လက်တွေကမလွှတ်၊ ပို၍ပို၍. . တင်းကျပ်စွာ ပွေ့ဖက်ထားမိကြသည်။ အတွေ့အကြုံမရှိသော ရဲမိုး၏ အထိတွေ့ကြမ်းကြမ်းတွေက အရိုင်းဆန်းစွာဖြင့်. . .

အချစ်မီးတောက်က. . ‘ဟုန်း’ခနဲ အရှိန်ပြင်းစွာ တောက်လောင်တော့၏။

အပျံသင်စ ငှက်ဖိုတစ်ကောင်၏ အတောင်ပံခတ်မှုက လေထုကို တဟုန်းထိုးထိုးခွင်း၍ အမြင့်ဆုံးကောင်းကင်သို့ ရောက်ခဲ့ပါပြီ။

ခရမ်းပြာညလယ်၏ မေတ္တာကျူးဆစ်သံကား တသိမ့်သိမ့် လွှင့်ပျံ့နေဆဲ. . .။





အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၄)

"ဟဲ့. . ရဲမိုး ထစမ်း ဘယ်အချိန်ရှိပြီလဲ၊ မီးမွှေးတော့လေ"

ကျယ်လောင်သောအသံကြောင့် အိပ်ပျော်ရာမှ လန့်နိုးသွား၏။ အကောင်းဆုံးအခန်းရောက်နေမှ မီးကပျက်သွားရတယ်လို့. . ။

လူးလဲထလိုက်သည်နှင့် ဝါးကြမ်းခင်း၊ ယိုင်ထရံကာ အိမ်ကလေးက ဂျိုးဂျိုးကြွပ်ကြွပ်မြည်သံများ ထွက်ပေါ်လာသည်။

"အာ. . ငါ အိပ်မက်,မက်နေတာပါလား၊ အိပ်မက်ထဲမှာ





ငါနဲ့ မင်းသမီး ဝတ်မှုံဧကရီနဲ့က. . ."

ရဲမိုး ဆက်မတွေးရဲလောက်အောင် အံ့ဩဝမ်းသာသွား၏။ အရုပ်ကဆိုး၊ အသားကမည်း၊ သွားကခေါပြီး တစ်ကျပ်တစ်ပြားပင် မပိုင်သော သူ့လိုငမွဲက အိပ်မက်ထဲမှာ မင်းသားဖြစ်နေသည်။

မင်းသားဖြစ်ရုံသာမက အလှထွဋ်ခေါင် ဧကရီနှင့် နှစ်ပါးသွားခဲ့ရသေး၏။ မည်မျှကောင်းလိုက်သည့် အိပ်မက်ပေနည်း။

"ဟဲ့အကောင်. . မထသေးဘူးလား၊ ငုတ်တုတ်ကြီး ဘာထိုင်လုပ်နေတာလဲ၊ မုန့်ဟင်းခါးဟင်းရည် ချက်ရမယ်လေ၊ ရေနွေးလည်း ကြိုရမယ်၊ မီးမွှေးပါလို့ ပြောနေတာ"

အမေဖြစ်သူက လောနေ၍ အတွေးအိပ်မက်က ပျက်သွားရသည်။ အိပ်မက်ကို အရသာခံ စမြုံ့ပြန်ခွင့်ပင်မရတော့။ ကမန်းကတန်းထကာ လုပ်စရာအလုပ်များကို ဇယ်ဆက်သလို လုပ်ရတော့၏။ မုန့်ဟင်းခါးဆိုင်လေးအတွက် အမေ့ကို ကူညီရပေဦးမည်။

သို့သော် ခန္ဓာကိုယ်ကသာ အလုပ်တွေတရစပ် လုပ်နေရသော်လည်း စိတ်ကတော့ ညမှာကျန်ရစ်နေဆဲ၊ အိပ်မက်ကမ္ဘာမှာ နစ်မွန်းနေဆဲ. . ၊ ဒီအဖြစ်ကိုသာ မင်းသမီး ဝတ်မှုံဧကရီသိသွားရင် သူ့ကိုဖိနပ်နှင့် ဘယ်ပြန်ညာပြန် ပါးလာရိုက်မည်မှာ အသေအချာ။

"အိပ်မက်မက်ခွင့်တောင် တန်လို့လား သူတောင်းစားရဲ့"

ဟုကက်ကက်လန် လာ၍ရန်တွေ့မှာ သေချာသည်။ ဒါပေမယ့် အိပ်မက်ပဲ. . မက်ချင်တာမက်မည်။ မက်ပိုင်ခွင့်လည်းရှိသည်။

"လမ်းဘေးမှာ အိပ်နေရသောသူတောင်းစားတစ်ယောက်လည်း နတ်သမီးနဲ့ အိပ်မက်မက်ခွင့်ရှိတာပဲ"

သို့သော်. . .



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြစ်က ဆန်းကြယ်နေသည်။

ထိုအိပ်မက်သည်. . သူ့ဘာသာ သဘာဝအရ မက်သည့် အိပ်မက်မဟုတ်ပါ။

ထိုသို့ အိပ်မက်,မက်အောင် ပြုလုပ်ခဲ့၍ မက်ခြင်းဖြစ်သည် ဟု ပြောချင်သည်။ ထိုသို့ပြောလျှင် မည်သူယုံနိုင်အံ့နည်း။

မယုံမရှိပါနှင့်. . . ။

လိုရာအိပ်မက်တစ်ခုကို လိုသလိုဖန်တီးနိုင်သော အတတ်ပညာတစ်ခုသည် ဤလောကတွင် လျှို့ဝှက်စွာရှိနေပါသည်။ ရဲမိုးကဲ့သို့ သေးသိမ်နုံချာလွန်းသည့် လူတစ်ယောက်က ထိုပညာကို မတတ်ပါ။ သိလည်း မသိပါ။

သို့သော် ထိုထူးဆန်းအံ့ဖွယ်သော လျှို့ဝှက်ပညာကို တတ်ကျွမ်းသူတစ်ယောက်နှင့် အကြောင်းအားလျော်စွာ ရဲမိုး ဆုံတွေ့ခဲ့သည်။

အခင်ဆုံး သူငယ်ချင်းက ရဲမိုးကိုကြည့်ပြီး အားမလိုအားမရ ပြော၏။

"ဟေ့ကောင်ရာ မင်းအသက်နှစ်ဆယ်ပြည့်တော့မယ်၊ ရည်းစားလေးဘာလေး ထားပါလား၊ ရည်းစားထားရတာ ဘယ်လောက်ရင်ခုန်စရာကောင်းလဲလို့. ." တဲ့. . ။

သူ့စကားကြောင့် ရဲမိုးက သက်ပြင်းရှည်ကြီးကို 'ဟူး'ခနဲ မှုတ်ထုတ်ပြီး ပြန်ပြော၏။

"ထားချင်တာပေါ့ ကျော်စိုးရာ၊ ငါက ရုပ်ကလည်းဆိုး၊ သွားကလည်းခေါ၊ တပြားတစ်ချပ်မှလည်း မရှိတဲ့ကောင်ကို ဘယ်မိန်းကလေးက လာကြိုက်ပါ့မလဲ"





"နေပါအုံး ရဲမိုး၊ မင်းကြိုက်ကြိုက်နေတဲ့ ကောင်မလေးကော မရှိဘူးလား"

"ဟာ. . မရှိပဲနေမလားကွ၊ သိပ်ရှိတာပေါ့၊ တစ်ယောက်တောင် မဟုတ်ဘူး၊ အများကြီး. . အများကြီးကွ"

"ဟား. . ဟား. . ဟား. . ဟား. . ဟား. ."

ရဲမိုးစကားကြောင့် ကျော်စိုးက ခွက်ထိုးခွက်လန်ရယ်၏။

ရယ်လို့ဝတော့မှ စကားဆက်ပြော၏။

"သနားစရာကောင်းလိုက်တဲ့ ငါ့သူငယ်ချင်း၊ ဒါပေမယ့် ဘာမှမပူနဲ့ဟေ့ကောင်၊ ငါ့မှာ ဆရာတစ်ယောက်ရှိတယ်၊ ဂမ္ဘီရဆရာတစ်ယောက်ပေါ့၊ သိပ်လည်းစွမ်းတယ်၊ ငါ့ဆီမှာ ကွမ်းဝယ်စားရင်းနဲ့ သိကြတာ၊ မင်းကိုခေါ်သွားပေးမယ်. . ."

ကျော်စိုးက ကွမ်းယာရောင်း၍ လူစုံသည်။ အပေါင်းအသင်းလည်းများသည်။ ပြီးတော့ ကျော်စိုးက သူ့ဘဝကို နားအလည်ဆုံး၊ စာနာတတ်ဆုံး သူငယ်ချင်းကောင်းတစ်ယောက်လည်း ဖြစ်၏။

ဤသို့ဖြင့် သူငယ်ချင်းကောင်းမှုကြောင့် ရဲမိုးတစ်ယောက် ထိုဂမ္ဘီရဆရာဆိုသူထံ ရောက်သွားခဲ့ရလေသည်။ သွားရတာကလည်း ဘုရားပုထိုးကျောင်းကန် မဟုတ်၊ ရွာသင်္ချိုင်းသို့ ဖြစ်၏။

"ဘယ်နှယ့်လဲကွ. . မင်းဆရာက သင်္ချိုင်းမှာနေတာလား"

ကျွန်ုပ်စကားကြောင့် ကျော်စိုးက ပျာပျာသလဲလဲဖြင့် နှုတ်ခမ်းတွင် လက်ညှိုးတစ်ချောင်းကပ်၍ 'ရှူး'ဟုလုပ်ပြ၏။

ပြီးမှ. . လေသံတိုးတိုးဖြင့် အခုလိုရှင်းပြသည်။

"မင်း ဘာမှမသိဘဲ လျှောက်မပြောနဲ့၊ ဒီဆရာက ကိုးသင်္ချိုင်းအစိုးရနှင့်ဝင်နေတာတဲ့၊ ဒါကြောင့် သင်္ချိုင်းမှာရှိနေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုးသချိုင်း အမိဋ္ဌာန်ဆိုတာ ဘာလဲ"

ရဲမိုး၏ ထုံအအအမေးကြောင့်. . ကျော်စိုးမှာ သူ့ခေါင်းကို 'တဗျစ်ဗျစ်' ကုတ်ရင်း သူနားလည်သလို ရှင်းပြရှာသည်။

"အ,လိုက်တာ ရဲမိုးရာ၊ ကိုးသချိုင်းဆိုတာ သချိုင်းပေါင်း (၉)ခုတိတိမှာ အမိဋ္ဌာန်တွေဝင်ပြီး ကျင့်ကြံအားထုတ်ရတာကို ပြောတာ. ."

"ဟင်!. . . အမိဋ္ဌာန်က ဘုရားမှာမဝင်ဘဲ သချိုင်းမှာဝင်ရတယ်လို့. . အထူးအဆန်းတွေပဲ"

"ကဲ. . တော်ပြီဟေ့ကောင်၊ မင်းဘာမှထပ်မပြောနဲ့၊ မသိရင် ပါးစပ်ပိတ်ပြီးလိုက်. . ဟိုရောက်ရင် ခွတီးခွကျစကားတွေလည်း မပြောနဲ့. . ကြားလား၊ ငါတို့ အခုသချိုင်းကို ရောက်ပြီ၊ ငါ့နောက်က အသာလိုက်ခဲ့. . ."

"အေးပါကွာ"

သချိုင်း၏ အစွန်းတစ်နေရာတွင် ဇရပ်တစ်ဆောင်ရှိလေသည်။ လူကြီးသူမတွေကတော့ ထိုဇရပ်ကို "သရဏဂုံဇရပ်" ဟုခေါ်ကြ၏။ အသုဘချလျှင် အလောင်းကို ထိုဇရပ်တွင်ထား၍ ဘုန်းကြီးရဟန်းများက သရဏဂုံတင်ကြ၍ ထိုသို့ခေါ်ခြင်းဖြစ်သည်။

သို့သော် အများစုကတော့ ထိုဇရပ်ကို 'သာလာယံဇရပ်' ဟုသာခေါ်ကြသည်။ သာလာယံဇရပ်ဟူသည် မည်သူမဆို အချိန်မရွေး ဝင်ထွက်သွားလာနိုင်၍ ထိုသို့ခေါ်ဝေါ်ခြင်းဖြစ်ပေသည်။

ဆရာကြီးဆိုသူကို သာလာယံဇရပ်ပေါ်တွင် အသင့်တွေ့ရ၏။ အသက်ငါးဆယ်ကျော်ခန့် ရှိမည်ဖြစ်ပြီး ညစ်ထေးစုတ်ပြတ်နေသော ယောဂီဝတ်စုံကို ဝတ်ထား၏။





ဆရာကြီး၏ ဆံပင်များမှာလည်း ဖွာလန်ကြဲ၍ နဖူးတွင် အနက်ရောင်ပိတ်စတစ်ခု စည်းထားသည်ကိုတွေ့ရသည်။ ၎င်းအနီးတွင် သံပန်းကန်ပြားတစ်ချပ် တွေ့ရပြီး. . စာကြွင်းစားကျန်များကလည်း ပွစာကြဲနေ၏။

"သူ့ခေါင်းမှာစည်းထားတာ ဘာလဲမင်းသိလား"

ကျော်စိုးက ရဲမိုးကိုလေသံတိုးတိုးဖြင့် မေးတော့. . ရဲမိုးကလည်း တိုးတိတိပြန်ဖြေ၏။

"ဘယ်သိမတုန်း ကျော်စိုးရာ"

"အဲဒါ ထဘီအထက်ဆင်ကွ၊ ရိုးရိုးထဘီတောင် မဟုတ်ဘူး မီးနေသည် ထဘီအထက်ဆင်"

"ဟော!. . အဟုတ်ပဲလားကွာ၊ မင်းကဘယ်လိုလုပ် သိတာတုန်း၊ ပြီးတော့ အဲဒါက ဘာစွမ်းလို့လဲ"

"ဘယ်လိုသိလည်းဆိုတာကတော့ သူကိုယ်တိုင်ပြောပြလို့ သိတာပဲ၊ ဘာစွမ်းလဲတော့ ငါမသိဘူး. . ငါလည်းမမေးမိဘူး"

ကျော်စိုးစကားကြောင့်. . ရဲမိုးရင်ထဲ တမျိုးကြီး ဖြစ်သွားရသည်။ ဆရာရဲ့ ဥပမိရုပ်က မရှိ၊ နေတော့ သချိုင်း သာလာယံဇရပ်၊ လုပ်ထားတာတွေကလည်း မသတီစရာတွေဖြစ်နေသည်။

"ဟေ့ကောင် ကျော်စိုး၊ မင်းဟာက အောက်လမ်းဆရာကြီးများလား. . ."

"အောက်လမ်းတွေ အထက်လမ်းတွေ မင်းအတွက်အရေးမကြီးဘူး၊ မင်းအတွက်အလုပ်ဖြစ်ဖို့က အရေးကြီးတယ်၊ မင်းအသိဘာနေ. . . ငါပြောတာတွေကြည့်ပြီး မီးစင်ကြည့်က"

လောလောဆယ် ကျော်စိုးက ရဲမိုး၏ဆရာ ဖြစ်နေသည်။

www.burmeseclassic.com



ထို့ကြောင့် ထပ်မံမပြောတော့ဘဲ နှစ်ယောက်သား ဇရပ်ပေါ်တက်၍ ဆရာကြီးရှေ့တွင် ကျုံ့ကျုံ့လေးထိုင်လိုက်ကြသည်။

"သြော်. . ကျော်စိုးပါလာဟော့၊ ဧည့်သည်လည်းပါသကိုး"

ဆရာကြီးက အာလုပ်သံကြီးဖြင့် နှုတ်ဆက်၏။

"ဟုတ်ကဲ့ ဆရာကြီး၊ ဟောဒီမှာ ဆရာကြီးအတွက် ကွမ်းယာထုပ်လာခဲ့တယ်"

"အေး. . ကောင်းသကွာ"

လူရည်လည်သော ကျော်စိုးက ကွမ်းယာနှစ်ထုပ်ကို ဆရာကြီးရှေ့ ချပေးလိုက်သည်။ ဆရာကြီး သဘောကျသွားပုံရ၏. . ချက်ချင်းပင် ကွမ်းယာတစ်ထုပ်ကိုဖွင့်၍ ကွမ်းတစ်ယာကို ပါးစောင်ထဲ သွတ်သွင်းလိုက်သည်။

"အင်း. . ဒါက မင်းသူငယ်ချင်းလား"

ဆရာကြီးက ရဲမိုးကို မေးဆတ်ပြရင်းမေး၏။

"ဟုတ်ပါတယ်ဆရာ၊ ရဲမိုးတဲ့. . ၊ အခင်ဆုံးသူငယ်ချင်းတွေပါ. ."

"သြော်. . အင်း. . . လူငယ်ဆိုတော့ နှလုံးသားရေးကိစ္စနဲ့ ရောက်လာကြတာပေါ့၊ ဆရာသိပါတယ်. . ၊ ပြောရရင် မင်းတို့နှစ်ယောက် ဒီသင်္ချိုင်းမြေကို စနင်းကတည်းက ဘယ်လိုအကြောင်းဆိုတာ သိနှင့်ပြီးသားပါ၊ ရဲမိုး. . ငါ့တူက မိန်းမလိုချင်နေပြီထင်တယ်"

"ဗျာ!. . အဲ. . ."

ဆရာကြီး၏ တဲ့တိုးအမေးကြောင့် ရဲမိုးခမျာ ဘာပြန်ဖြေရမှန်းပင်မသိ။ အကင်းပါးသော ကျော်စိုးကပင် စကားချောအောင် လမ်းကြောင်းခင်းပေးသည်။





"ဒီလိုပါဆရာ၊ ဒီကောင်က ရိုးလည်းရိုး၊ အလွန်လည်းအတဲ့ကောင်ပါဆရာ၊ မရှက်မကြောက်ပြောရရင် ဒီကောင်က ရည်းစားလိုချင်နေတာပါ၊ သူ့ကိုလည်း ဘယ်ကောင်မလေးကမှ မကြိုက်တော့ အခက်တွေ့နေလို့ပါ"

"ဟုတ်ပါတယ်ဆရာ၊ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်က ရုပ်ကလည်းဆိုး၊ ပညာကလည်းမတတ်၊ ငွေကြေးကလည်းချို့တဲ့သူပါ. ."

ရဲမိုးက မျက်နှာငယ်ငယ်လေးဖြင့် တရိုတသေပြောတော့ ဆရာကြီးက သဘောကျစွာဖြင့် 'တဟားဟား' ရယ်တော့၏။

ထိုနောက် အခုလို ရှင်းပြလေသည်။

"မောင်ရင် ဘာအားငယ်စရာရှိလဲ၊ ဘာမှမရှိပေမဲ့ ဂမ္ဘီရအစွမ်း၊ ဂမ္ဘီရပညာဆိုတာ ရှိနေတာပဲ၊ ရှေးခေတ်က သူတောင်းစားမာဒင်တောင် ဘုရင့်သမီးကို ရနိုင်တာပဲ၊ ဘာမှမပူနဲ့. . ဆရာကြီးမှာ ပညာစုံရှိတယ်၊ ငါ့တပည့်ကို ချီးမြှင့်မယ်"

ဆရာကြီးက အားပေးစကားပြောသော်ငြား ရဲမိုး မပျော်ပါ။ အကြောင်းမူ ဆရာကြီး၏ အစွမ်းဖြင့် မိန်းကလေးတစ်ယောက်နှင့် ချစ်ကြိုက်သွားသော်ငြား နောက်ပိုင်းပြဿနာတွေကို သူ မဖြေရှင်းနိုင်ပေ။ သမီးရည်းစားဘဝ သွားလာလည်ပတ်ကြရမည်။ သူစားချင်တာ ဝယ်ကျွေး၍ သူလိုချင်တာ ဝယ်ပေးရမည်။ အချိန်လည်းပေးရမည်။

ထိုနောက်ဆက်တွဲ ပြဿနာတွေကို ရဲမိုး ရင်မဆိုင်နိုင်။

ထို အတွေးများကို တွေးမိသော ရဲမိုးက ပင့်သက်တစ်ချက်ရှိုက်လိုက်ပြီး ကြေကွဲသောလေသံဖြင့်ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးတစ်ယောက်က ချစ်ကြိုက်တာကို. . မလိုချင်တော့ပါဘူး ဆရာကြီးရယ်"

"ဟော်!. . "

"ဟာ!. . ဟော့ကောင်အရူး၊ ဘာတွေလျှောက်ပြောနေတာလဲ. . ခက်တာပဲ၊ မင်းပဲ ဒီကိစ္စကို အဆင်ပြေစေချင်တယ်ဆို"

ရဲမိုးစကားကြောင့် ဆရာကြီးဆိုသူ အံ့ဩသွားသလို. . . ကျော်စိုးလည်း သူ့ကိုစိတ်ဆိုးစွာဖြင့်ဆို၏။

သို့သော် အခြေအနေအကြောင်းအရပ်ရပ်ကို ချိုင့်မိသွားပုံရသော ဆရာကြီးက ကျော်စိုးကို လက်ကာပြလိုက်ပြီး ခေါင်းတဆတ်ဆတ်ညိတ်နေ၏။ တော်တော်နှင့် စကားသံက ထွက်မလာ. . .

အတော်ကြာမှ ဆရာကြီးဆီက စကားသံ ထွက်ပေါ်လာခဲ့သည်။

"သိပြီ. . ဆရာသိပြီ၊ ငါ့တပည့်ပြောချင်တာကို ဆရာသိပြီ၊ ဆရာအပြစ်မဆိုပါဘူး၊ ဒါအမှန်ပဲလေ. . ပီယဆေးဆိုတာ ဆရာပေးလိုက်လို့ရတယ်၊ ဒီဆေးအစွမ်းနဲ့ သူလိုချင်တဲ့ ကောင်မလေးကို ရမှာဧကန်ပဲ၊ သို့ပေမယ့် ရှေ့ဆက်ပြဿနာတွေကတော့ ဒီပီယဆေးနဲ့ မဆိုင်တော့ဘူး၊ ကိုယ်ဘာသာ ဖြေရှင်းရမယ့်ကိစ္စပဲ"

ဆရာကြီးက ကွမ်းတံတွေးထွေးလိုက်ပြီးနောက်. . နောက်ထပ်ကွမ်းတစ်ယာကို ဝါးလိုက်ပြန်သည်။ ထို့နောက်တွင်မှ ဆက်ပြော၏။

"ဒီတော့ ငါ့တပည့်အတွက် အသင့်တော်ဆုံး အစီရင်တစ်ခုကို ဆရာလုပ်ပေးမယ်၊ တကယ်တော့ ဒါကလျှို့ဝှက်ရှားပါးတဲ့ပညာပဲ၊ ဆရာအယောက်တစ်ရာမှာ တစ်ယောက်တောင်မတတ်ဘူး. . ၊





ဒီလျှို့ဝှက်ပညာနဲ့ လုပ်ပေးမယ်. . ၊ ငါ့တပည့် စိတ်ကျေနပ်သွားစေရမယ့် အစီရင်ပေါ့ကွာ"

ဆရာကြီးစကားကြောင့် ရဲမိုးအားတက်သွား၏။ သူ့အတွက် မျှော်လင့်ချက်ရှိသေးသည်ဟူသော အတွေးကြောင့် ချက်ချင်းပင် ခေါင်းထောင်လာသည်။

"ဒီလိုကွဲ့. . ဒီနည်းက အလွယ်တော့မဟုတ်ဘူး၊ မင်းတို့ဘက်က ကြိုးစားရမယ့်အပိုင်းတွေလည်းရှိတယ်၊ ဆရာလိုအပ်တာပြောမယ်၊ လုပ်နိုင်မလုပ်နိုင် မင်းတို့စဉ်းစားဆုံးဖြတ်ပေါ့"

"ပြောပါဆရာ. . ကျွန်တော်ကြိုးစားလုပ်ဆောင်ပါ့မယ်"

"အိမ်း. . ဟုတ်ပြီ၊ ဒီလိုကွ. . ပထမဆုံး ရှာရမှာက ကြက်ဖိုနဲ့ကြက်မ သံဝါသပြုတုန်းမှာ နှစ်ကောင်စလုံးကို ခေါင်းဖြတ်သတ်၊ ရတဲ့သွေးနှစ်မျိုးကို ပုလင်းထဲထည့်ထား. . ၊ ဒုတိယရှာရမှာက လွယ်ပါတယ်၊ ဝက်မြီးမြေလုံး. . တဲ့"

"ဗျာ!. . ဝက်မြီးမြေလုံး ဘာလဲဆရာ"

"အိုကွယ်. . ဝက်တစ်ကောင်ရဲ့ အမြီးမှာကပ်နေတဲ့ မြေလုံးမြေခဲတွေကို ခွာယူရမှာ၊ ဝက်ထီးဆီက တစ်ကျပ်သား၊ ဝက်မဆီက တစ်ကျပ်သား၊ အကောင်အရေအတွက် မကန့်သတ်ထားဘူး. . အလေးချိန်ပြည့်ဖို့က အဓိက၊

တတိယရှာရမှာက မြင်းထီးနဲ့မြင်းမ သံဝါသပြုနေတုန်း အမြီးက အမွေးခုနှစ်ချောင်းစီ ဖြတ်ရမယ်၊ ပေါင်း တစ်ဆယ့်လေးချောင်းပေါ့. . . ၊

မပြီးသေးဘူး၊ စတုတ္ထရှာရမှာက ယင်ပူးနှစ်ကောင်၊ ခြရုပ်ပူးနှစ်ကောင်၊ အဲဒီအကောင်တွေကို အသေရိုက်ယူပြီး အခြောက်ခံ၊



www.burmeseclassic.com

www.burmeseclassic.com



အမှုန့်ဖြစ်အောင်လုပ်ထား. . .”

“ဟုတ်ကဲ့”

“ပြီးရင်. . သင်္ချိုင်းမြေ တစ်ကျပ်သား၊ လမ်းလေးခွမြေ တစ်ကျပ်သား၊ ရေဆိပ်က မြေတစ်ကျပ်သား ကိုရောပြီး ဂဝံရုပ်ထုရမယ်၊ ဂဝံရုပ်ဆိုတာ မိန်းမတစ်ယောက် ဆံပင်ဖားလျားချထားပြီး ဆောင့်ကြောင့်ထိုင်နေတဲ့ရုပ်တု၊ မျက်နှာပြောင် ဖြစ်ရမယ်၊ အဲဒီမိန်းမရုပ်တုပြီးရင် ကျောမှာ တစ်ကနေ ခုနှစ်အထိ နံပါတ်တွေကို တစ်ခုခုနဲ့ရေး၊ ပြီးတော့ ဒီဂဝံရုပ်ကို မြင်းအမြီးနဲ့ပတ်၊ ကြက်သွေးတွေထည့်ထားတဲ့ ပုလင်းထဲကို စောစောက အမှုန့်ဖြစ်အောင် လုပ်ထားတဲ့ ယင်မှုန့်၊ ခရုအမှုန့်တွေထည့်ပြီးမှ ဒီဂဝံရုပ်ကို အဲဒီသွေးထဲ စိမ်ထားရမယ်”

ဆရာကြီး၏ အစီရင်က လွယ်လင့်တကူကိစ္စတော့ မဟုတ်ပါ။ သို့သော် မဖြစ်ဖြစ်အောင် ကြိုးစားလုပ်ဆောင်မည်ဟု ရဲမိုး ဆုံးဖြတ်ထား၏။ ဆရာကြီးက ဆက်ရှင်းပြသည်။

“ဂဝံရုပ်ကို သွေးထဲစိမ်ပြီး ခုနှစ်ရက်ပြည့်ရင် ခနပူထဲမှာ အရုပ်ကို တစ်နေ့လှန်းထားလိုက်၊ ခြောက်ပြီဆိုရင် သင်္ချိုင်းကုန်းမှာ ညနေနေဝင်ရီတရောအချိန် လာပြီး ဂါထာမန္တန်(၃၇)အုပ်နဲ့ အရုပ်ကိုမန်းပြီးသွားရင် ပြီးပြီ. .”

“အသုံးပြုပုံလည်း အမိန့်ရှိပါဆရာကြီး”

“အင်း. . ပြောပါ့မယ်ကွယ်၊ ညအိပ်ရာဝင်ရင် ကိုယ်ကြိုက်တဲ့ကောင်မလေးကို မျက်လုံးထဲမှာ စူးစူးရှရှ ပီပီသသပေါ်အောင် အာရုံပြု၊ ပြီးရင်. . သူ့နာမည်နဲ့ နေ့နံကို စာရွက်မှာရေးပြီး ဒီအရုပ်နဲ့ ဖိထားလိုက်. .၊ ဒါဆို အိပ်မက်ထဲမှာ ဒီကောင်မလေးနဲ့မင်းနဲ့ အရမ်းချစ်ကြိုက်တဲ့ဇာတ်လမ်းနဲ့ အိပ်မက်မက်လိမ့်မယ်. . .”





“ဟာ. . ကောင်းတယ် ဆရာကြီး၊ ဒါ သူ့အတွက် အမှန်ပဲ”

ကျော်စိုးကလည်း ဝင်ထောက်ခံ၏။ ရဲမိုးကတော့ ဆရာကြီး ပြောသမျှ မေ့မသွားစေရန် သေချာစွာမှတ်သားနေလေသည်။

“အခုဒီနည်းက အိပ်မက်ထဲမှာ လက်ကိုင်ရုံမဟုတ်ဘူးဟ၊ အတူပေါင်းဖက်ရမှာ၊ ပေါင်းဖက်တယ်ဆိုတာ သံဝါသပြုတဲ့အိပ်မက်ကိုမက်မှာ သိပြီလား၊ ဘယ်လောက်စိတ်ကျေနပ်ခွင့်ရမလဲ မင်းတို့တွေးကြည့်ပေါ့။ ကိုယ်လိုချင်တဲ့ ကောင်မလေးနာမည်နဲ့ နေ့နံကိုသာ ရေးပြီး အရုပ်နဲ့ဖိထားလိုက်၊ ဒီညမှာပဲ ဒီကောင်မလေးနဲ့မင်းနဲ့ အိပ်မက်ထဲမှာ ဟိုဒင်းအတူဖြစ်ပြီမှတ်. . .၊

တကယ်အပြင်မှာတော့ ဒီကောင်မလေးက မင်းကို ချစ်လာကြိုက်လာမှာလည်း မဟုတ်ဘူး၊ မင်းကိုမှတ်မိမှာလည်း မဟုတ်ဘူး၊ မင်းကသာ အိပ်မက်ထဲမှာ သာယာခွင့်ရမှာ၊ မင်းမြင်ဖူးတဲ့ ရုပ်ရှင်မင်းသမီးတွေ၊ အချောအလှပလေးတွေ အများကြီးဘဲ မဟုတ်လား. .”

သူ့အတွက် အသင့်လျော်ဆုံး အစီရင်တစ်ခုဟု ရဲမိုး သတ်မှတ်လိုက်သည်။ ကျေနပ်မှုများစွာဖြစ်ခဲ့၏။ ဆရာကြီးကို ပြားပြားဝပ်မျှ ရှိခိုးဦးချပြီးနောက် သူငယ်ချင်းနှစ်ယောက် ပြန်ခဲ့ကြသည်။

“ဘယ်လိုလဲ ရဲမိုး”

“မင်းကိုကျေးဇူးတင်တယ် ကျော်စိုး၊ ငါ့အတွက်အဆင်ပြေဆုံး အစီရင်ပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် စိတ်ကျေနပ်ဖို့က အဓိကပဲမဟုတ်လား၊ ဒီနေ့ကစပြီး လိုတဲ့ပစ္စည်းတွေကို ငါစုတော့မယ် သူငယ်ချင်း”





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

တစ်လ ဟူသောအချိန်က လျှင်မြန်စွာ ကုန်ဆုံးသွားခဲ့လေပြီ။ ထိုတစ်လအတွင်း ရဲမိုး၏ ကျားကုတ်ကျားခဲ ကြိုးပမ်းအားထုတ်မှုကြောင့် ဂဝံရုပ်တစ်ခုကို စီရင်ခြင်းကိစ္စအဝဝ ပြီးစီး၍ ရရှိပိုင်ဆိုင်ခဲ့လေပြီ။ အချစ်ကံခေသော သူ့အတွက် စိတ်ကျေနပ်မှုသည်သာ အရေးကြီးဆုံးဆိုတာကိုလည်း ရဲမိုး သဘောပေါက်ခဲ့ပါပြီ။

"ရည်းစားထားတာကမှ တစ်ယောက်ပဲရအုံးမှာ၊ အခုတော့ ငါကြိုက်သလောက် အချောအလှတွေနဲ့ တစ်ညတစ်ယောက် အတူအိပ်ခွင့်ရမှာ ဘယ်လောက်ရင်ခုန်စရာ ကောင်းလိုက်ပါသိ"



တစ်ကိုယ်တည်း ကြိတ်တွေးရင်း အကျေနပ်ကြီးကျေနပ်ခဲ့သည်။ ကြည့်ဖူးမြင်ဖူးသော မိန်မလှလေးများကို ဦးစွာစဉ်းစားသည်။ မတန်တရာဟု ပြောနိုင်ကြသော်လည်း ရဲမိုး ရွေးချယ်ထားသည်က ဖူးဖူးရွရွ လှလှပပ ကြော်ငြာမင်းသမီးများ၊ စူပါမော်ဒယ်လ်များ၊ ရုပ်ရှင်ဗီဒီယိုမင်းသမီးများပင်ဖြစ်ပါသည်။

သို့သော် အားနည်းချက်တစ်ခုတော့ရှိ၏။ သူပစ်လိုက်သောမြားက ပစ်မှတ်တိုင်းကို မထိနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် မွေးနေ့မွေးနံအမှန်ဖြစ်မှ သက်ရောက်မှုရှိမည်ဖြစ်၏။ အနုပညာရှင်အများစု၏အမည်က နေ့နံနှင့်မကိုက် ဘာနေ့သမီးဆိုတာ တထစ်ချမပြောနိုင်။ ထို့ကြောင့် ပစ်မှတ်တိုင်းမထိဟု ဆိုခြင်းဖြစ်သည်။

မဂ္ဂဇင်းတစ်ခု၏ အနုပညာရှင်များနှင့် အင်တာဗျူးကဏ္ဍတွင် မင်းသမီး "ဝတ်မှုံကေရီ" ကိုတွေ့လိုက်သည်။ မြင်မြင်ချင်း. . ရင်ခုန်စေသော အလှပိုင်ရှင် ကေရီ။ ရဲမိုး အကျကြီးကျကာ ပစ်မှတ်ထားလိုက်၏။

ကေရီနှင့် အင်တာဗျူးထားသည့် အချက်များတွင် ကေရီ၏မွေးနေ့အမှန်ကို သိလိုက်ရပြီ။ ကေရီက ဗုဒ္ဓဟူးသမီး ဖြစ်နေ၏။ ဆွဲဆောင်မှုအပြည့်ရှိသည်။ ကေရီ၏ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်က ရဲမိုးကို အသက်ရှူမှားစေကာ သွေးတပွက်ပွက် ဆူစေခဲ့သည်။

ထို့ကြောင့် မဂ္ဂဇင်းမှ ဝတ်မှုံကေရီ၏ ဓါတ်ပုံကို ကပ်ကြေးဖြင့်ဖြတ်ယူ၍. . ထိုညတွင်ပင် ဆရာကြီး၏ ဂဝံရုပ်ပီယအစီရင်ကို စတင်စမ်းသပ်ပါတော့သည်။ ဆရာကြီး ပြောတာတွေထက် ပိုပြည့်စုံစေရန်အတွက် ဝတ်မှုံကေရီ၏ ဓါတ်ပုံကိုပါ သုံးခဲ့သည်။ ဓါတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် နာမည်၊ နေ့နံစသည်တို့ကို ပြည့်စုံစွာရေးပြီးနောက် ဂဝံရုပ်ဖြင့်ဖိကာ အိပ်ရာဝင်ခဲ့လေတော့၏။

အောက်ခြေတန်းစား ရဲမိုးလို စုတ်ပြတ်နေသူက မင်းသမီးဇေကရီနှင့် အိပ်မက်ထဲတွင် ဆုံဆည်းနိုင်ပါမည်လော။ နှစ်ကိုယ်စိတ်တူကြည်ဖြူစွာဖြင့် အတူပေါင်းသင်းဆက်ဆံခွင့် ရနိုင်မည်လော ဆိုတာကတော့ ဒီညတွင်ပင် အဖြေပေါ်ပါတော့သည်။

အမှန်တကယ်တွင်လည်း ရင်ခုန်သော အိပ်စက်ခြင်းဖြင့် အိပ်စက်ခဲ့သော ရဲမိုးသည် ရင်ခုန်လှိုက်ဆူသော အိပ်မက်ဆန်းကို မြင်မက်ခွင့်ရခဲ့ပါသည်။ ဆရာကြီး၏ အစွမ်းထက်သော အစီရင်ကို ရဲမိုးတစ်ယောက် ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ခံစားခွင့်ရခဲ့ပါပြီ။

သူစွဲလန်းသော ဇေကရီသည် အိပ်မက်ထဲတွင် သူ့ထံ အမှန်တကယ် ရောက်ရှိလာခဲ့ပါသည်။ နှစ်ကိုယ်တူ ပျော်မြူးခဲ့ကြပါသည်။ ရဲမိုး၏ စိတ်ကျေနပ်မှုတို့ကို အပြင်လောကမှ ဇေကရီကတော့ စိုးစဉ်းမျှသိမည်မဟုတ်. . ။

တစ်ချိန်က မိမိဘဝကို ငြီးငွေ့စိတ်ကုန်နေသော ရဲမိုးတစ်ယောက် ယခုတော့ စိတ်ဓါတ်တွေ ပြန်လည်ရှင်သန် စိုပြေလာခဲ့ပါပြီ။ တမှိုင်မှိုင်တတွေတွေဖြင့် မှုန်ကုပ်ကုပ်နေတတ်သော ရဲမိုးက အခုတော့ အိပ်အလုပ်တွေကို တက်တက်ကြွကြွ လုပ်နေ၍ အမေဖြစ်သူပင် အံ့ဩသွား၏။

"အံမယ် ဒီနေ့နင် ဘာတွေအူမြူးနေတာလဲ၊ အခုမှ အိမ်အလုပ်တွေစိတ်ဝင်စားလို့၊ အရင်ကတည်းက ဒီလိုဖြစ်နေရင်. . ဘယ်လောက်ကောင်းမလဲ" ဟု သူ့အမေကပြော၍ ရဲမိုးမှာ "တဟဲဟဲ" ရယ်နေမိတော့၏။





"သား. . ရဲမိုး၊ ထမင်းဆာရင်စားနှင့်၊ အမေ အင်္ကျီချုပ်ထားတာလေး အဆင်ပြေမပြေ သွားကြည့်လိုက်အုံးမယ်"

အမေကမှာကြား၍ တဘက်တစ်ထည် ခေါင်းပေါ်တင်ကာ ထွက်သွားတော့သည်။

ထိုစဉ်မှာပင် အထုပ်တစ်ထုပ်ဆွဲ၍ ဝင်လာသော တစ်လမ်းကျော်မှ 'သီတာ'ဆိုတဲ့ ကောင်မလေးတစ်ယောက်ကို ရဲမိုး တွေ့လိုက်ရ၏။

တကယ်တော့ သီတာက ရဲမိုးနှင့် သက်တူရွယ်တူ ဖြစ်သော်လည်း ဘဝချင်းကမတူ။ သီတာက ပထမနှစ်(စီးပွားရေး) စတက်နေသော တက္ကသိုလ်ကျောင်းသူဖြစ်နေပြီး ငယ်စဉ်က အတူဆော့ကစားလာခဲ့သော်ငြား အခုအပျိုမလေး သီတာကတော့ ရဲမိုးကို ဖုတ်လေတဲ့ငပိ ရှိတယ်လို့တောင် မအောင့်မေ့တော့ပါ။

သနပ်ခါးပါးကွက်ကြားနှင့် ချည်ကြမ်းအင်္ကျီအဟောင်း၊ မာစရှိတ်ထမိန်အဟောင်း ဝတ်ထားပေမယ့် သီတာ့၌ မက်မောစရာအလှတွေကို ရဲမိုး မြင်နေမိသည်။ ဖွံ့ဖြိုးမှုအရှိန်ကောင်းသော အရွယ်မိန်းမတစ်ယောက်အလှစစ်တွေက အဝတ်ဟောင်းများအောက်မှာ ရှန်းကြွလှစ်ဟနေသည်မှာလည်း ရဲမိုးအတွက် အာခေါင်ခြောက်စရာပင်. . .

"ဟဲ့. . ရဲမိုး ဒီမှာ နင့်အမေမှာထားလို့ နံနံပင်လာပို့တာ"

သီတာက လက်ထဲမှ နံနံပင်အထုပ်ကို လှမ်းပေးသော်လည်း ရဲမိုး မယူမိ။ သူမ၏ ကော့ရွှမ်းသောမျက်တောင်အောက်မှ မျက်လုံးဝိုင်းစက်စက်လေးတွေက သူ့အတွက် နှစ်သက်မြတ်နိုးဖွယ် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့!. . နင်ဘာကြည့်နေတာလဲ ယူလေ"

"သီတာ. . နင်. . နင်ကအရမ်းလှတာပဲ၊ နင့်ကိုအရမ်းချစ်တယ်သီတာ"

"ဘာ!!. . "

သီတာ့မျက်နှာက ရုတ်ခြည်းပြောင်းလဲသွားသည်။ နှင်းဆီပန်းတို့အစား နှင်ဆီဆူးတို့က ငေါ်ခနဲ ထွက်လာသကဲ့သို့ပင်။

"ဟဲ့!. . ရဲမိုး နင်ဘာစကားပြောတာလဲ"

"နင့်ကိုအရမ်းချစ်တယ်လို့ပြောတာ သီတာ"

ရဲမိုးတစ်ယောက် ဘယ်ကဘယ်လို သတ္တိတွေဝင်လာသည်မသိ။ အရှုံးမရှိ သရေဟု သဘောထား၍ ပြောမိခြင်းလားဆိုတာ သူကိုယ်တိုင်မတွေးတတ်။ သီတာ၏ တုန့်ပြန်မှုကတော့ အခြေအနေမကောင်းပါ။

သီတာက လက်ထဲမှာကိုင်ထားသော နံနံပင်ထုပ်ဖြင့် တအားလွှဲပေါက်လိုက်လေတော့သည်။ နံနံပင် မဟုတ်ဘဲ အုတ်နီခဲဆိုလျှင် ရဲမိုး အခြေအနေဆိုးသွားနိုင်၏။

"ဟာ. . နင့်ကိုဒါလေးပြောတာနဲ့ ဘာလို့ဒီလိုလုပ်ရတာလဲ"

"ဒီမယ်. . ရဲမိုး နင့်အမေမျက်နှာကို ထောက်လို့ ငါဒီတစ်ကြိမ် ခွင့်လွှတ်ပေးလိုက်မယ်၊ ဒါပေမယ့် ဒါနောက်ဆုံးအကြိမ်ဖြစ်ပါစေ၊ နင်သိထားဖို့က. . နင့်ကို ငါ့ခေါင်းထဲမှာ ဖုန်မှုန့်လေးတစ်စက်လောက်တောင်မရှိဘူး ဆိုတာပဲ၊ လူဆိုတာ တန်ရာတန်ရာမှန်းရတယ်၊ လူက လူလိုပဲတွေး၊ တိရစ္ဆာန်လိုမတွေးနဲ့. . ကြားလား ရဲမိုး"

ကက်ကက်လန်အောင် ရန်တွေ့ပြီး ခြေဆောင့်ကာထွက်သွားသော သီတာ့ကိုကြည့်ရင်း ရဲမိုးတစ်ယောက် ခြေပစ်လက်ပစ်





ထိုင်ချလိုက်သည်။ သူမှားသွားတာပါ။ ကိုယ့်အခြေအနေကိုယ်သိလျက်နဲ့ ပါးစပ်က ဘာလို့ပြောမိသွားပါလိမ့်ဆိုပြီး အပြစ်တင်နေမိ၏။

သူ့ဘဝက စိတ်နဲ့ကျေနပ်ဖြေသိမ့်ရုံသာ အကောင်းဆုံးဆိုတာ သိလိုက်သည်။

"နေနှင့်အုံးပေါ့ သီတာ၊ နင်ပြောသလို မတူမတန်တဲ့ ငါနဲ့နင်နဲ့ ညကျရင် ဘာတွေဖြစ်မလဲဆိုတာ စောင့်ကြည့်လိုက်၊ ဟင်း. . တွေ့ကြသေးတာပေါ့ သောကြာသမီး သီတာရယ်"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၆)

“ကျွီ. . .”

ဆီးခြောက်နေသော တံခါးပတ္တာက စိတ်ပျက်ဖွယ်အသံထွက်ပေါ်လာ၏။ ထိုအသံကြောင့် သီတာတစ်ယောက် နိုးသွားလေမလားဟု ရင်တထိတ်ထိတ် ကြည့်လိုက်တော့ မနိုးသေး။ ထိုကြောင့် ရဲမိုး တံခါးကိုအသာဖွင့်၍ ခြေဖော့ကာ အခန်းထဲဝင်လာခဲ့၏။

ကျောပေး၍ တစောင်းအိပ်နေသော သီတာ၏ နောက်ပိုင်းအလှကို ရဲမိုး ခံစားကြည့်နေမိသည်။ တစ်စုံတစ်ခုသော ဆန္ဒသည်





တစ်ကိုယ်လုံးရှိ သွေးကြောများကို ‘တပွက်ပွက်’ဆူပွက်လာစေသည်။

ရဲမိုး လည်ချောင်းထဲမှာ ခြောက်ကပ်သွားရသည်။ ဆန္ဒ၏လှုံ့ဆော်မှုအရ ရဲမိုး ခုတင်ပေါ် အသာဝင်ထိုင်၍ သီတာ့ခါးလေးကို သိုင်းဖက်လိုက်၏။ သီတာက ရဲမိုး ဘက်သို့လှည့်လာသည်။ သို့တိုင်အောင် မျက်လုံးကမပွင့်သေး. . .

အိပ်မွေ့ချထံထားရသလိုဖြစ်နေသော သီတာ၌ အသိစိတ်ကင်းမဲ့နေ၏။ ဒီလိုနဲ့ ကာရန်မဲ့ ကဗျာတစ်ပုဒ်ကို ညသည် မလှပစွာဖြင့် အဆုံးသတ်သွားခဲ့လေပြီ. .။

“တုံ. . တုံ. . တုံ. . တုံ. . .”

ရွာဦးကျောင်းမှ အုန်းမောင်းခေါက်သံနှင့်အတူ ရဲမိုးတစ်ယောက် အိပ်ပျော်နေရာမှ နိုးထလာသည်။ နိုးနိုးခြင်း သူ့တကိုယ်လုံးချွေးများစိုရွှဲနေပြီး ရေဆာနေမှန်းသိလိုက်သည်။

မနက်(၄)နာရီသည်. . မှောင်နှင့်မည်းမည်း ရှိနေပါသေးသည်။ နောက်ထပ်(၁)နာရီခွဲလောက် အိပ်ချိန်ကျန်သေးသည်။

ရေအိုးစင်မှ ရေတစ်ခွက်ခပ်သောက်ပြီးတော့ ဖျာကြမ်းပေါ်မှာ ရဲမိုး ပြန်လှဲချလိုက်သည်။ လောလောလတ်လတ် မက်ခဲ့သောအိပ်မက်ကြောင့် သူပြုံးလိုက်မိသည်။ သူ့အပေါ် မတူမတန် ဆက်ဆံခဲ့သည် သီတာနှင့် အိပ်မက်ထဲတွင် ပေါင်းသင်းဆက်ဆံခဲ့ရသည်။ သီတာသာသိလျှင် ဆွေ့ဆွေ့ခုန်ပြီး သတ်သေသွားနိုင်၏။

“ကျေးဇူးကြီးပါပေ့ ဂဝံရုပ်ရယ်”

ဤအိပ်မက်သည်လည်း ဂဝံရုပ်အစွမ်းကြောင့် မက်ခဲ့ခြင်းမှန်း ရဲမိုး ကောင်းစွာယုံကြည်မိသည်။ သို့သော်. . တွေးစရာတစ်ခုတော့ရှိ၏။ မင်းသမီး ဝတ်မှုံကေရီနှင့် မက်ခဲ့သောအိပ်မက်တွင်မူ



www.burmeseclassic.com

www.burmeseclassic.com



ဇေကရီက သူ့ကိုဖြားယောင်းသွေးဆောင်ရင်းဖြစ်ခဲ့သည်။ ယခု သီတာ့အိပ်မက်တွင်မူ သီတာက ဘာမှမသိသလို ဖြစ်နေသည်။

အဘယ်ကြောင့်ပါနည်း။

အိပ်မက်ထဲမှာ ပေါင်းသင်းဆက်ဆံ သံဝါသပြုနိုင်သည် ဟူသောအချက်က အဓိကလိုရင်းပင် ဖြစ်ပေလိမ့်မည်။ အိပ်မက်ထဲက ဇာတ်လမ်းဇာတ်ကွက်များကတော့ အိပ်မက်အလိုကျဖြစ်ပေလိမ့်မည် ဟု ရဲမိုးတစ်ယောက် တွေးတတ်သလိုတွေးယူလိုက်၏။

"ဝတ်မှုံဇေကရီ" နှင့် "သီတာ" တို့အကြား ကွာဟချက်တစ်ခုကို ရဲမိုး တဖြည်းဖြည်း သတိထားမိလိုက်သည်။ တခြားတော့မဟုတ်။ မင်းသမီး ဝတ်မှုံဇေကရီကို ရဲမိုးကိုယ်တိုင်က နှစ်သက်စွဲလန်း ရင်ခုန်ခဲ့သည်။ စွဲလန်းရင်ခုန်မှုကို အခြေခံ၍ ဂဝံရုပ်အစီရင်ကို သုံးသည်။ ထို့ကြောင့် အိပ်မက်က နှစ်ဦးနှစ်ဖက် အသက်ဝင်နေခြင်းဖြစ်မည်။

သီတာ့ကိုမူ သာမန်မိန်းကလေးဟူသောအသိဖြင့် သာမန်စွဲလန်းမှုမျှသာဖြစ်၏။ ထို့ပြင် မှိုချိုးမျှစ်ချိုးပြောခဲ့ရသည့် နာကျင်မှုကို အခြေခံ၍ ဂဝံရုပ်ကိုသုံးခဲ့သည်။ ထို့အတွက် အိပ်မက်က တစ်ဖက်သတ်ဆန်နေသည်။ အပြန်အလှန် သဘောတရားမရှိ. . . ။

ထို့အတွက် ရဲမိုး၏ နောက်ထပ်ပစ်မှတ်မှာ လက်စားချေမှုမပါသော ပစ်မှတ်မျိုးကိုသာ ရွေးချယ်ရန် ဆုံးဖြတ်လိုက်သည်။

အသင့်လျော်ဆုံးမှာ အနုပညာရှင် အသိုင်းအဝိုင်းပင်ဖြစ်၏။ သူတို့က ချောမောလှပပြီးသားဖြစ်၍. . ယောကျ်ားတစ်ယောက်အတွက် ရင်ခုန်လိုက်ဖို့ကြရသူများ ဖြစ်ကြသည် မဟုတ်ပါလား. . ။

ထို့ကြောင့် ထိုမင်းသမီးဓါတ်ပုံများထဲမှ မွေးနံ့သိသူများကို ဆွဲထုတ်သည်။ ဖက်ရှင်နှင့်ပတ်သက်သော မဂ္ဂဇင်း၊ ဂျာနယ်၊ စာ





စောင်များကို လှေလာလိုက်တော့ အချိန်တိုအတွင်းမှာပင် သူလိုတာရလာခဲ့သည်။

"ဂဝံရုပ်လေးရေ. . ဒီညလည်း ဇာတ်လမ်းကောင်းကောင်းလေးနဲ့ နှစ်ပါးသွားလေး ရိုက်ပေးပါအုံးနော်"

အစွမ်းထက်သော ဂဝံရုပ်ကလည်း တာဝန်ကျေခဲ့ပါသည်။ တန်ဖိုးရှိသော ညများစွာကို ရဲမိုးအား ပေးဆပ်ခဲ့၏။ ရဲမိုးကား ပန်းများစွာအလယ်မှ ပိတုန်းတစ်ကောင်နှယ်၊ စိတ်ကူးကို အိပ်မက်ဖြင့်အကောင်ထည်ဖော်ရင်း အပြာရောင်ညများသည် တစ်စထက်တစ်စထူထပ်လာခဲ့ပါပြီ. . ။

နေ့ကိုလစား၍ လကိုနှစ်စားခဲ့လေပြီ။ အပျော်အပါးကိုလိုက်စားတတ်သော ခရိုနီအကြီးစားတွေထက်ပင် အချောအလှ မှန်သမျှ အိပ်မက်တွင် ခြေတော်တင်ခဲ့သည်မှာလည်း မရေမတွက်နိုင်တော့ပါ။ နတ်ပန်းဥယျာဉ်မှာ ဝတ်မှုန်ခူးရင်း. . လောင်မီးတစ်ခုက ထိုဥယျာဉ်အတွင်း ကျရောက်လာခဲ့သည်ကို ရဲမိုးတစ်ယောက် မသိလိုက်ပါ။

တစ်နေ့တွင် ရဲမိုး ထင်ခွဲနေရင်းမှ မတော်တဆ သံစူးမိသည်။ သံစူးအနာက အနာရင်းပြီး အဖျားပါဝင်လာခဲ့၏။ အမေဖြစ်သူက လမ်းထိပ်ဆေးဆိုင်မှ ဆေးဝယ်တိုက်သည်။ သို့သော်. . သူ့အဖျားကမကျ၊ ပိုဆိုးတာက ရဲမိုးတစ်ယောက် ချောင်းတွေမပြတ်ဆိုးလာခဲ့သည်။

ရုပ်ပျက်ဆင်းပျက် ဖြစ်လောက်အောင် ဆက်တိုက်ချောင်းဆိုးနေ၍ ဆေးခန်းပြသောအခါ ဆရာဝန်က သွေးနှင့်သလိပ်ကိုစစ်ခိုင်း၏။ ရောဂါဖြစ်လာပြီဆိုတော့လည်း ခြစ်ကုပ်စုဆောင်းထား



www.burmeseclassic.com

www.burmeseclassic.com



သမျှ ပုံအောရ၍ သုံးရတော့၏။ ဓာတ်ခွဲခန်းတစ်ခုမှ သွေးစစ်ချက် ထွက်လာပြီးနောက် ဆရာဝန်က ရဲမိုးအမေကိုခေါ်တွေ့သည်။

"ခင်ဗျားသားမှာ ခုခံအားကျဆင်းမှုရောဂါ HIV ဖြစ်နေပြီ"

ဆရာဝန်၏စကားကြောင့် အမေဖြစ်သူခမျာ ငယ်ထိပ်ကို မိုးကြိုးပစ်ချခံလိုက်ရသလို ခံစားလိုက်ရသည်။ ဆရာဝန်က ရောဂါ ကူးစက်ပုံကို နားလည်လွယ်အောင်ရှင်းပြသည်။ မသန့်သော ဆေး ထိုးအပ်၊ ဆေးထိုးပြွန်တို့မှလည်းကောင်း၊ လိင်အပျော်အပါးလိုက်စား ၍လည်းကောင်း၊ ရောဂါပိုးရှိသူ၏သွေးက တနည်းနည်းဖြင့် ခန္ဓာ ကိုယ်ထဲ ရောက်ရှိ၍လည်း HIV ဗိုင်းရပ်စ်သည် ကူးစက်နိုင်၏ဟု ဆရာဝန်က ရှင်းပြသည်။

ဆင်းရဲနုံချာသော သားဖြစ်သူ၌ အပေါင်းအသင်းပင် များ များစားစား မရှိခဲ့၊ အတွဲအဖြစ်ဆုံး သူငယ်ချင်းဆို၍ 'ကျော်စိုး' တစ် ယောက်သာရှိ၏။ ကျော်စိုးကိုခေါ်မေးတော့လည်း အဖြေကမထွက်။ ရဲမိုးသည် မူးယစ်ဆေးဝါး သုံးစွဲခြင်းလည်းမရှိ။ လိင်အပျော်အပါး လိုက်စားခြင်းလည်းမရှိ၊ ရည်းစားပင်မရှိသောသူ ဖြစ်၏။ ထို့ပြင်. . ဆေးမင်ကြောင်ထိုးခြင်းလည်းမရှိ၍ စဉ်းစားရခက်သွားသည်။

မုတ်ဆိတ်ရိတ်ဓါး၊ ဆံပင်ရိတ်ဓါးတို့မှ တဆင့်ကူးစက်ခြင်း ပေလော။ တစ်ခါသုံးဓားတွေသာ သုံးသောခေတ်ဖြစ်၍လည်း. . ထို ကိစ္စ မဖြစ်နိုင်ပေ။

သို့သော် ရဲမိုးတစ်ယောက်ကား သိသိသာသာ ပိန်ချုံးကျ သွားပါသည်။ နဂိုကမစိုပြေသော အသားရေက ပို၍မွဲခြောက်သွား ၏။ စိတ်ပူစရာအကောင်းဆုံးမှာ သံစူးထားသောဒဏ်ရာက မ ပျောက်ဘဲ နံဘေးသို့လိုက်စားကာ သားငံရည်များ စီးကျ၍ ကြီးသ





ထက်ကြီးလာခဲ့ပြီ။

သားဖြစ်သူကို ချော့တစ်လှည့်၊ ခြောက်တစ်ခါ မေးကြည့် သော်လည်း အမှားတစ်စုံတစ်ရာ ကျူးလွန်ခဲ့ခြင်း မရှိသည်ကိုသာ တွေ့ရသည်။ သို့သော် ရဲမိုးကား အရင်ရဲမိုးမဟုတ်တော့။ နေ့ချင်းည ချင်းပင် လူမမာရုပ် ဖြစ်သွားခဲ့သည်။ ထပ်မံစစ်ဆေးချက်အရ ရဲမိုး၌ ကာလသားရောဂါ ကူးစက်ခံနေရကြောင်းကိုပါ ထပ်ဆင့်သိလာခဲ့ရ သည်။

VD ဟုအတိုကောက်ခေါ်နေကြသည့် ကာလသားရောဂါ ဟူသည် လိင်အပျော်အပါးလိုက်စားသူများ၌သာ ဖြစ်လေ့ဖြစ်ထရှိ သော ရောဂါပင်ဖြစ်၏။ အခုရဲမိုးမှာမူကား မည်သည့်မိန်းမနှင့်မျှ တစ်ကြိမ်တစ်ခါမျှ ကာမဆက်ဆံဖူးခြင်း မရှိပါ။ ထိုအချက်ကတော့ သေချာလှသည်။

အပျော်အပါးလိုက်စားသည် ဆိုတာကလည်း. . ထင်သ လောက်မလွယ်ပါ။ ရုပ်မချောရင်တောင် ရုပ်ရည်အသင့်အတင့်ရှိသူ ဖြစ်ရမည်။ ငွေကြေးသုံးနိုင်ဖြုန်းနိုင်ရမည်။

ရဲမိုးသည်ကား ထိုအချက်များ၌ တစ်ချက်မျှ ကိုက်ညီခြင်းမရှိ ပါ။ ငမွဲ၊ ငနုံဘဝဖြင့် ကြီးပြင်းလာခဲ့ရသူသာဖြစ်၏။ ထိုသူမျိုး၌ HIV ဟုခေါ်သည့် ခုခံအားကျဆင်းမှုရောဂါဖြစ်ခြင်း၊ ကာလသားရောဂါ ဖြစ်ခြင်းတို့ ခေါင်းစဉ်အတပ်ခံလိုက်ရသည့်အတွက် မည်သူမျှအဖြေ မရှာနိုင်ခဲ့ချေ. . ။

တစ်ခုသောမနက်တွင်ပင် ရဲမိုးသည် လူ့လောကကို ကျော နိုင်း၍ အပြီးအပိုင် ထွက်ခွာသွားခဲ့ပါပြီ။ HIV ဝေဒနာရှင်ဟူသည့် ခေါင်းစဉ်ဖြင့် သေဆုံးသွားခဲ့ရသော ရဲမိုးအတွက် မိခင်ဖြစ်သူမှလွဲ၍



www.burmeseclassic.com

www.burmeseclassic.com



ငိုကြွေးမည့်သူမရှိခဲ့ပါ။

အိပ်မက်တွင်သာ မိန်းကလေးပေါင်းများစွာနှင့် ပျော်ပါး ဆက်ဆံခဲ့သူက လက်တွေ့တွင် HIV ဖြစ်ရခြင်းမှာ လွန်စွာထူးဆန်း သော ဖြစ်စဉ်ဖြစ်နေ၏။ တိကျသောအဖြေလည်း မည်သူမျှ ထုတ်နိုင် မည်မထင်ပေ။

ရဲမိုး သေဆုံးသောနေ့တွင်ပင် ဂဝံရုပ်ကလေးမှာလည်း ကြေမွပျက်စီး၍ မြေမှုန့်များအဖြစ် ပြောင်းလဲသွားခဲ့သည်ကိုတော့ ကာယကံရှင် ရဲမိုး သိခွင့်ရမည် မဟုတ်တော့ပါတကား။ ။

မယ်နဒီ







# အခန်း(၇)

မယ်နဒီ၏ဝတ္ထုတိုစာမူလေးဆုံးသည်နှင့် သီဟအောင် မျက်နှာ တစ်ချက်မဲ့ကာ ပြုံးလိုက်မိသည်။

ထိုအချိန်တွင် မောင်သူရလေးသည် ငြိမ်သက်နေသော တန်ရေပြင်ကို လက်နှင့်နှိုက်ကြည့်ရန် တာစူနေပြီဖြစ်သည်။ စစ်သား နှုပ်လေးကိုကိုင်၍ ကန်စပ်ဆီ ဆင်းလာနေပြီလည်းဖြစ်သည်။ မရွေး တိုက်ကာကွယ်ရန် အဖက်ခံတောင်ကုန်းကိုလည်း အောင်မြင်စွာသိမ်း ပိုက်ခဲ့ပြီးပြီလေ၊ တွိုင်းဆိုးဂျားကိုလည်း ဂုဏ်ပြုသည့်အနေဖြင့် ရေ

www.burmeseclassic.com



ချိုးပေးရဦးမည်လေ. . .။

ထိုအချိန်တွင် ကျီးအာသံက နားငြီးလောက်အောင် ဆူညံနေလေ၏။

'နောက်ဆုံး၌. . ဆန့်ကျင်ဘက် ရုပ်ဝတ္ထုနှစ်ခုသည် တစ်ဦးကိုယ်ထဲသို့တစ်ဦး ဝင်ရောက်သွားလေတော့သည်' သည်၏နောက်၌ ပုဒ်မလေး ဂျောက်ခနဲချကာ မယ်နဒီ ထလိုက်၏။ နာရီကောက်ကြည့်တော့ မိနစ်နှစ်ဆယ်ပင်ရှိနေ၏။

"သားလေး. . မေမေ လာပြီ၊ သား ဘယ်ရောက်နေလဲ"

သားလေးကို လိုက်ရှာရန် ရေခဲသေတ္တာနားအရောက်. .

"ဟယ်. . ကိုသီဟကို မေ့နေလိုက်တာ"

သီဟအောင် ကြိုက်တတ်သော ဝိုင်ပုလင်းကို အရင်ပြေးထုတ်လိုက်မိသည်။ သားကို ခဏမေ့သွား၏။ ကျီးအာသံက ဆက်လက်ကြားနေရဆဲ. . .

ရေကန်ပေါ် မျှောထိုးထားသော နှစ်တစ်လက်မ သစ်သားတွေအပေါ် မောင်သူရလေး ဖွဖွနင်း၍ လျှောက်လာနေသည်။ တိတ်ဆိတ်ငြိမ်သက်နေသော ကန်ရေပြင်သည် အကွင်းလိုက် လှိုင်းကလေးတွေ ထသွား၏။ နှစ်တစ်လက်မ သစ်သားခင်းအောက်ရှိ သုံးပတ်လည် သစ်သားတိုင်ကလေးတွေဆီကနေဖြစ်သည်။

မောင်သူရလေး နင်းသောအရှိန်ကြောင့် တိုင်တွေလှုပ်သွား၏။ အကွင်းလိုက် လှိုင်းကလေးတွေထသွားပြန်၏။ ကန်ရေပြင်သည် နီးလာတော့၏။

ကန်၏အတွင်းရေသားထဲက တစ်စုံတစ်ရာကို ရေပြင်က ပုတ်နှိုးလိုက်သလိုမျိုး. . .





ကျီးအာသံက ကြားနေရဆဲ. .၊

ကျီးအာသံတွေ တဖြည်းဖြည်း များလာနေပြီ. . .။

သူမလည်းကြိုက်သော ထိုဝိုင်ပုလင်းကိုဖောက်၍ ပုလင်းလိုက် မယ်နဒီ မော့လိုက်သေးသည်။ ထို့နောက် ဖန်ခွက်နှစ်လုံးထဲ အညီအမျှ ထည့်လိုက်၏။ ပြီးမှ ဧည့်ခန်းတွင် စာအုပ်ထိုင်ဖတ်နေသော သီဟအောင်ကို တစ်ခွက်သွားပေးလိုက်၏။

"ကိုသီဟ ခဏနော်၊ သားလေးစားဖို့ လုပ်ပေးလိုက်ဦးမယ်၊ ဒါနဲ့ ကိုသီဟ ဒီညဒီမှာအိပ်မှာလား"

"အိပ်မှာပေါ့. . အဟင်း. . ဟင်း၊ သူရလေး အိပ်သွားတာနဲ့ ကိုသီဟဆီထွက်ခဲ့ပေါ့"

"အင်းပါ. . တိုးတိုးပြော. . သားလေးကြားသွားအုံးမယ်"

"ကိုယ်တို့က နှစ်ဦးသဘောတူ လက်မှတ်ထိုးပြီးပြီ ဆိုပေမယ့်၊ ဘယ်တော့ လူသိရှင်ကြား လက်ထပ်ကြမှာလည်း. . နဒီရယ်၊ ကိုသီဟတော့ နဒီနဲ့အတူတူ နေချင်နေပြီ"

"နေပါဦး သားလေးကို ဖျောင်းဖျကြည့်ပါဦးမယ်. . မလောပါနဲ့၊ အချိန်တန်တော့ ဖြစ်သွားမှာပေါ့"

ပြောပြီး သီဟအောင်ရှေ့မှ လှည့်ထွက်လာလိုက်သည်။

သူမထက် (၁၅)နှစ်ခန့်ကြီးသော သားလေး၏ဖခင် ကိုကိုကွယ်လွန်သွားပြီးသည့်နောက်ပိုင်း နှစ်ပေါင်းတော်တော်ကြာကြာ ခင်မင်လာခဲ့သော စာရေးဖော် သီဟအောင်ကို သူမ၏ မန်နေဂျာအဖြစ်ဆောင်ရွက်ပေးရန် အကူအညီတောင်းဖြစ်ခဲ့သည်။ ထို့နောက် အနေနီးစပ်လာရာမှ သီဟအောင်က လက်ထပ်ခွင့်တောင်းခံခဲ့သည်။

သီဟအောင်အပေါ် သံယောဇဉ်ရှိသော်လည်း သားလေး



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထိခိုက်မည်စိုးသဖြင့် မယ်နဒီ အချိန်ဆွဲနေခဲ့သော်လည်း သီဟအောင်က နားပူနားစာတိုက်လွန်းသဖြင့် စိတ်ကျေနပ်အောင် တရားရုံးတွင် လက်မှတ်ထိုးပေးခဲ့ခြင်းဖြစ်သည်။

မယ်နဒီ မီးဖိုချောင်ထဲဝင်ကာ. . သားလေးကိုချော့ရန်အတွက် သူရလေးကြိုက်သော ဆလတ်ရွက်သုတ်ကို အမြန်လုပ်လိုက်သည်။ ဆလတ်ရွက်တွေကို နုတ်အောင် လှီးနေမိသည်။ ထိခတ်မိသော စဉ်းတီတုံးနှင့် ဓားသွားသံက တဒုတ်ဒုတ်နှင့်. . .

ကျီးအာသံတွေ ဆိုးရွားစွာ ကျယ်လောင်လာလေပြီ။

"နားညည်းလိုက်တာကွာ. . ."

သားအကြိုက်ပြီးတော့ သူမကြိုက်တဲ့ခေါက်ဆွဲကို ထပ်ပြုတ်သည်။

ထိုအချိန်တွင်. . ဒုတ်ခနဲ အရုပ်စစ်သားလေးကို နှစ်တစ်လက်မ တံတားခင်းပေါ် မောင်သူရလေး ပစ်ချလိုက်၏။ ထို့နောက် သူလည်း တံတားပေါ် ဖင်ထိုင်ချလိုက်သည်။ ကြည်နေသောရေထဲ၌ ပေါ်နေသော သူ့မျက်နှာလေးကို ကုန်း၍ကြည့်နေသည်။

ရေထဲမှ မျက်နှာကို သူ့လက်ညှိုးလေးနှင့် လှမ်းတို့ကြည့်ရန် လက်ကလေး ရှေ့ထုတ်လာ၏။

လက်ညှိုးထိပ်ကလေး ရေပြင်ဆီ တဖြည်းဖြည်း ချဉ်းကပ်လာနေ၏။

ရေပြင်ထဲက သူ့မျက်နှာကို လက်ညှိုးလေးနှင့် ထိုးမွှေနေ၏။

ပွက်ပွက်ဆူနေသော ဒယ်အိုးထဲက ခေါက်ဆွဲပြုတ်တွေကို မယ်နဒီ စစ်ချနေသည်။ လုပ်နေရင်း သီဟအောင်အကြောင်း တွေးမိပြန်သည်။ သူ့စာအုပ်ကို ပင်ဂွင်းက ပယ်လိုက်၍ စိတ်ထိခိုက်နေ





သည်။ အားပေးနှစ်သိမ့်ရဦးမည်လေ။ ဒီတော့. . သွားလေသူ ကိုကို့မျက်နှာအား ကွက်ခနဲလှမ်းမြင်သွား၏။

သူမ မျက်လုံးတွေက ရေခဲသေတ္တာတံခါးဘောင်ရှိ သံလိုက်ဝိုက်ဘုတ်လေးပေါ်က အင်္ဂလိပ်အက္ခရာ စာလုံးတွေဆီ ရောက်သွားပြန်သည်။ ပြန့်ကြဲစွာ ကပ်နေသော ဗျည်း(၂၆)လုံးထဲက. . I AM HERE ဟု အဓိပ္ပါယ်ရသော စာတန်းလေး သပ်သပ်စုနေသည်ကို လှမ်းမြင်လိုက်ရသည်။

ဒါကိုမြင်တော့ စိတ်က သားလေးဆီ ပြန်ရောက်သွား၏။ ထိုစာလုံးတွေကို သားလေးစီ၍ ကပ်သွားခြင်းလော။ သားအရပ်က ဝိုက်ဘုတ်ကို မမှီ၍ သားလုပ်ထားတာလည်း မဖြစ်နိုင်ပေ. .။

"ဟယ်. . မေ့နေလိုက်တာ. . သားလေးကို သွားခေါ်ဦးမှ"

ခါးစည်းအဝတ်ကို ကမန်းကတန်း ချွတ်တင်လိုက်သည်။ နောက်ဖေးပေါက်မှ ခြံထဲဆင်းခဲ့၏။ တိခနဲ ကျီးပြိုသံတွေ ရပ်သွား၏။ ကျီးပြိုသံနှင့်အတူ ပတ်ဝန်းကျင်တစ်ခုလုံးရှိ အသံဗလံများကို ကပ်ကြေးကြီးနှင့် ဇွိခနဲ ဖြတ်ချလိုက်သလို ငြိမ်သက်တိတ်ဆိတ်သွားခြင်းဖြစ်သည်။

ဂျွတ်ခနဲ မြက်ခင်းပေါ်က အသံထွက်လာသည်။ သစ်ရွက်ခြောက်လေး ကြေမွကျန်ခဲ့သည်။ အိမ်စီးဖိနပ်လေး အကြွတွင် ဖြစ်၏။

"သားလေးရေ. . သားလေး၊ မေမေလာပြီ ထမင်းစားကြမယ်"

အနောက်ဖက် ခြံတံခါးဆီအကြည့်. . တံခါးပွင့်နေသည်ကို ရှီးထိတ်စွာ တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . နောက်ဖေးခြံတံခါး ပွင့်နေပါလား၊ ဒီတံခါးက အမြဲတမ်းပိတ်ထားတာ ဘယ်လိုလုပ်ပြီး ပွင့်နေရတာလဲ"

"သားရေ. . သားလေး"

သူမအသံက ရေပြင်ပေါ် ဖြတ်ပြေးသွား၏။ တိတ်ဆိတ်ခြင်းသည် အရာအားလုံးကို ဖိချထားသလိုကြီး ဖြစ်နေသည်။ သစ်သားတံတားပေါ် ဆင်းရင်း ဟိုဟိုဒီဒီ မယ်နဒီ လှမ်းကြည့်သည်။ လူရိပ်လူယောင်ပင် မရှိ။ ပျံနေကျ ရှိနေကြ လိပ်ပြာ၊ ပုစဉ်းတစ်ကောင်တစ်လေပင်မရှိ။

တံတားဘေး၌ ယှဉ်၍ရပ်ထားသော ဝမ်းပြားပြား လှေကလေးထဲလည်း ဘာကောင်မှမရှိ လှေထိပ်မှာ ပေါလောလေးက ဘာပါလိမ့်. . ။

အလို စစ်သားရုပ်လေးပါလား. . ။

"ဟင်!. . ဒါ. . ဒါဆို. . ဘုရား. . ဘုရား"

ရင်တထိတ်ထိတ်နှင့် လှေဝမ်းပြားလေးကို အသာအယာလှမ်းတွန်းလိုက်သည်။ လှေအောက်ရေပေါ်တွင် သားကမှောက်လျက်သား ဗောလောလေးပေါ်နေ၏။

"သား. ."

စိုးထိတ်စွာ အော်လိုက်သောအသံက အတော်ပင်ကျယ်သွား၏။ သားဇောနှင့် ကုပ်မှအကျႌစကို အမြန်လှမ်းဆွဲကာ တံတားခင်းပေါ် တင်လိုက်၏။ သို့သော်. . သားလေးမှာ အသက်ရှုပုံပင်မရတော့၊ တစ်ကိုယ်လုံး ပြာနှမ်းနေလေပြီ။

သားပါးစပ်မှ ရေကိုစုပ်ယူသည်။ သို့သော် ဘာမှတုန့်ပြန်မှုမရ။ သားရင်ကို လက်နှင့်ဖိကာ နှလုံးကိုပြန်နှိုးကြည့်သည်။ ဒါလည်းမရ. . ။

"သား. . သားလေး. ."

အသံက တိတ်ဆိတ်ငြိမ်သက်ခြင်းကို ထိုးခွဲလိုက်သည်။

စောစောလေးက အရာအားလုံးအပေါ် ပိကျနေသော တိတ်ဆိတ်ခြင်းသည် သားဆိုသော ခေါ်ထူးသံ အဆုံး၌ တမဟုတ်ခြင်း လောင်ကျွမ်းပြာကျသွား၏။ မိခင်တစ်ယောက်၏ သောကမီးပွင့် လွင့်စင်လာ၍ ဖြစ်သည်။ ဝန်းကျင်တစ်ခို ညှိုညစ်ညစ်ကြီး ဖြစ်သွားပြီး သကာလ. . ကျီးတွေ ဝေါခနဲ ပြုံဆင်းလာတော့သည်။

"သားလေး မသေရဘူး၊ မေမေ့ကို ထားမသွားရဘူး. . အဟင့်. . အဟင့်"

သူမနားထဲ ဘာသံမှမကြား. . သား. . သား. .

သားလေး. . . ။

www.burmeseclassic.com





# အခန်း(၈)

ပင်လယ်ကမ်းစပ်နှင့်အပြိုင် မြွေလိမ်မြွေကောက် ကတ္တရာလမ်းလေးအတိုင်း ဆလွန်းကားလေးတစ်စီး ပုံမှန်မောင်းနှင်နေ၏။ လမ်းကဖြူးနေသော်လည်း တောင်ပတ်လမ်းတွေကြောင့် သတိထားကာ မောင်းနေရသည်။ ကုန်းမြင့်တစ်နေရာ၌ ကားလေးထိုးရပ်၍. . မယ်နဒီ ဆင်းလိုက်သည်။

အပေါ်စီးမှ မြင်နေရသော ဟိုးကမ်းစပ် ကျောက်နွယ်ပေါ်က အိမ်ကလေးကို အသေအချာ လှမ်းကြည့်ဖြစ်သည်။ မပြုံးစဖူး





ပြုံးသည်ဆိုရုံ မယ်နဒီ ပြုံးလိုက်မိသည်။ ကာလတွေလည်း အလီလီ ကြာခဲ့ပြီလေ. . ။

"ဒီနေရာက လှမ်းရိုက်ထားတာပဲ. ."

သူငယ်ချင်းလှိုင်မှို၏ အသံကို ပြန်ကြားလာ၏။

"ငါ ဝက်ဆိုဒ်တွေ အကုန်လိုက်ရှာထားတာ၊ အဲဒီအိမ်လေး သွားတွေ့တယ် နဒီ၊ လူတွေနဲ့ အလှမ်းဝေးတယ်၊ အနီးဆုံးအိမ်က မိုင်ဝက်လောက်မှာရှိတယ်၊ တိတ်ဆိတ်ပြီး အရမ်းအေးချမ်းတယ်"

Download ဆွဲထားသည့် အိမ်ငှားမည့်ကဏ္ဍက ပုံလေးကို လှမ်းပေးရင်း လှိုင်မှိုက ပြောခဲ့သည်ကို ပြန်ကြားယောင်နေမိသည်။

"နင် စာအုပ်အပြီးသတ်ဖို့ အကောင်းဆုံးနေရာပဲ. . ဘုတ်တစ်စင်းလည်း ရှိတယ်၊ နင် ပင်လယ်ထဲ လျှောက်သွားလို့ရတာပေါ့။ ရွာလေးကလည်း ခေတ်မှီတယ်၊ ငြိမ်းချမ်းတယ်၊ လုံခြုံတယ်၊ နင် ဘယ်လောက်ကြာကြာနေမှာလဲ"

"မပြောတတ်ပါဘူးဟာ၊ ဒီစာအုပ်ပြီးတဲ့အထိပေါ့"

"သီဟက နင်နဲ့အတူ အဖော်လိုက်နေပေးချင်နေတယ်တဲ့ ငါ့ကိုပြောနေတယ်၊ စိတ်မချဘူး ထင်ပါရဲ့"

"လောလောဆယ် ငါတစ်ယောက်တည်း နေချင်လို့ပါဟာ"

ပြောရင်း. . မယ်နဒီက သားလေး၏ အသုံးအဆောင်လေးတွေကို အလွမ်းပြေ ယူသွားရန် ထည့်နေ၏။ သားအကြောင်း ဘယ်သူမှ စကားမစကြ။

"လှိုင်မှို. . နင်ဟာ ငါ့ရဲ့ အကောင်းဆုံးသူငယ်ချင်းပါပဲ၊ ကဲ တော်ဖိသောက်ရအောင်"

"ကောင်းသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



သားလေး ပစ္စည်းတွေထည့်ပြီး သူမက သားလေးအခန်းမှ ရှေ့ဆောင်၍ ထွက်သည်။ လှိုင်မိုက နောက်ကလိုက်ထွက်ရင်း တံခါး ဆွဲပိတ်လိုက်၏။ တံခါးဘောင်ကို မှီနေသော စစ်သားရုပ်လေး ဘုတ် ခနဲ ပြုတ်ကျကျန်ခဲ့လေ၏။

လမ်းကမြေနီလမ်းလေး ဖြစ်လာ၍ အနည်းငယ်ကြမ်းလာ သည်။ တောင်ကုန်းလေးပေါ်ရှိ အိမ်လေးကို လှမ်းမြင်နေရပြီ။

ပင်လယ်ပြင်မှ လှိုင်းလုံးကြီးတွေ ရိုက်ခတ်လာတာကို သူမ အနီးကပ် မြင်တွေ့နေရသည်။

ကားကို တောင်ကုန်းအောက်ခြေတွင် ရပ်လိုက်ပြီး တောင် ကမူလေးပေါ်တက်သော လမ်းလေးအတိုင်း သူမ တက်လာခဲ့သည်။

သူမနောက်က အရိပ်တစ်ခု လိုက်လာသည်ကိုတော့ သတိ မထားမိလိုက်. . . ။

လေက တဝူးဝူးနဲ့တိုက်နေသလို လှိုင်းလုံးကြီးတွေ တစ်ဝေါ ဝေါနဲ့ ကမ်းခြေဆီ ရောက်လာနေပုံက တစ်မျိုးအမြင်ဆန်းနေ၏။ ဒီနေရာလေးတွင် သူမတသက်လုံး နေသွားချင်စိတ် ပေါက်လာ၏။ သူမ ရက်ပေါင်းများစွာ ဈာန်ဝင်စားရမည့် အိမ်ကလေးကို လှမ်းနှုတ် ဆက်လိုက်မိသည်။

"မင်္ဂလာပါ အိမ်ကလေး. . ငါဒီမှာ မင်္ဂလာရှိရှိ နေပါရစေ"

ပင်လယ်ပြင်ဆီမှလည်း လှိုင်းရိုက်သံတွေ ကြားနေရ၏။

ဟိုးအဝေးရှိ ကမ်းခြေအဆုံးတွင် မီးပြတိုက်လေးတစ်လုံး။

ပစ္စည်းတွေနေရာချရင်း မှန်ပြတင်းမှနေ၍ မြင်ကွင်းကောင်း ရာ ရွေးသည်။ စာရေးစားပွဲနှင့် လက်နှိပ်စက်ကို နေရာမျိုးစုံ ချကြည့် နေမိသည်။





ခွင်က တော်တော်နှင့် မကျနိုင်ဖြစ်နေ၏။

ဆလင်းဘက်ထဲက တိုလီမိုလီတွေစီ၍ တင်နေစဉ် ဆေးပု လင်းတစ်လုံး ထွက်လာ၏။ စိတ်ငြိမ်ဆေးဘူးလေးဖြစ်သည်။

မိသားစုဆရာဝန်လည်းဖြစ်၊ သူငယ်ချင်းလည်းဖြစ်သော ဒေါက်တာအောင်ထွန်း၏ ရိုးစင်းသောအသွင်ကို မြင်ယောင်မိ သည်။ ခရီးသွားခါနီး မြို့တော်ဆေးရုံကို သူမ သွားနှုတ်ဆက်စဉ်က ဖြစ်သည်။ သီဟအောင်က အဖော်လိုက်ခဲ့၏။

"ဒေါက်တာ. . ကျွန်မ အဲ့ဒီဆေးတွေမပါဘဲနဲ့ သီးသန့်နေ ချင်လို့ပါ။ ကျွန်မ ဘာအကူအညီမှမလိုဘဲ. . ပုံမှန်နေနိုင်၊ အိပ်နိုင်၊ ရေးနိုင်မယ့်နေရာကို ခဏသွားမလို့ပါ"

"ဘာပဲဖြစ်ဖြစ် လိုရမယ်ရ ယူသွားပေါ့"

သူမ ယူလိုက်ရသည်။ သီဟအောင်က ဓါတ်လှေကားနား အထိ လိုက်ပို့သည်။ ဓါတ်လှေခါးအနားရောက်တော့. . .

"ကိုယ်က နဒီ့ရဲ့မန်နေဂျာအနေနဲ့ နဒီယောက်ျားထားခဲ့တဲ့ အမွေကိစ္စတွေကို ရှေ့နေနဲ့ စကားပြောပေးရမလား၊ နဒီ မအားရင် ကိုသီဟကို GP လွှဲပေးထားခဲ့ပါလား"

"အင်း. . လွှဲပေးထားမယ်လေ. . နဒီ မရှိတုန်း လိုအပ်တာ တွေ လုပ်ထားလို့ရတာပေါ့"

ပြောပြီး. . . မယ်နဒီ နံ့ရုံသောင့်ချိုးက ဓါတ်လှေကားဆီ လျှောက်သွားလေ၏။

သီဟအောင်က Dr အောင်ထွန်းနှင့် ခဏနေခဲ့ဦးမည်ဟု ဆိုသည်။

ဓါတ်လှေခါးတံခါး မပိတ်သေးခင်လေး. . Dr အောင်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် သီဟအောင်တို့ စကားပြောသံကို ကြားလိုက်ရသည်။

"ကျွန်တော် နဒီကို စိတ်မချဘူးဗျာ"

တံခါးက သူ့အလိုလို ပိတ်လာသဖြင့်. . တံခါးဖွင့်သော ခလုတ်ကို သူမနှိပ်လိုက်သည်။ သူတို့စကားသံက မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေသည်။ သူမ သေချာနားစွင့်လိုက်သည်။

"ကိုသီဟရယ်၊ သူ့သားလေးအတွက် သူကြိတ်ခံနေရလို့ အားလုံးကို ခဏလစ်လျူရှုနေရသလို ဖြစ်သွားတာပါ၊ ခင်ဗျားကို ခပ်တန်းတန်းဖြစ်သွားရအောင်. . နောက်ဖေးခြံတံခါး ဖွင့်ထားတာ ခင်ဗျားလို့ သူ မစွပ်စွဲပါသေးပါဘူးဗျာ၊ ခုဟာက သူ့သားလေးအတွက် ခံစားနေရလွန်း ခင်ဗျားကို ခပ်ခွာခွာနေနေတာ ဖြစ်မှာပါဗျာ"

"ကျွန်တော်လည်း သူရလေးကို ချစ်ပါတယ်ဗျာ၊ တစ်ချိန်လုံးတော့ ဘယ်လိုက်ကြည့်နေနိုင်မလဲ"

သူမ ဓါတ်လှေခါးခလုတ်ကို ဂျောက်ခနဲနှိပ်၍ ဆင်းခဲ့သည်လေ။

မိမိပေါ့လျော့တဲ့အတွက် သားလေးသေရတာဟု စိတ်ထဲ ခံစားနေရသဖြင့် ကိုယ့်ကိုယ်ကိုယ် အပြစ်ပေးသည့် အနေဖြင့် သီဟအောင်ကို မယ်နဒီ ခပ်တန်းတန်း နေလိုက်မိသည်။

သားလေးအမြင်မကြည်ခဲ့သော သီဟအောင်နှင့် ဘဝခရီး ဖော်အဖြစ် လက်တွဲသွားရေးကိုလည်း သေချာအချိန်ယူ စဉ်းစားချင် လာသည်။ သည်ခရီးက ပြန်လာရင်တော့ အဖြေထွက်တန်ကောင်း ပါရဲ့. . ။

သူမ အတွေးထဲမှ ပြန်ထွက်လိုက်ပြီး စိတ်ငြိမ်ဆေးပုလင်းကို လိုရမယ်ရ စားပွဲပေါ် လှမ်းတင်လိုက်သည်။





ထိုစဉ်. . ဖုန်းဝင်လာ၏။

"ဘယ်လိုလဲ အခြေအနေ. . "

"လှိုင်မှီရေ၊ ငါ အခု မင်းရှာပေးတဲ့နေရာလေးက ပြောနေတာ၊ အရမ်းငြိမ်းချမ်းတယ်ကွာ"

ပြောရင်း တောင်ကုန်းအိမ်လေးဆီမှ ကမ်းစပ်ထိ ဆင်ခြေလျှောလေးဆောက်ထားသော ဆိပ်ခံတံတားလေးဆီ သူမ ဆင်းလာခဲ့သည်။

"ဟယ်. . ရောက်နေပလား၊ ငါ လာလည်ဦးမယ်ဟာ၊ ဒီမှာ မဂ္ဂဇင်းက ဖောင်ပိတ်နေတော့ အားကိုမအားဘူး"

သူမ၏ ဆံပင်အိအိထွေးထွေးတွေ လေထဲတွင် ကောက်ကွေးအောင် ကနေသည်။

"ငါ အဆင်ပြေမှာပါ. . အားမှလာခဲ့ပေါ့၊ ဒီနေရာမှာမှ ဒီစာအုပ်မပြီးရင်. . နောက်ထပ် ဘယ်စာအုပ်မှ ငါမရေးတော့ဘူး၊ နင့်ကျေးဇူးတွေကို ငါ တနင့်ကြီး ပြန်ဆပ်ပါ့မယ် သူငယ်ချင်း"

ဆိပ်ခံတံတားလေးအဆုံးတွင်တော့ သံကြိုးတွဲလောင်းနှင့် ဘုတ်ငယ်လေးတစ်စီး. .

"ဘာကျေးဇူးလဲဟာ၊ နင်နဲ့ငါ့ကြားမှာ ကျေးဇူးစကား မရှိပါဘူး၊ ဟဲ့. . နဒီ အဲ့သမှာ မီးပြတိုက်လေးတစ်လုံး ရှိတယ်တဲ့၊ သူတို့ ပြောတာပဲ. . တကယ်လား"

"ဟုတ်တယ်. . ဟိုမှာ လှမ်းမြင်နေရတယ်၊ ဘုတ်နဲ့ဆို. . ငါးမိနစ်ဆို ရောက်နိုင်တယ်"

"အဲ့ဒီမှာ စိတ်ကူးယဉ် ဇာတ်လမ်းတစ်ပုဒ် ထပ်ရေးထုတ်ပေါ့ဟာ၊ ဒါမှ အထီးကျန်နေတဲ့ နင့်အတွက် သွားနေရကျိုးနပ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“ဒီစာအုပ်ပဲ ပြီးပါစေဦးဟာ၊ ဒါနဲ့ လှိုင်မှီ. . ကိုသီဟ နင့်ကို ဘာပြောသေးလဲ”

“အွန်. . ကိုသီဟက နင်နဲ့ပတ်သက်ပြီးမှ ငါနဲ့ မိတ်ဆွေဖြစ်ရတာလေဟယ်၊ သူ့အကြောင်း နင်က ပိုသိရမှာပေါ့၊ နင့် မန်နေဂျာ နင့် အယ်ဒီတာ၊ နင့်အချစ်တုံးကြီးပဲဟာ”

“သူ နင့်ကိုဘာပြောသေးလဲ မေးနေတာ”

“ပြောတာတော့ အများကြီးပဲ၊ အဓိကက ဟိုကိစ္စ ဖြစ်ပြီးကတည်းက နင့်ဆက်ဆံပုံ သူ့အပေါ် ခပ်မှန်မှန် ဖြစ်သွားသလိုမျိုး ပြောတယ်၊ အိမ်လည်း သူ့ကိုမရှာခိုင်းဘဲ ငါ့ကိုရှာခိုင်းတယ်၊ လိုက်နေပေးမယ်ဆိုတော့လည်း တစ်ယောက်တည်း နေချင်တယ်တဲ့၊ သူ ခပ်ဆွေးဆွေး ဖြစ်နေပုံပဲ. . ၊ အေး. . ထားခဲ့၊ ပြီးမှ. . လက်မှတ်ထိုးပေးမယ်. . .”

“နင် အလုပ်များနေလား၊ နောက်မှ ပြန်ဆက်မယ်နော်”

“ပျော်ရွှင်ပါစေ နဒီ”

“အေး. . ဆီးယူ”

ဖုန်းချပြီး ပင်လယ်၏ လွတ်လပ်ခြင်း ဆားငံလေအေးကို တစ်ဝကြီး ရှိုက်နမ်းပစ်လိုက်သည်။ အင်အားတွေ ဝင်လာသည်။

ဟိုအဝေးက မီးပြတိုက်လေးက သူမစိတ်ကို ဆွဲဆောင်နေလေသည်။









# အခန်း(၉)

ညနေပိုင်းရောက်တော့ ကုန်းပေါ်က လမ်းလေးအတိုင်း သူမ လမ်းလျှောက်ထွက်ခဲ့သည်။ မှုတသော ရာသီဥတုကြောင့် သူမစိတ်လက်ကြည်လင်နေခဲ့၏။ လမ်းအတော်လျှောက်လာပြီး တစ်နေရာအရောက် အိမ်ရှေ့ရှိ သစ်သားတံတားလေးအား ဆေးသုတ်နေသော အသက်(၆၀)ဝန်းကျင် ဦးလေးကြီးနှင့် အဒေါ်ကြီးကို လှမ်းမြင်လိုက်ရသည်။

“ဦးကြီး. . ဦးကြီးရှင့်. . ဒီလမ်းလေးအတိုင်းသွားရင် မျှော်စင်ဆီ ရောက်ပါသလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟေ. ."

နားလေးသလား၊ လေတိုးသံကြောင့်လားမသိ. . . သူမ လမ်းကလေးပေါ်မှ ဖဲ့ဆင်း၍ ချဉ်းကပ်သွားသည်။

"ရွာထဲကိုသွားတဲ့လမ်း သိချင်လို့ပါဦးကြီး"

"အော်. . အေးကွဲ့ လုံမလေးရဲ့၊ ကမ်းခြေအတိုင်းသာသွား ဘယ်လိုမှ မလွဲဘူး"

"ကျေးဇူးပါပဲ. . ကျွန်မက အခုမှရောက်တော့ မသွားတတ် ဖြစ်နေတာ"

"ဒါနဲ့ ခရီးသွားဧည့်သည် ထင်တယ်"

အဒေါ်ကြီးက ဆေးသုတ်ရင်း လှမ်းပြော၏။

"မဟုတ်ပါဘူး. . ဒီမှာခဏလာနေတာပါ၊ ရွာအဝင် ညဥ့် မွှေးပန်းလမ်းက အိမ်နံပါတ်(၁)မှာနေပါတယ်"

"ဩော်. . . လုံးချင်းအိမ် လှလှလေးပဲ၊ ဦးက ရဲဝန်ထမ်း ဟောင်း ဦးလူခင်ပါ၊ သူကတော့ ဦးဇနီး မယ်တင်. . တဲ့"

"တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ ကျွန်မ နဒီပါ၊ ခွင့်ပြုပါ ဦးနော်"

"အေး. . အေး. . အဲ့ဒီ သောင်ပြင်ကနေ ဆင်းလျှောက်"

"ဟုတ်ကဲ့. ."

လက်ပြနှုတ်ဆက်ရင်း မယ်နဒီ သဲသောင်စပ်မှ ဖြည်းဖြည်း ချင်း လျှောက်လာမိသည်။ သဲသောင်ပြင်ပေါ် ဖိနပ်နှင့်လျှောက်ရတာ အဆင်မပြေ၍ ဖိနပ်ကို လက်ကကိုင်ရင်း လျှောက်လာခဲ့သည်။

ကမ်းအကွေ့တွင် ရွာလေးကို လှမ်းမြင်နေရပြီ။ တံငါရွာ ဆိုသော်လည်း စီးပွားရေးကောင်းကြပုံရသည်။ ကမ်းခြေအနီးတွင်





အိမ်ကြီးအိမ်ကောင်းများနှင့် သူနည်းသူဟန် ပြည့်စုံသော လူနေမှု ဘဝ ရှိကြသည်။

ကလေးကစားကွင်း ရှိနေခြင်းက ခေတ်မီကြောင်း ပြသနေ သည်။ အလိုလိုပင် သူမခြေလှမ်းများက ကလေးကစားကွင်းနားသို့ သယ်ဆောင်သွားသည်။

ကစားကွင်းရှေ့က ခုံတန်းလျားလေးတွင် ထိုင်နေသော. . ဆွယ်တာအကျီနှင့် အမျိုးသမီးက သူမကိုမြင်သည်နှင့် လေသံအေး အေးဖြင့်. . .

"ရှင့်သားလေး. . ရှင့်ကို ဒန်းစီးရင်း စောင့်နေလေရဲ့"

"ရှင်!. ."

အံ့သြစွာဖြင့်. . လူမရှိဘဲ ငြိမ်သက်နေသော ဒန်းကို လှမ်း ကြည့်မိသည်။ ဆွယ်တာအကျီနှင့် အမျိုးသမီးကို ပြန်ကြည့်ရင်း သူမအနားသွားကာ. . .

"ကျွန်မသား. . ဟုတ်လား"

ထိုအခါ. . ဆွယ်တာအမျိုးသမီးက သူ မပြောခဲ့သလို တစ် ဖက်သို့ လှည့်သွားလေ၏။

"ကျွန်မသားလေး စောင့်နေတယ်လို့များ ပြောလိုက်သလား ရှင်. . ."

မယ်နဒီ ထပ်မေးလိုက်မှ သူမဘက် ဖြည်းညှင်းစွာလှည့် ကြည့်ရင်း. .

"ဩော်. . . မဟုတ်ပါဘူး၊ ကျွန်မ ဒီရွာမှာ မမြင်ဘူးတဲ့ တလေးမို့ပါ၊ ကျွန်မ လူမှားတာ ဖြစ်နိုင်ပါတယ်"

ပြောရင်း. . အမျိုးသမီးက ထရပ်ကာ သွားဖို့ခြေလှမ်းပြင်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"နေ. . နေပါဦး၊ ကျွန်. . ကျွန်မ စကားနည်းနည်းပြောချင်လို့. . ."

အမျိုးသမီး၏ မျက်နှာသည် နွမ်းလျနေပုံရပြီး စကားပြောချင်ပုံမရတော့။

"တောင်းပန်ပါတယ်၊ ကျွန်မ လူမှားပြီး ပြောမိတာပါ၊ ဒီနေ့ရာသီဥတု အရမ်းကိုသာယာတာပဲနော်. . ခွင့်ပြုပါဦး"

စကားလမ်းကြောင်းလွှဲကာ. . ကျောပေး၍ ထွက်သွားလေသည်။ ဆွယ်တာနဲ့ အမျိုးသမီး၏ မျက်လုံးထဲ၌ လင်းလက်ထက်ရှမှုနှင့် ဆွေးရိပ်တို့ ရောယှက်ခြယ်မှုန်းထားသည်ဟု မယ်နဒီ မြင်လိုက်ရသည်။

ဒန်းကလေးကို လှမ်းကြည့်လိုက်မိပြန်သည်။

အလို. . ဘုရားရေ. .

ဘယ်သူမှမရှိဘဲ ဒန်းကလေး လှုပ်ကျန်ခဲ့ပုံက တစ်စုံတစ်ယောက် ဒန်းပေါ်က လျှောဆင်းသွားသလိုမျိုးပါလား။

သားလေး အငွေ့အသက်သည် ဆားငံလေနှင့် ပါလာသလို သူမ ရှိုက်နမ်းလိုက်မိ၏။







# အခန်း(၁၀)

ဒီသီတင်းပတ်အတွင်း အခန်းလေးခန်းပြတ်အောင် ရေးနိုင်ခဲ့သည်။ သည်နေ့ သူမ၏ဇာတ်ကောင်ကို ဟိုးက မီးပြတိုက်လေးဆီသို့ ပို့ပေးရမည်။

မီးပြတိုက်ကို အတွင်းကျကျ သွားလေ့လာမှ သဘာဝပိုကျမည်လေ။ လက်နှိပ်စက်ပေါ် လက်တင်၍ စဉ်းစားနေစဉ် တံခါးဝမှာ အရိပ်တစ်ခု ပေါ်လာသလိုမြင်၍ လှည့်ကြည့်လိုက်သောအခါ.

"အပြင်မှာက နေလို့ထိုင်လို့ ပိုကောင်းတယ် မေမေ၊ လာပါ အပြင်သွားရအောင်၊ မေမေက ကတိတွေပေးပြီး ဘယ်တော့မှ သား



www.burmeseclassic.com

www.burmeseclassic.com



ဆီရောက်မလာဘူး. . ."

တံခါးပေါက်ဝတွင် သားလေး. .

သူမကိုရပ်ကြည့်ကာ ပြောနေ၏။

လက်ထဲတွင်လည်း သားလေးဆော့နေကျ အရုပ်ကို ကိုင်ထား၏။ သားလေးကို မြင်လိုက်ရ၍ သူမရင်ထဲ ဟာတာတာကြီး ဖြစ်သွားရသည်။

"သား. ."

ပြောပြောဆိုဆိုနှင့် သားလေးက ချာခနဲ လှည့်ထွက်သွားသည်။

"သား. . သား. . နေဦး"

မယ်နဒီ အပြေးလေး အပေါက်ဝဆီသွားမိသည်။ သားလေး မရှိတော့. .။ နေရာအနှံ့ လိုက်ရှာသည်။ စောစောက သားကိုတွေ့ လိုက်ရတာ အထင်အရှားကြီး ဖြစ်၏။ အသံကိုလည်း နားနှင့်ဆတ်ဆတ် ကြားလိုက်ရခြင်း ဖြစ်သည်။

သူမ မျက်နှာကို လက်ဝါးဖြင့်အုပ်၍ သက်ပြင်းပူကို မှုတ်ထုတ်လိုက်သည်။

စိတ်ပြေလက်ပျောက် လှေဆိပ်က ဘုတ်ကလေးနှင့် မီးပြတိုက်ဘက် မောင်းထွက်လာမိသည်။ မီးပြတိုက်တည်ရှိရာက ကုန်းမြေတစ်ဆက်တည်း ဆိုပေမယ့် ပင်လယ်ဘက်သို့ ထိုးထွက်နေသော ကျောက်ဆောင်ကြီးပေါ်တွင် ဆောက်လုပ်ထားခြင်းဖြစ်သည်။

ကမ်းခြေအတိုင်း လမ်းလျှောက်သွားလျှင်ရသော်လည်း အတော်သွားရမည်ဖြစ်သည်။ သို့ကြောင့် ဘုတ်ငယ်လေးနှင့် သူမ ထွက်လာခဲ့ခြင်း ဖြစ်သည်။ လှိုင်းရေပြင်ကို ထိုးခွဲရင်း မောင်းလာရသည့်





အရသာကို သူမအတော်သဘောကျနေမိသည်။ ပဲ့ကို သေချာထိန်းရင်း သတိကြီးစွာ မောင်းလာခဲ့သည်။

မီးပြတိုက်၏ သစ်သားဘောတံတားလေးမှ လှမ်းတက်ခဲ့သည်။ ကင်မရာလေးနှင့် လှပသည့် ရှုထောင့်တွေကို ရိုက်လာမိသည်။

အို. . ဟိုးအဝေးမှာ မြင်းတွေ၊ အရိုင်းတွေလား. . ပိုင်ရှင်ရှိလား မသိ၊ လွတ်လပ်ပျော်မြူးနေသော မြင်းတွေကိုပါ သူမ အနီးကပ် zoom ဆွဲ၍ ရိုက်ယူသည်။ မြင်းတွေက သောင်စပ်ဆင်းကာ ပြေးကစားနေကြ၏။

ထို့နောက် မီးပြတိုက်နားသွားကာ အဖျားပေါ်တွင် အနီရောင် အရစ်နှစ်ရစ်ဖြင့် ဆေးခြယ်ထားသော လုံးလုံးရှည်ရှည် အဆောက်အဦးကြီးကို ဓာတ်ပုံရိုက်သည်။

ထိုစဉ်. . . နောက်ဆီက ချိုသာအေးဆေးသော အသံကို သူမ စတင်ကြားလိုက်ရသည်။ သူ့ဟာသူ တစ်ယောက်တည်း ပြောနေသလို အသံမျိုးလည်းဖြစ်၏။

"ရှုခင်းက အရမ်းငြိမ်းချမ်းတယ်နော်. ."

သူမ နောက်လှည့်ကြည့်လိုက်သည်။ ငါးမျှားတံနှင့် ငါးတစ်ကောင်. .၊ ပြီးတော့. . ချိုပြုံးသော မုတ်ဆိတ်ကျင်ဆွယ်ငါးပါးနှင့် မျက်နှာနုနုတစ်ခု. .။

"ဩ. . ဟော. . ကျွန်မက ဒီမီးပြတိုက်နားမှာ လူမရှိဘူး ထင်ထားတာ၊ ဟုတ်တယ်. . ရှုခင်းတွေ အရမ်းလှတာပဲနော်"

မယ်နဒီက ကင်မရာကို ပါဝါပိတ်ရင်း ပြောလိုက်၏။

"ရိုက်စရာရှိတာ ဆက်ရိုက်ပါ၊ ကျွန်တော် ဝင်နှောင့်ယှက်



www.burmeseclassic.com

www.burmeseclassic.com



သလိုများ ဖြစ်သွားလား မသိဘူး"

သွားတက်ကလေးများ ပေါ်နေအောင်ရယ်ရင်း ငါးမျှားတံနှင့်လူက ပြောလေ၏။

"ဖြစ်ပါဘူး. . ရပါတယ်"

ထိုလူက မီးပြတိုက်ကို ကြည့်ရင်း. .

"မီးပြတိုက်ဆိုတာကတော့ ပိုးစုန်းကြူး ငါးအကြီးစားကြီး သေနေတာနဲ့ တူတယ်လေ"

သူမကလည်း စာသမားပေမို့. . .

"အလင်းရောင်ထွက်တဲ့ ကယ်တင်ခြင်းသစ်ပင်ကြီးလို့ပြောရင် ပိုလှတာပေါ့. ."

ဖြူဖွေးသော သွားတန်းလေးတွေပေါ်အောင် ကောင်လေးက ရယ်ပြန်သည်။ ရယ်ပုံလေးက အပြစ်ကင်းစင်နေသည်။

"မမက ကဗျာဆန်သားပဲ၊ ကျွန်တော့်နာမည် အင်္ဂါပါခင်ဗျာ၊ ဒီမီးပြတိုက်အစောင့်ပေါ့"

ငါးကိုင်ထား၍ လက်ဆွဲမနှုတ်ဆက်ဘဲ ပြောလာခြင်းပါ။

'အင်္ဂါ'တဲ့ နာမည်က. . ။

"မမက နဒီပါ။ မယ်နဒီပေါ့၊ နေပါဦး. . မီးပြတိုက်တွေဟာ အော်တိုစနစ် ကျင့်သုံးနေကြပြီပဲ"

"ဒီမှာက ခေတ်နောက်ကျနေသေးတယ်လေ၊ ခေတ်မီလာရင်တော့ ကျွန်တော် အလုပ်ပြုတ်ပြီပေါ့ဗျာ၊ ဒါနဲ့ မမက ဒီကျွန်းပေါ် ဘာလာလုပ်တာလဲ ခင်ဗျ"

"မမက စာရေးတယ်လေ၊ မီးပြတိုက်အကြောင်း စာအုပ်ထဲပါနေလို့ လာလေ့လာတယ်လို့ပဲ ပြောရမှာပဲ၊ မမ လောလောဆယ်





နေတာက ဟိုးကအိမ်ကလေးပဲကွဲ့"

လက်ညှိုးထိုးကာ ဟိုးအဝေးမှ လှမ်းမြင်နေရသော သူမအိမ်လေးကို ပြလိုက်၏။ ယောက်ျားပီသလွန်းကာ ရှင်းသန့်နေသော ထိုလူက. . .

"ဟုတ်လား. . ဒါဆို မမနဲ့ကျွန်တော်က အိမ်နီးချင်းတွေဖြစ်သွားပြီပေါ့၊ အဲ့ဒီအိမ်မှာ လူမနေတာကြာပြီလေ မမရဲ့၊ စာရေးဖို့အတွက်ဆိုရင် တော့ အတော်ဝင်မယ့် အိမ်ကလေးပဲ"

"ဟုတ်ပ၊ ဒါနဲ့ ဟိုမြင်းတွေက. ."

"အဲ့ဒါလည်း ဇာတ်လမ်းတစ်ပုဒ်ပဲ မမ၊ အင်္ဂလိပ်အပြေးမှာ သင်္ဘောတစ်စင်းပျက်ပြီး သင်္ဘောပေါ်ပါလာတဲ့ မြင်းတွေလည်း ဒီကမ်းခြေကို ကူးခတ်လာကြတယ်၊ နောက်ပိုင်းတော့ မျိုးဆက်ပြန့်ပွားလာတာပေါ့. . ၊ သားစဉ်မြေးဆက် ဒီကျွန်းမှာ လာသောင်တင်နေကြတာလေ. . ၊

သူတို့တွေက ဒီကမ်းခြေကို အတော်ခုံမင်နေတဲ့ပုံပဲ. . ၊ ဒါနဲ့ မမ ထမင်းဟင်းကျတော့ ဘယ်လိုချက်စားလဲ. ."

"ဒီလိုပဲ. . ဖြစ်သလိုပေါ့၊ မြို့က စည်သွပ်ဘူးတွေ ဝယ်လာတယ်လေ၊ ရွာထဲမှာလည်း သွားစားလို့ရတာပဲ"

"ကျွန်တော်နဲ့ ညစာလိုက်စားပါလား၊ ငါးဟင်းတော့ ကျွန်တော်ကောင်းကောင်း ချက်တတ်ပါတယ်၊ မမနဲ့ ခင်မင်မှုအထိမ်းအမှတ်ပေါ့"

"နောက်မှလာမယ်ကွာ၊ ဒီကိုယူလာတဲ့ အထုပ်တွေတောင် အကုန်မဖွင့်ရသေးဘူး၊ ကဲ. . မမပြန်ဦးမယ် မောင်အင်္ဂါ. . ဟင်းတာင်း. . မင်းနာမည်က ရိုးရိုးလေးနဲ့ အဆန်းပဲနော်. ."



www.burmeseclassic.com

"မမနာမည်ကလည်း ရှားပါးနာမည်ပါပဲ၊ ဘယ်တော့ပြန်လာဦးမလဲဟင်"

"နောက်အပတ်ထဲ ဖြစ်မယ်ထင်တယ်"

"မမစာရေးမယ်ဆိုရင် ဒီမီးပြတိုက်အကြောင်း အူမချေးခါး ကျွန်တော် ပြောပြနိုင်ပါတယ်၊ မမကို ကျွန်တော်မျှော်နေမိမယ် ထင်တာပဲ"

"အိမ်နီးချင်းတွေပဲ တွေ့မှာပါ၊ ကဲ. . သွားမယ် အငဂ်ါ"


သူမ၏ ကျောဘက်အလှကို ဒီသူငယ်လေး ငေးကျန်ရစ်မည်ထင်သည်။

ပင်လယ်လေအေးသည် ယိမ်းနွဲ့နေခဲ့သည်။









# အခန်း(၁၁)

**သား**လေး၏ ပစ္စည်းတွေထဲမှ အင်္ဂလိပ်အက္ခရာ သံလိုက်စာလုံးဘူးလေးကိုယူ၍ ရေခဲသေတ္တာတံခါးတွင် စာလုံးတွေ ပြောက်သောက်လျှောက်ကပ်နေမိသည်။ ဘာရယ်မဟုတ်. . သားလေးကို သတိရ၍သာ သားလေးလုပ်သလို လုပ်နေခြင်းဖြစ်သည်။ သားလေး၏ အငွေ့အသက်ကိုလည်း ရနေသလိုပင်၊ ကပ်ပြီးသောအခါ ပို့က်ဘုတ်သေးသေးလေးထုတ်၍ ကြည့်မိသည်။

မဖျက်ရက်ဘဲ သိမ်းထားသော သားဆွဲထားသည့် ပုံလေးကို အမှတ်ရစွာ သူမကြည့်နေသည်။ ချက်ချင်းဆိုသလိုပင်. . ပို့က်ဘုတ်



www.burmeseclassic.com

www.burmeseclassic.com



လေးထဲမှပုံမှာ ပျောက်သွားပြီး. . စာတစ်ကြောင်း ပေါ်လာ၏။

"နောက်လှည့်ကြည့်ဖို့. . မမေ့ပါနဲ့"

သူမ လန့်ဖျပ်သွားကာ. . နောက်ကို ဇာတ်ခနဲလှည့်ကြည့်လိုက်သည်။ လူတစ်ယောက်ကို မြင်လိုက်၍. . လက်ထဲက ဗိုက်ဘုတ်လေးပင် လွတ်ကျသွားတော့၏။

"ဂလုံး!. . ဂွပ်!. ."

"အမလေး!!. . ."

နောက်က မှန်တင်ခုံရှိ မှန်ထဲပေါ်နေသော သူမအရိပ်ကို လန့်ပြီးအော်လိုက်ခြင်းဖြစ်သည်။ ရင်ဘတ်ကို လက်ဖြင့်ဖိရင်း ပြုတ်ကျသွားသော ဗိုက်ဘုတ်လေးကို အသာအယာကောက်ယူ၍ ပြန်ကြည့်တော့ ဘာစာမှ မရှိတော့ပြီ။

နောက်လှည့်ကြည့်ဖို့ မမေ့ပါနဲ့. . ဘာအဓိပ္ပါယ်ပါလဲ။

တကယ်ပဲ သူမ သရဲခြောက်ခံနေရပြီလား. . ။

ခဏမေ့ထားပြီး စာအုပ်ထဲ ဖွဲ့နှစ်ရပြန်သည်။ ဈာန်လည်းဝင်နေ၏။

ခဏနားစဉ်. . . ယခင်အိမ်ရှင် ထားခဲ့ပုံရသော စင်ပေါ်မှ စာအုပ်တစ်အုပ်ကို ဘာရယ်မဟုတ် အပျင်းပြေကောက်လှန်မိသည်။

စာအုပ်အဖွင့်. . အလွတ်စာမျက်နှာတွင် လက်ရေးနှင့်ရေးထားသော အမှတ်တရစာလေးကို အရင်ဖတ်မိသည်။

*အချစ်ရေ. . .*

*ချစ်မက်ခြင်းဖြင့် တို့တွေ မနေ့ကဆုံးဖြတ်ခဲ့ကြတာ*

*မှန်တယ်နော်. .*

*ကိုယ် (စာမျက်နှာ(၁၂၀)၊ လိုင်း (၈). . )*





စာအုပ်က အချစ်စာအုပ်ဖြစ်သည်။ စာမျက်နှာ(၁၂၀)မှ ဓါတ်ပုံလေးတစ်ပုံ ထွက်လာသည်။

အသက်လေးဆယ်ကျော် ယောကျ်ားတစ်ဦးနှင့် နှစ်ဆယ်ကျော်မိန်းမလှလေးတစ်ဦး ဖက်ထားပုံဖြစ်သည်။

လိုင်း(၈)ကို စဖတ်ကြည့်သည်။ ဒီနေ့. . အချစ်ဆိုတာကို နားလည်ရတယ်၊ အချစ်ဆိုတာ ဘဝဖြစ်တည်မှုပဲ၊ တကယ်လို့ တို့နှစ်ယောက် ဝေးနေတဲ့အခါ. . ကိုယ့်ဘဝ ဖြစ်တည်မှုတစ်ခြမ်းဟာ မင်းသွားတဲ့ ကမ်းဘက်ကို ပါသွားလေရဲ့၊ နှစ်ရွက်ပေါင်းမှ တစ်ရွက်ဖြစ်တဲ့ စွယ်တော်ရွက်လိုပေါ့. . . ။

ဆက်ဖတ်ကြည့်လိုက်မိသေးတယ်၊ မွေ့ရာပေါ်မှာ ပြောနေသော သမုဒယစကားများ ဖြစ်နေသည်။

ပြီးတော့ အပြာရင့်ရင့် အပြုအမူများ. . . ။

သူမ စာအုပ်ကို ဖတ်ခနဲ ပြန်ပိတ်လိုက်သည်။ ဓါတ်ပုံထဲက လူကြီးသည် အရင်သည်အိမ်မှာနေခဲ့သူ ဖြစ်နိုင်သည်။

ညသည် သူမကို စာရေးစားပွဲပေါ် မှေးခနဲ အိပ်ပျော်သွားအောင် တိတ်ဆိတ်နေ၏။

"မမေ ဘယ်သွားသွား. . သား နောက်ကလိုက်နေမှာပဲ"

ကျယ်လောင်သော အသံကြောင့်. . သူမ ဖျတ်ခနဲ နိုးလာသည်။ ရိပ်ခနဲ ပြူတင်းမှန်ရှေ့က သားလေးဖြတ်သွားသည်။ သူမ ထရပ်၍ လိုက်ကြည့်မိသည်။ လှေ့ဆိပ်တံတားလေးဆီ သားလေးဆင်းသွား၏။ စစ်သားရုပ်ကလေးကိုင်၍ တံတားအဆုံးတွင် သွားရပ်နေသော သားလေးသွင်ပြင်က အရှင်းကြီး ဖြစ်သည်။ သူမ တံတားပေါ် တစ်လှမ်းချင်းလှမ်းရင်း သားလေးနား ချဉ်းကပ်သွားသည်။



www.burmeseclassic.com

"သား. . သားလေး. . "

ခေါ်သံကြောင့် သားလေးလှည့်လာပါသည်။ ချစ်စဖွယ် ကြည်ကြည်လင်လင် မျက်နှာလေးပါပင်. . .

"မေမေ"

သူမ သားလေးကို ပြေးဖက်လိုက်သည်။ ငွေ့ခနဲ နွေးထွေးသွားသည်။ တစ်ကိုယ်လုံးဖက်၍ကိုင်၍ ရနေသည်ကို သူမ အံ့သြနေသည်။

"သား ဘာမှမဖြစ်ပါဘူး မေမေ"

"သားလေး ဘယ်မှထွက်မသွားရတော့ဘူးနော်"

"ဟုတ်ကဲ့ပါ မေမေ"

သူမ တင်းကြပ်စွာ ဖက်တွယ်ထားမိသည်။ ဝမ်းသာလုံးဆို့နေသည်။ ခွာ၍ မျက်နှာချင်းဆိုင်ကာ သားမျက်နှာကို ကြည့်သည်။

"လာပါမေမေ သားနဲ့ အတူနေရအောင်လား"

"ဟင်. . သားလေးက ဘယ်မှာနေနေတာလဲ"

ပြုံးပြနေရင်း. . ကျစ်ခနဲ အံကြိတ်၍ သူမကိုပါ ရေထဲဆွဲခေါ်ခုန်ချလိုက်သည်။

"ဗွမ်း!. . "

နှစ်ယောက်သား ရေထဲရောက်သွားတော့ သူမခြေထောက်ကိုဖမ်းဆွဲ၍ သားလေးက ရေအောက်သို့ ဆွဲချနေသည်။ ဘယ်လိုမှ ရုန်းမရ. . သန်မာဘိခြင်း၊ တဖြည်းဖြည်း မွန်းကြပ်လာကာ နက်သထက်နက်၊ နစ်သထက်နစ်သွားလေသည်။

ဖျဉ်းခနဲ သူမ လန့်နိုးလာသည်။ စာရေးစားပွဲမှ ခါးမတ်ရင်း အသက်ကို ဝအောင်ရှူနေရသည်။





သူမတစ်ကိုယ်လုံးလဲ ရေတွေစိုရွှဲလျက်. . .

"ဟင်!. . "

ဘေးမှာ မျက်စိထောင့်က အရိပ်တစ်ခုကို မြင်လိုက်ရသည်။ သူမ ထိုအရာဆီ မျက်နှာလှည့်၍ အသေအချာ ကြည့်လိုက်မိသည်။

"ဟင်. . သားလေး. . "

တကယ်ပင် သူမဘေးမှာ ကပ်၍ရပ်နေလေသည်။ သား မျက်နှာက ဒေါသတွေ ပြည့်နှက်နေ၏။

လျှပ်တပြက် လက်သေးသေးလေးနှစ်ဖက်က သူမ လည်ပင်းဆီ ရောက်လာကာ ပြုတ်တူလို လာဆုပ်၏။

"အား!!. . "

ယောင်ရမ်းရုန်းကန်ရင်း. . . ခုမှပင် သူမ တကယ်နိုးသွားခြင်း ဖြစ်ပါသည်။

သေချာအောင် ဘေးဘီသို့ ကြည့်လိုက်သေးသည်။

သေချာသည် အိမ်ထဲမှာ သူမတစ်ယောက်တည်း. . .

တစ်ယောက်တည်းသော သူမပါလေ. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

မိုး လင်းတော့ မီးပြတိုက်လေး၏ နေရောင်အောက်က အလှကို ပြူတင်းမှ လှမ်းကြည့်နေမိသည်။ စိတ်ထဲက ထိုနေရာသို့ သွားချင်စိတ် ပေါ်လာပြန်၍ သူမဘုတ်နှင့် ကူးခဲ့လိုက်သည်။

ခြေလှမ်းကြနှင့် မီးပြတိုက်အုတ်လှေခါးပေါ် တက်လာခဲ့သည်။ အသင့်ပွင့်နေသော တံခါးကို မြင်နေရသည်။

အထဲမှာ အင်္ဂါက ဟင်းချက်လို့. . .

တံခါးဘောင်ကို. .





"ဒေါက်!. . ဒေါက်!. . ဒေါက်!. . "

"မင်္ဂလာပါ. . အင်္ဂါ"

"နောက်ဆုံးကျတော့ မမ ကျွန်တော့်ဆီ ရောက်လာတာပါပဲလား၊ အတော်ပဲ ငါးဟင်းချက်နေတာ. . စားပြီးမှ ပြန်ရမယ်နော်"

မီးဖိုချောင်တံခါးမှ သူမကိုမြင်မြင်ချင်းပင် အလွန်ပျော်ရွှင်သွားသော အမူအရာ ပေါ်လွင်ပါသည်။

"မီးပြတိုက်နဲ့ ဒီအငူလေးကို လေ့လာဖို့ပဲလား"

"ဒါပေါ့. . ဒီအငူလေးအကြောင်းလည်း တစ်ခန်းပါမှ ဖြစ်မယ်လေ"

"နေ့လည်စာ တစ်ခုခုစားပြီးမှ ကျွန်တော်နဲ့အောင် လိုက်ပို့ပေးမယ်နော်. . မမ"

"တစ်ခုခုဆိုတော့ မင်းမှာရှိတာက ငါးဟင်းပဲဟာကို"

"မမ ငါးမကြိုက်ဘူးလား"

"ကြိုက်ပါတယ်. . ၊ မင်းချက်ထားတာလဲ သွားရည်ကျစရာပဲဟာ. . ကြည့်ပါလား မွှေးလို့"

ချက်ချင်းပင် ပို၍ရင်းနှီးသွားကြသည်။ ငါးဟင်းနှင့် ထမင်းစားသောက်ပြီး ကျောက်ဆောင်တွေဘက် ပန်းသီးစားရင်း ထွက်ခဲ့ကြသည်။

"ဒီက အိမ်ကလေးတွေနဲ့ သူတို့လှေတွေက အရောင်အတူတူပဲ ဆေးသုတ်ကြတယ်နော်"

"ဒီအရပ်က ယဉ်ကျေးမှုပါပဲ၊ အိမ်ထဲကဇနီးက ရေထဲကို လှမ်းကြည့်မယ်၊ ရေထဲကယောကျ်ားက အိမ်ကိုလှမ်းကြည့်မယ်. . အရောင်တူနေဖို့ လိုတယ်လေ၊ စဉ်းစားကြည့်ပေါ့. . စိတ်ခံအားစေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှိမက်တစ် တစ်မျိုးပေါ့. .၊ သူတို့စိတ်ကူးလေးတွေ ဘယ်လောက်ကောင်းလဲနော် မမ”

“အင်း. . ဟုတ်တယ်၊ မမအတွက် ကုန်ကြမ်းရတာပေါ့”

လှိုင်းပုတ်သော ကျောက်ဆောင်တွေကြား လျှောက်သွားကြသည်။

“မင်း ဒီလိုပဲ တစ်ယောက်တည်း အထီးကျန် နေနေတာပဲလား”

“မမလည်း လက်နှိပ်စက်နဲ့ ရေးတယ်ဆိုတော့ အဲ့ဒီလက်နှိပ်စက်နဲ့ အတူထိုင်နေရင် အထီးကျန်ဆန်နေတယ်လို့ ကိုယ်ဟာကိုယ် မထင်မိဘူးလား”

“ဟားဟား. . မင်းက တော်တော်စကားတတ်တာပဲ၊ ဈာန်ဝင်နေရင်တော့ တစ်မျိုးပေါ့၊ ဈာန်မဝင်ရင် lonely က lonely ပါပဲ”

“ကျွန်တော်ကတော့ တစ်ယောက်တည်းနေရတာကို ကြိုက်တယ်”

“မင်း တကယ်ကြိုက်တာလား. .၊ တစ်ယောက်တည်း ရှိနေခြင်းကို တစ်ခုခု အသုံးချနေတာလား”

“ဟုတ်တယ် တစ်ယောက်တည်းရှိနေခြင်းကို ကျွန်တော်အသုံးချနေတာပါ။ ကျင့်သားရလာတော့ အနှောင်အဖွဲ့ကင်းခြင်းက အရသာတွေ့လာတယ်. . လွတ်လပ်လာတယ်၊ တစ်ခုခုကိုလည်း လွတ်လွတ်လပ်လပ် နာကျင်နေလို့ ရတာပေါ့ဗျာ”

ကောင်ချောလေး၏ မျက်ဝန်းများ ညို့ခနဲ ဖြစ်သွားသည်ကို စာရေးဆရာမပဲလေ ဖတ်တတ်သည်ပေါ့. .။

“မင်းက မင်းဘဝကို တမင်အထီးကျန်အောင် လုပ်ထားတာ





ပဲ”

သူက မယ်နဒီ့မျက်ဝန်းတွေကို သေချာစွာကြည့်ရင်း. . .

“အထီးကျန်ခြင်းဟာ မမကို အရှုံးအနှမ်းစိတ် နည်းနည်းတော့. . ဝင်ဖြစ်အောင် ဝင်လာစေလိမ့်မယ်”

မယ်နဒီ သဘောကျလျှက်. .

“မင်းက အတော်ပြောတတ်တာပဲ”

“ထားပါဗျာ၊ ဒါတွေဟာ ကိုယ့်စိတ်ကိုယ် မွန်းကြပ်စေတဲ့စကားတွေပါ။ အခု မမစိတ်ထဲမှာ ဘာတွေရေးနေလဲဟင်”

“ဘာမှ ရေးမနေဘူး. . စိတ်ကိုလွှတ်ထားလိုက်တယ်လေ၊ လောလောဆယ်ပေါ့”

စကားတပြောပြောနှင့် လမ်းလျှောက်ရင်း မီးပြတိုက်၏ ရှေ့တံခါးပေါက်သို့ ရောက်လာကြသည်။ သပ်ရပ်သန့်ရှင်းသော ဧည့်ခန်းအပြင်အဆင်ကလည်း အဆင့်ရှိနေပြန်ပါသည်။

သည်မီးပြတိုက်ကိုပင် ပန်းချီဆွဲ၍ နံရံတွင်ချိတ်ဆွဲထားသေးသည်။ ရေဆေးကားလေး လက်ရာက ရောင်းတမ်းဝင်နိုင်ပါသည်။

“မင်းက ပန်းချီလည်း ဆွဲတတ်သကိုး”

“ကျွန်တော်ဆွဲတာ မဟုတ်ဘူး၊ ကေသီဆွဲခဲ့တာ”

“ကေသီဆိုတာက. . ”

ရုတ်တရက်. . စောစောကလို မျက်ဝန်းတွေ ညိုသွားပြန်သည်။

“ကျွန်တော့်ချစ်သူပါ၊ သူနဲ့မတွေ့တာ. . နှစ်တွေအတော်တောင် ကြာသွားပြီ၊ သူက ဒီလိုနေရာမှာ ကျွန်တော်နဲ့အတူတူမနေနိုင်ဘူးလေ၊ ကျွန်တော် ဘာလို့ဒီမှာနေတယ်ဆိုတာ. . သူ့နားလည်



www.burmeseclassic.com

www.burmeseclassic.com



အောင်လည်း ကျွန်တော်မကြိုးစားတော့ဘူး၊ ကျွန်တော့်အဖေက ဦးသောကြာတဲ့၊ သူလည်း ဒီမှာပဲနေခဲ့တယ်၊ ကျွန်တော့်ဟီးရိုး. . . ကျွန်တော့်ရဲ့ မဟာ့မဟာ အဘိုးတွေက ဒီမှာပဲ ခေါင်းချခဲ့တာလေ"

အင်မတန်လှပသော ကြောင်လိမ်လှေခါးကြီးပေါ် သူက ရှေ့ကတက်. . သူမက နောက်ကလိုက်တက်ရင်း ပြောနေခြင်း ဖြစ်သည်။

"ဒီကမ်းခြေနဲ့ ဒီရွာကို အဘိုးဆောက်ခဲ့တာလေ. . ဦးရာဟုတဲ့၊ ဒီမှာ သူပဲ. . ကျွန်တော့်အဘိုးဆိုတာ"

လှေခါးထိပ်တွင် အဖြူအမည်း ဓါတ်ပုံထဲက အဘိုးက သူမကို ကြင်ကြင်နာနာ ပြုံးပြနေသည်။

အပေါ်ဆုံးထပ် မီးပြတိုက်ဝရံတာပေါ် ရောက်လာကြသည်။ ပင်လယ်ပြင်ကြီး ဟိုးအောက်အဝေးမှာ ကြည်နူးဖွယ်မြင်ကွင်းများ. .

"အို. . ဒါနဲ့တင် ဒီမှာနေဖို့ လုံလောက်ပါရဲ့. . ."

မြင်ကွင်းကိုကြည့်ရင်း မယ်နဒီ ပြောလိုက်ခြင်းဖြစ်သည်။

အပြန်၌ ဘောတံတားအထိ ကောင်လေးက လိုက်ပို့သည်။

လှေဝမ်းထဲ အသင့်ယူလာသော ဘူးပြားလေးကို ဖွင့်လိုက်သည်။ သူမရေးသည့် စာအုပ်ဖြစ်သည်။

"ရော့. . မင်းအတွက် လက်ဆောင်၊ ဒီခရီးစဉ်ကို ဂိုဒ်လုပ်ပေးတဲ့အတွက်ပေါ့. . အဟင်း. . ဟင်း"

"ဟား. . မိုက်တယ်ဗျာ၊ 'ဗုံတီးသမား နိုးထခြင်း-မယ်နဒီ'တဲ့၊ အချစ်လား. . ဒရာမာလား"

"လွှို့ဝှက်သဲဖို့ ပြောမလား၊ ရင်သိမ့်တုန် ပြောမလား၊ Mystery ပေါ့၊ Horror လည်းရောတယ်၊ သည်းခံပြီးဖတ်ပေးပါ. . မမစာအုပ်တွေက ဇာတ်ကိုအဓိက အသားပေးတယ်လေ၊ ဒီစာအုပ်ကတော့ မမရဲ့ ပထမဆုံးစာအုပ်ပဲ"





စာအုပ်ကို လှမ်းယူရင်း အဂ်ီက. .

"အရှိအသေပေးပြီးကို ဖတ်မှာပါဗျာ၊ ဒီထဲမှာ ကျွန်တော် မမကို ရှာကြည့်မယ်လေ"

"မမအတွင်းစိတ်ကို မင်းရှာဖွေတွေ့ရှိရင်တော့. . မင်း လူတော်လေးပေါ့၊ ဒီနေ့ မမပျော်ပါတယ်"

သူမ စက်နှိုးလိုက်သည်။ အဂ်ီက ဆိပ်ခံနှင့်ချည်ထားသော ကြိုးကိုဖြည်ပေးရင်း. . .

"ကျွန်တော်လည်း ပျော်ပါတယ်၊ အကြောင်းရှိရင်. . မီးအချက်လှမ်းပြနော်၊ ကျွန်တော် တစ်ချိန်လုံး မမအိမ်ကို ကြည့်နေမှာ၊ တစ်ခုခုဆို ကျွန်တော့်လှေလေးနဲ့ အမြန်ပြေးလာခဲ့မယ်"

"အေးပါ. . သွားပြီ. . အဂ်ီ"

ကောင်လေးသည် ငါးရံ့ကိုယ်လေးနှင့်မမကို ငေးကာကျန်ရစ်ခဲ့လေသည်။

ညအိပ်ခါနီး မီးကလေး ဖွင့်ပိတ်ပြသည်။

သူမကလည်း ပြန်ပြ၏။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၃)

ပင်လယ်လှိုင်းနှင့် မြက်ရိုင်းတောကြီး ရောနှောကခုန်နေသော မီးပြတိုက်တဝိုက် နေခြည်သည် လက်လက်လင်းလင်း ဖြာဆင်းနေသည်။

သူတို့နှစ်ယောက် စားစရာသောက်စရာများနှင့် ပျော်ရွှင်မဆုံး ကမ်းခြေတစ်လျှောက် လျှောက်လည်ကြသည်။ နေစောင်းပါမှ နောက်နေ့ကိုဆုံရန် ချိန်း၍ ပျော်ရွှင်မှုတစ်နေ့တာ ရုပ်သိမ်းသည်။

နောက်နေ့တော့ ယဉ်ကျေးနေပြီဖြစ်သော မြင်းရိုင်းတွေကို





အတူတူ စီးဖြစ်ကြသည်။ ကျယ်ပြန့်သော သဲသောင်မာမာတင်းတင်းပေါ်၌ မြင်းပေါ်ကမကျအောင် မယ်နဒီ ဖက်တွယ်ထားခဲ့မိသည်။

အင်္ကျီကျောပြင်ကျယ်ကို ဖက်တွယ်ရင်း သူ့ပုခုံးပေါ် ဦးခေါင်းကိုတော့ တင်ခဲ့မိသေးသည်။

အိမ်ပြန်ရောက်တော့ ကြည်နူးစွာ အိပ်ရာပေါ်လှဲမည် ကြံကာရှိသေး. . လှိုင်မှိုထံမှ ဖုန်းဝင်လာ၏။

မယ်နဒီက ကောင်လေးအကြောင်းကို ရင်ဖွင့်၏။

“နဒီရယ်. . နင် သူနဲ့ငြိနေပလား”

“ဘယ်လိုပြောရမှန်းတောင် မသိပါဘူး. . လှိုင်မှိုရယ်”

“ငါ သိချင်တာကို တိုးတိုးမေးမယ်၊ ငါဘယ်သူ့ကိုမှ ပြန်မပြောဘူး၊ ပြောစမ်းကောင်မ. . နင် သူနဲ့ ဘယ်အခြေအနေ ရောက်နေပြီလဲ၊ အတူအိပ်ပြီးပလား. . ”

“ဟား. . ဟား. . နင် ငါ့ကို ဘယ်ဂျာနယ်အတွက် ဗျူးနေတာလဲ လှိုင်မှိုရယ်”

“လှိုင်းသံတွေ ကြားနေရတယ် နဒီ”

“အေးလေ. . ညဆို ရေတက်လာတော့ ရေလှိုင်းတွေကနီးလာပြီး တိတ်ဆိတ်တဲ့အချိန် ပိုကျယ်သလိုဖြစ်နေတာပေါ့. . ပျော်စရာကြီး. . ဟီး. . ဟီး”

“နင်. . စာရေးမှာလား ‘လာရှင်’မှာလား မယ်နဒီ၊ နင်ဟာဘက်စ်ဆဲလား စာရေးဆရာမဆိုတာ မမေ့လိုက်နဲ့၊ ငါ မကြိုက်ဘူးနော်၊ တစ်ခုခုမှားတာနဲ့ နင် ကားခနဲ ဖြစ်သွားမယ်၊ ပြီးတော့ သိပ အောင်လည်း ကျန်ရစ်ကြီးဖြစ်သွားလိမ့်မယ်”

မယ်နဒီ ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီး. .



www.burmeseclassic.com

www.burmeseclassic.com



"ငါက ကလေးလေးလား၊ မြီးကောင်ပေါက် မလည်မဝယ် လေးလား၊ ငါ ပိုင်းခြားတတ်ပါတယ်၊ ကိုသီဟအကြောင်းကိုတော့ လောလောဆယ် ဘာမှမစဉ်းစားချင်သေးဘူး လှိုင်မှို"

"ဟဲ့!. . အဲဒီနေရာဟာ ဆိတ်ကွယ်ရာဟဲ့၊ ငါ စေတနာနဲ့ ပြောနေတာနော်"

"အေးပါဟယ်. . အကြောင်းထူးရင် ငါ ဆက်ပါ့မယ်၊ တော် ပြီ. . . ငါ အိပ်တော့မယ်၊ ငါ့ကို စိတ်ချနေပါ. . ဒါပဲနော်"

ဖုန်းပိတ်လိုက်သည်။







# အခန်း(၁၄)

မယ်နဒီ ကင်မရာကို ထုတ်ကာ. . .

"အင်္ဂါရေ တို့နှစ်ယောက် အမှတ်တရ ဓါတ်ပုံရိုက်ရအောင်၊ ဟိုးက ကျောက်တုံးပေါ် ကင်မရာတင်ပြီး တွဲရိုက်မယ်"

ပြောပြောဆိုဆို ကင်မရာကို auto timer setting လုပ်သည်။

"လာ. . လာ. . မြန်မြန်"

အင်္ဂါလက်မောင်းကိုဖက်တွယ်ရင်း. . အစွမ်းကုန် ပြုံးထား လိုက်သည်။

"ချပ်!. . "



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံကြားသည်နှင့် မယ်နဒီ သားလေးကို သတိရသွား၏။ ရေကန်နား၌ သားလေးနှင့် ရိုက်ထားသော ပုံလေးတွေလည်း သည်ထဲပါနေကြောင်း သတိရသွားသည်။ သားလေးရနံ့က ဝေ့သွားသလို ခံစားလိုက်ရသည်။

ကင်မရာကိုသွားယူ၍ သူမဆီလာနေသော အင်္ဂါက. . ကင်မရာ ပြန်ပေးရင်း. . .

"မမ ဘာဖြစ်သွားတာလဲ၊ ချက်ချင်း အမူအရာပြောင်းသွားသလိုပဲ"

"ဘာမှ မဖြစ်ပါဘူး မမပြန်ဦးမှ. . အိမ်မှာ ကိစ္စလေးရှိသေးလို့"

စိတ်ကိုချွန်းအုပ်၍ သူမ ပြန်လာနိုင်ခဲ့သည်။

ညနေပိုင်း ရွာထဲက ထမင်းဆိုင်လေးတွင် ထမင်းစားပြီး. . သူမတစ်ဦးတည်း ကော်ဖီသောက်နေခိုက် ဆွယ်တာနဲ့အမျိုးသမီး သူမနားလာရပ်၏။ သူမကို ခပ်ဆွေးဆွေး ငုံ့ကြည့်၍. . .

"နောက်ဖေးခြံတံခါးကို ဖွင့်ထားခဲ့လို့ ဖြစ်ရတာလေ. ."

မယ်နဒီ ထိုအမျိုးသမီးကို ကြောင်အမ်းစွာပြန်ကြည့်ရင်း. .

"ရှင်!. ."

ထိုအမျိုးသမီးက တည်တည်ငြိမ်ငြိမ်ပင် ဆက်၍. .

"ဘာလို့ ဒီလောက်တောင်. . ဝမ်းနည်းနေရတာလဲ၊ ရှင့်ယောကျ်ား သေပြီးကတည်းက မဖွင့်ခဲ့တဲ့တံခါးကို ဖွင့်ပြီး ရေကန်ဆီ သွားခဲ့တဲ့ ရှင်နဲ့ သီဟအောင်ဆိုတဲ့ကောင်ရဲ့ အပြစ်ကြောင့်ပဲ၊

ကျွန်မပြောနေတာက. . ပြန်ပိတ်ဖို့မေ့ခဲ့တဲ့ ဂိတ်တံခါးကို ပြောနေတာ၊ သော့ဂလောက်မှာ သော့တန်းလန်းကြီးနဲ့ ကျန်ခဲ့တယ်





လေ၊ ဒါတွေကို ရှင်မမှတ်မိတော့ဘူး မဟုတ်လား"

မယ်နဒီ အတိတ်ကိုပြန်မြင်ယောင်မိသည်။

သူမနှင့် ကိုသီဟတို့ ရေကန်စပ်၌ သွားထိုင်ကြတာတွေကို ပြန်အမှတ်ရသွား၏။

"ခု ရှင့်သားလေး. . ရှင့်ဘေးမှာ အမြဲရှိနေတယ်၊ တစ်ကိုယ်လုံးလည်း ရေတွေစိုရွှဲနေတယ်၊ သူ တစ်ချိန်လုံးလည်း ငိုနေတယ်၊ ပြီးတော့ ရှင်သွားလေရာကို တကောက်ကောက်လိုက်လို့ ခုတောင် ရှင့်လက်ကို သူကိုင်ဖို့ ကြိုးစားနေတယ်၊ ဒါတွေ ရှင်မသိဘူး မဟုတ်လား. . ."

ထိုစဉ် သူမ၏ ဘယ်လက်သည် အေးခနဲ ဖြစ်သွားလေ၏။ မယ်နဒီတစ်ကိုယ်လုံး ကြက်သီးများထသွားကာ ညာလက်က ကော်ဖီခွက်လည်း ပြုတ်ကျသွားလေတော့သည်။

"ခွမ်း!. ."

ရပ်ကြည့်နေသော ဦးလှခင် အနားရောက်လာကာ ဖန်ကွဲစတွေ ကောက်သိမ်းပြီး ထွက်သွားသော ဆွယ်တာနှင့် အမျိုးသမီးကို ကြည့်ရင်း. . .

"ခက်မိုးဆွေ သမီးကို ဘာတွေပြောသွားတာလဲ၊ သူက သိပ်စိတ်မနှံ့ဘူးကွဲ့၊ ပြောချင်ရာပြောတယ်. . တစ်ယောက်တည်းလည်း စကားတွေ ပြောပြောနေတတ်တယ်"

"ခက်မိုးဆွေတဲ့လား၊ နေပါဦး. . သူက ဘယ်သူနဲ့နေလဲ၊ ဘယ်မှာနေလဲ၊ ဘာလုပ်လဲ ဦးလှခင်"

"သူက ကလေးအရုပ်နဲ့ ကလေးကစားစရာတွေ လုပ်တယ်၊ တစ်ယောက်တည်းနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ လိပ်စာတောင်း၍. . ဦးလူခင်က လိပ်စာပြောပြလိုက်သည်။ မယ်နဒီ ထိုအမျိုးသမီးအိမ်သို့ အရောက်သွားကာ တံခါးကို ခေါက်လိုက်၏။

"ဒေါက်. . ဒေါက်. . ဒေါက်. ."

အပြင်က တံခါးခေါက်သံကို ဆွယ်တာနှင့် အမျိုးသမီး ကြားသွားသည်။ စားပွဲတွင် အရုပ်တစ်ရုပ်၏ ခေါင်းနှင့်ကိုယ်ကို ဆက်ရင်း ခက်မိုးဆွေ ရှေ့တူရူရှိ ထိုင်ခုံသို့ကြည့်ကာ စကားပြောနေသည်။

"တံခါးခေါက်သံကို ငါ ကြားနေရတယ်၊ ဘယ်သူလဲ ငါသိတာပေါ့၊ မကြားချင်ယောင်ဆောင်နေတာ အကောင်းဆုံးပဲလေ"

"အထဲမှာ လူရှိသလားရှင်. . ."

"ဒေါက်. . ဒေါက်. . ဒေါက်. . ."

"ဖွင့်မပေးဘူး. . သွားမတွေ့ဘူး၊ ငါ သူ့ကို ဘာမှပြောမပြချင်တော့ဘူး၊ မင်းလည်း ပြောချင်တာပြောတော့၊ ငါ နားမထောင်တော့ဘူး၊ ငါထိုင်နေတဲ့ခုံကလည်း ထလိမ့်မယ်မထင်နဲ့၊ ပိုက်ဆံထုပ်ကြီးထမ်းပြီး. . မင်း ကြွလာတာတောင် မထဘူးမှတ်၊ ငါလည်း ဘယ်သူ့ကိုမှ မကယ်တင်နိုင်ဘူး၊ တော်တော်ဆိုးဆိုးဝါးဝါးတွေ ဖြစ်လာတော့မယ်ဆိုတာ ငါသိနေတယ်"

ဆွယ်တာနှင့်အမျိုးသမီး အသေအချာကြည့်၍ တစ်ခွန်းချင်း တိတိကျကျ ပြောနေခြင်းဖြစ်သည်။

သူမပြောနေသည်က မျက်နှာချင်းဆိုင်က လူမရှိသော. . ကုလားထိုင်တစ်လုံး ဖြစ်နေခြင်းကတော့ ဆန်းသည်။

ဘယ်လိုမှ တံခါးမဖွင့်ပေးသည့်အတွက် မယ်နဒီ စိတ်ပျက်စွာ အိမ်ပြန်လာခဲ့သည်။





အပြင်မှာ မိုးတွေညို့တက်လာသည်။ အိမ်ရောက်တော့ မီးဖိုထဲဝင်ပြီး အင်္ဂလိပ်စာလုံး အက္ခရာတွေ ပြန့်ကြဲအောင် ကပ်ထားသော ရေခဲသေတ္တာတံခါးကို ဖွင့်သည်။ အထဲက ပျားရည်ဝိုင်ပုလင်းကို လှမ်းယူပြီး တံခါးပြန်ပိတ်လိုက်သည်။

"ဂျိတ်!. ."

ရေခဲသေတ္တာ အဖုံးတံခါးကို အမှတ်တမဲ့ကြည့်လိုက်ရာ သူမ ကြက်သီး ဖြန်းခနဲ ထသွားရသည်။ ရေခဲသေတ္တာပေါ်က စာလုံးတွေ တဖြည်းဖြည်းချင်း ရွေ့သွားကြပြီး. . I AM HERE ဆိုသော သားလေးရေးနေကျ စာတန်းလေး ဘွားခနဲပေါ်လာ၍ ဖြစ်သည်။

"သား. . သားလေး. ."

အိမ်ထဲအနှံ့ လှည့်ပတ်ရှာမိသည်။ သို့သော် သားလေးကိုမတွေ့၊ စိတ်ရှုပ်ထွေးစွာနှင့်ပင် ပျားရည်ဝိုင်ကို အားကုန်မော့ချလိုက်လေတော့သည်။ တစ်ယောက်တည်းစဉ်းစားရင်း ခေါင်းတွေရှုပ်ထွေးပြီး တင်းကျပ်လာသည်။ တစ်ယောက်ယောက်ကို ရင်ဖွင့်တိုင်ပင်ချင်လာသည်။

ထို့နောက်. . ဘောတံတားသို့ဆင်းကာ ဘုတ်ငယ်လေးဖြင့် အထီးကျန်လွန်းလှသော မီးပြတိုက်ဆီသို့. . . အထီးကျန် မယ်နဒီ မောင်းသွားလေတော့သည်။

မိုးထဲရေထဲ မီးပြတိုက်တံခါးကို သူမ ခေါက်နေမိသည်။

သို့သော်. . အဂ်ီက မကြား. .

အောက်ထပ် ပြူတင်းပေါက်ရှိရာသို့သွားကာ. . ခေါက်ပြန်သည်။

"ဒေါက်. . ဒေါက်. ."



www.burmeseclassic.com

www.burmeseclassic.com



မိုးကလည်း သည်းထန်စွာ ရွာသွန်းနေသည်မို့ သူမကိုယ်ကိုကျုံ့ရင်း အရမ်းချမ်းနေမိသည်။ အတော်ကြာမှ အသံကြားသွား၍ လားမသိ အင်္ဂါ ထွက်လာသည်။

"ဟာ. . မမ စိုရွှဲလို့၊ လာလာ. . အထဲဝင်"

နွေးထွေးသော သူ့အဝတ်အစားနှင့် လွှောစောင်ကို ခြုံပေးရင်း မီးဖိုလေးတွင် မီးလှုံဖြစ်ကြသည်။ အဖြစ်အပျက်တို့ကို အင်္ဂါအားရင်ဖွင့်ပြသည်။

"အဲ့ဒါ. . ဖြစ်နိုင်သလား အင်္ဂါရယ်"

"ကျွန်တော်လည်း မသိဘူးလို့ပဲ ပြောရမှာပဲ"

ခက်မိုးဆွေ လာပြောတာတွေနှင့် သူ့လက် အေးခနဲ အကိုင်ခံရပုံ၊ ရေခဲသေတ္တာပေါ်က စာလုံးတွေ ရုတ်ချည်းပြောင်းပုံတို့ကို သူမက ပြောပြရင်း မေးခွန်းထုတ်နေခြင်း ဖြစ်သည်။

"သားလေး ဆက်သွယ်တာ မဖြစ်နိုင်ဘူးလားဟင်"

"ဖြစ်နိုင်ပါတယ်. . ၊ မမက ပရလောကကို ပိုနီးစပ်သူပါဗျာ၊ သေသွားတဲ့လူတွေကို ကျွန်တော်တို့ လွမ်းတာထက်. . သေသွားတဲ့လူတွေက ကျွန်တော်တို့ကို ပိုလွမ်းနိုင်တာပေါ့ဗျာ"

အင်္ဂါပြောပုံက ပရလောကသားတွေက လူသားတွေကို ပိုလွမ်းနိုင်သည်တဲ့. . . ။

"မမ အမြဲတွေးနေမိတာက သားလေး ရေထဲမှာ ရုန်းကန်နေတဲ့အချိန်မှာ. . မမ သူ့ဆီရောက်မသွားတဲ့ အချိန်ကလေးကိုပါပဲ၊ သူ့ကို မမ မကယ်တင်နိုင်ခဲ့ဘူး၊ မကာကွယ်နိုင်ခဲ့ဘူး၊ အဲ. . အဲ့ဒါကို ယူကြုံးမရ တကယ်ဖြစ်ရပါတယ်ကွယ်. . ဟင့်. . ဟင့်. . "

ပြောရင်း သူမ မျက်ရည်တွေ ကျလာတော့သည်။





"အဲ့ဒါတွေတွေးရင် စာရေးလို့ကို မရတော့ဘူး၊ ဒီကိုလာတာ စာ. . ရေး. . ဖို့. . အဟင့်ဟင့်. . အရင်ဘဝကို မေ့ဖို့. . "

ပြောရင်း မျက်ရည်တွေ လိမ့်ဆင်းလာပြန်သည်။

သူက. . တယုတယ သုတ်ပေးရင်း. . သုတ်ပေးရင်း. . မျက်နှာချင်း နီးကပ်လာနေသည်။

ထို့နောက်. . မယ်နဒီ နှုတ်ခမ်းဖူးလေးဆီ အနမ်းတစ်ပွင့် ရောက်လာ၏။

စိတ်ကျအားငယ်ခြင်းသည် အယုအယကို တောင်းခံလာ၏။ အယုအယသည် လက်ပွန်းတတီးကို တောင်းခံလာ၏။ လက်ပွန်းတတီးသည် ဆိတ်ကွယ်ရာ၌ အာသီသကို တောင်းခံလာ၏။

အာသီသသည် ထဲထဲဝင်ဝင် ဝတ်မှုန်ကူးလေတော့၏။

မီးပြတိုက်လေးထဲ ပန်းတစ်ပွင့် ပွင့်အာလာလေသည်။

ဒါကို လွတ်လပ်မှုရမွက်ပန်းဟု ခေါ်ဆိုနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

အဂ္ဂီက သူမကို အမှတ်တရ သစ်သားလှေ သေးသေးလေး ကိုယ်တိုင်လုပ်၍ လက်ဝါးပေါ်တင်ပေးသည်။ သူမကလည်း အမြတ်တနိုး ယူသည်။

"မမ ဒီအပြင်က ပိုက်တန်းပေါ်မှာ သော့အပိုတစ်ချောင်း အမြဲတင်ထားမယ်၊ ကျွန်တော် ငါးမျှားသွားနေတာပဲဖြစ်ဖြစ်၊ အပြင်သွားနေတာပဲဖြစ်ဖြစ် . . မမ ဒီအထဲဝင်နေလို့ရအောင်ပေါ့"

ပိုက်တန်းဘောင်ပေါ် သော့ကိုတင်လိုက်ရင်း အဂ္ဂီ ပြောလိုက်၏။





ထို့နောက် သောင်ပြင်တွင် အတူလမ်းလျှောက်ရင်း မီးကျွမ်းနေသော သစ်သားတိုင်တွေအနီး၌ ကမာကောင်၏ အခွံတစ်ခုကို မယ်နဒီ ကောက်ကိုင်ကာ . . သဲတွေကိုလက်နှင့် ခါချလိုက်၏။

"ဒီအခွံလေးဟာ ပုလဲတစ်လုံးရဲ့ မိခင်ပဲ၊ လာ မောင်လေး ဟိုနားမယ် အတူတူမြှုပ်ရအောင်"

မီးလောင်သစ်သားတိုင်နားသွားကာ ထိုကမာခွံလေးကို နှစ်ယောက်သား သဲထဲမြှုပ်ကြသည်။

"ကဲ . . တစ်ချိန်ချိန် တစ်ယောက်တည်း ဒီနေရာကို ပြန်လာသူက အလွမ်းပြေ ဖော်ကြည့်နိုင်တာပေါ့"

"အွန် . . မမနဲ့ကျွန်တော်က ကွဲမယ်ဆိုတဲ့ သဘောလား"

"ကံကြမ္မာဆိုတာ ပြောလို့မရဘူးလေကွာ၊ ဒါနဲ့ မောင်လေး ဦးလူခင်ဇနီး ဒေါ်မယ်တင်မွေးနေ့ကို လာမှာလား"

"ဘယ်တော့လဲ မမ"

"နက်ဖြန်လေ ထမင်းဆိုင်မှာလုပ်မှာတဲ့၊ လူရင်းတွေ နည်းနည်းပါးပါး ဖိတ်တာတဲ့၊ မမကတော့ အထူးဧည့်သည်ပေါ့ . . မင်း လာခဲ့ပါလားကွာ"

"လာပါ့မယ် ဘယ်အချိန်လဲ"

"နေ့ခင်း နှစ်နာရီဝန်းကျင်ပဲ"

နှုတ်ဆက်အနမ်းနှင့် ဘုတ်ကြိုးကို သူဖြုတ်ပေးခဲ့သည်။

"နက်ဖြန် နှစ်နာရီနော်"

လက်ကလေးနှစ်ချောင်းထောင်ပြကာ မေ့မှာစိုး၍ မယ်နဒီ ထပ်သတိပေးလိုက်သည်။

"အိုကေ . . မမ"



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ နှစ်နာရီမထိုးခင် သူမ အိမ်ကထွက်လာပြီး ရှာဦး ဘုန်းကြီးကျောင်းရှိ စေတီတွင် ဆုတောင်းလိုက်သေးသည်။ နှစ်ကာ လကြာမြင့်ပြီဖြစ်သော စေတီမှာပျက်ဆီးယိုယွင်းစ ပြုနေပြီမို့ ပြုပြင်ရန် အလှူငွေထည့်ရဦးမည်ဟု တွေးမိသေးသည်။

ထမင်းဆိုင်ထဲ ဝင်လိုက်သည်နှင့် ပျော်မြူးနေသော ဦးလူခင်နှင့် ဒေါ်မယ်တင်တို့ကိုတွေ့ကာ သူမပါ ကြည်နူးသွားမိသည်။

"လာဟေ့. . မယ်နုဒီ၊ သမီး နေရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် ဦး၊ ဒီမှာ ဦးဇနီးအတွက် မွေးနေ့လက်ဆောင်၊ ကချင်လွယ်အိတ်လေး ကျွန်မ ကချင်ပြည်နယ်ရောက်တုန်းက ဝယ်လာတာ"

"ကျေးဇူးပါကွယ်. . လှလိုက်တာ"

မွေးနေ့အတွက်ကျွေးသော ထမင်းကို ထိုင်စားရင်း သောင်ပြင်၌ ဘောလုံးကန်နေသော ကလေးတွေကို လှမ်းကြည့်နေမိသည်။

သူမကတော့ အင်္ဂါကို မျှော်နေမိသည်။

နှစ်ချက်တောင် ခွဲနေပြီ၊ ဟာ. . မောင်လေးလာမယ်ပြောပြီး ဘာဖြစ်နေပါလိမ့်။ အင်္ဂါကို လူကြားသူကြားထဲ ပြန်လာစေချင်သည်။ အထီးကျန်ဆန်နေသောဘဝကို အသစ်တစ်ဖန် မွေးဖွားပေးချင်သည့် ဇောဆန္ဒက လည်တဆန့်ဆန့် မျှော်နေမိ၏။

သို့သော် အင်္ဂါက ပေါ်မလာ. . .။

သူ. . လာများ လာသွားလေသလား၊ ငါ့ကို မတွေ့လို့ ကြိုဆိုဧည့်ခံမည့်သူ မရှိဘဲ ကြောင်တောင်တောင်နှင့် လှည့်ပြန်သွားလေသလား။

ဟုတ်ပ. . အခုဆို သုံးနာရီပဲထိုးနေပြီ ဟုတွေးရင်း ဆိုင်အ





တွင်းခန်းသို့ ဝင်လာခဲ့သည်။ ထမင်းဝိုင်းတစ်ခုတွင် အသိမိတ်ဆွေများနှင့် ထိုင်စကားပြောနေသော ဒေါ်မယ်တင်ကိုလှမ်းတွေ့၍. .

"ဒေါ်ဒေါ် သမီးပြောစရာတစ်ခု ရှိလို့ပါ. . ၊ စကားဝိုင်းကို နှောင့်ယှက်သလိုများ ဖြစ်နေမလားပဲ"

"အို. . . ရပါတယ် သမီးရယ်၊ ပြောပါကွယ်"

အားလုံး ငြိမ်သက်စွာ နားထောင်နေကြစဉ် သူမက. .

"သမီးက ဧည့်သည်ပေမယ့် အသိမိတ်ဆွေတစ်ယောက်ကို ဒီမှာတွေ့ဖို့ မနေ့က ချိန်းလိုက်မိတယ်"

"ဘယ်သူများပါလိမ့်၊ ဒီရွာကပဲလား"

"သူက. . ဟိုး မီးပြတိုက်ကပါ။ သူ့နာမည်က အင်္ဂါတဲ့"

အားလုံးမျက်နှာသည် အံ့သြသော အမူအရာသို့ ချက်ချင်း ပြောင်းလဲသွားကြသည်။ သူတို့အချင်းချင်းလည်း တစ်ယောက်ကို တစ်ယောက် ပြန်ကြည့်လိုက်ကြသည်။

"သမီး ဘာတွေပြောနေတာလဲ"

ဒေါ်မယ်တင်က အံ့သြသောအမူအရာဖြင့် ပြန်ပြော၏။ အားလုံးအကြည့်တွေက သူမဆီသို့ ကျရောက်သွားလေသည်။

"ဟုတ်ပါတယ်၊ သူနဲ့ချိန်းထားတာ. . လွန်ခဲ့တဲ့ တစ်နာရီလောက်ကပါ၊ သူ့ကိုများ ဒေါ်ဒေါ်တို့ တွေ့လိုက်ကြသေးလားလို့ပါရှင်"

"သမီးပြောတာတွေက အဆန်းပါလားကွယ်၊ နေပါဦး သမီးပြောနေတာ မီးပြတိုက်စောင့်ကြီး ဦးသော်ကြာရဲ့သား မောင်အင်္ဂါကိုတာ သေချာသလား"

"ဟုတ်ပါတယ်ရှင် သူ့အဖိုး ဦးရာဟုက ဒီရွာနဲ့ မီးပြတိုက်ကို



www.burmeseclassic.com

www.burmeseclassic.com



တည်ခဲ့တယ်လို့ သူကပဲ ပြောပြပါတယ်"

"တို့ကောင်းကောင်းသိတာပေါ့. . သမီးရဲ့ မောင်အဂ္ဂါက ဘယ်လိုရုပ်မျိုး၊ ဘယ်လိုပုံစံမျိုးပါလိမ့်လဲ. . ."

"ဆံပင်နက်နက်၊ မျက်လုံးညိုညို၊ အသက်က (၂၃)ကျော်ကျော်၊ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ရင်အုပ်ကျယ်ကျယ်၊ ရယ်လိုက်ရင် ညာဘက်ပါးလေးမှာ ပါးချိုင့်နဲ့လေ"

"အေး. . ဟုတ်တယ်၊ အဲဒါ မောင်အဂ္ဂါပါပဲ၊ ဒါပေမယ့်. . သူ့ကို တို့တွေမတွေ့တာ. . ."

ဒေါ်မယ်တင် ခေါင်းကိုခါရမ်းရင်း ဆက်ပြော၏။

"တို့တွေဆိုတာ တစ်ရွာလုံးမတွေ့တော့တာ (၇)နှစ်လောက်ရှိပြီကွဲ့"

"ရှင်!. . သူရှိပါတယ်ရှင်၊ မနေ့ကပဲ ကျွန်မနဲ့ တွေ့ခဲ့တာပါ"

ဒေါ်မယ်တင်နှင့် ဘေးတွင်ထိုင်နေသော အမျိုးသမီးများ၊ ကြားနေရသောလူများ တိတ်ဆိတ်စွာဖြင့်. .၊ ပြီးတော့. . အံ့ဩစွာ မယ်နဒီကို ဝိုင်းကြည့်နေကြလေပြီ။

"သူသေသွားတာ (၇)နှစ်ရှိပြီလို့ပြောတာ သမီး"

"ရှန်!. . ဟင်းဟင်း. . ကျွန်မကို မနောက်ကြပါနဲ့ရှင်"

"ဒါ နောက်စရာမှ မဟုတ်တာကွယ်၊ တစ်ရွာလုံး သိနေတာပဲ၊ သူနဲ့သူ့ချစ်သူကို တို့တွေပဲ သောင်ပြင်မှာ မီးသင်္ဂြိုလ်ခဲ့ရတာပဲဟာ. ."

မယ်နဒီက မယုံ. . ။ အဂ္ဂါ ရှိနေသေးသည်ဟု တထစ်ချယုံကြည်နေသည်။

"မဖြစ်နိုင်တာရှင်. . ဘာများ လွဲနေသလဲမသိဘူး"





"အဲ့ဒီစကားကို ဒေါ်ဒေါ်က ပြောမလို့ မိန်းကလေး၊ သမီးစိတ်တွေ. . ပုံမှန်တော့ ဟုတ်ပါတယ်နော်"

ဦးလူခင်ပါ သူတို့စကားဝိုင်းနား ရောက်လာပြီး. . .

"ဟုတ်တယ် မယ်နဒီ၊ သူသေသွားတာ ကြာပြီပဲ. . ခြောက်နှစ်ကျော်. . ခုနစ်နှစ်ရှိပြီလေ"

"ဟင်းဟင်း. . . အတည်ပေါက်နဲ့ ဝိုင်းနောက်နေကြတယ်ထင်တယ်"

သူမကတော့ မယုံနိုင်သေး. .

"မှတ်ဘူး မယ်နဒီ၊ ဒါ နောက်ပြောင်စရာ ဟာသတစ်ပုဒ်မှ မဟုတ်တာ"

"ဦးလူခင်တို့ အဲဒီမီးပြတိုက်ဘက်မရောက်တာ ကြာပြီထင်တယ်"

"ဘယ်သူမှ အဲဒီကိုမသွားကြဘူး မယ်နဒီ၊ အဖြစ်ဆိုးတွေတစ်ကယ်ဖြစ်ခဲ့တဲ့နေရာမို့လေ. ."

အားလုံးက သူမကို သနားသည့်အကြည့်များနှင့် ဝိုင်းကြည့်နေကြပြီ ဖြစ်သည်။

"မှတ်ဘူး. . မှတ်သေးဘူး၊ အားလုံး. . ဦးတို့အားလုံး. . ကျ. . ကျွန်မကို ဒီလိုမလုပ်သင့်ဘူး၊ အတည်ပေါက် မျက်နှာတွေနဲ့ ကျ. . ကျွန်မက ဧည့်သည်ပါ. . စာလာရေးတာပါ၊ အဂ္ဂါ တကယ်ရှိတယ်၊ ကျွန်မ ဦးတို့ကို သက်သေပြမယ်. ."

လူအုပ်ကြားကနေ သူမ ဟိုကြည့်ဒီကြည့်နှင့် ပြန်ထွက်လာခဲ့ရတော့သည်။

"သရဲတစ္ဆေစာအုပ်ရေးတဲ့ နာမည်ကျော် မယ်နဒီလို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ သူကိုယ်တိုင် သရဲခြောက်ခံနေရပြီ ထင်တယ်"

"ငယ်ငယ်ချောချောလေးပါဟယ်. . စောစောစီးစီးကုရင် ပျောက်နိုင်ပါတယ်ဗျာ"

"အေးဟယ်. . စိတ်မမှန်ရှာတာ အပြင်ဘန်းကြည့်ရင် သိတောင်မသိနိုင်ဘူး၊ ယဉ်ယဉ်လေးနော်"

"ရှင်တို့ကလည်းနော်၊ သူရေးနေတဲ့ ဇာတ်လမ်းလားမှ မသိတာ"

တစ်ယောက်တစ်ပေါက်ပြော၍ ကျန်ခဲ့ကြသည်။

တစ်ယောက်တည်း တွေဝေ၍ ပြန်လာခဲ့သည်။

ပင်လယ်ပြင်တွင် လှိုင်းကလည်း ထန်လွန်းနေသည်။

ညဘက် သူမအချက်ပြကြည့်သည်။ ဘာမှပြန်မပြ။

နောက်နေ့မနက် လှိုင်းငြိမ်သက်သွားတော့ မီးပြတိုက်ဆီသွားကြည့်ချင်စိတ်က သူမကို တွန်းပို့နေ၏။ စက်ကုန်ဖွင့်ကာ ဘုတ်ကို သူမ မောင်းလာခဲ့သည်။ အင်္ဂါရဲ့လှေက ရှိမနေ။ ဘုတ်ကပ်၍ တံတားပေါ် တက်ခဲ့သည်။

အင်္ဂါ့လှေကြိုးသည် ပြတ်တောက်နေ၏။ ခြေလှမ်းကြဲဖြင့် မီးပြတိုက်ပေါ် တက်လာခဲ့သည်။ ရှေ့တံခါးပေါက်က ပိတ်ထားသဖြင့် အထဲတွင် အင်္ဂါများ ရှိလေမလားအတွေးနှင့်. . .

"ဒေါက်. . ဒေါက်. . ဒေါက်. . ."

အထဲကို မှန်တံခါးမှတဆင့် ချောင်းကြည့်သည်။ ဘာဆိုဘာမှမမြင်ရ။ သူမ သတိရသွားသည်။ သော့အပို ထားခဲ့သည်ဟု အင်္ဂါပြောခဲ့သည် မဟုတ်ပါလား. . .

ပိုက်တန်းဘောင်ပေါ် စမ်းကြည့်သည်။ ထူးဆန်းစွာ သော့





ကရှိမနေတော့။ တံခါးကို တွန်းမည်အပြု. . တံခါးက သူ့ဟာသူပင် ကျီခနဲပွင့်သွားလေသည်။

"အင်္ဂါ. . အင်္ဂါ. ."

အလိုဘုရားရေ. . .

လူတစ်ယောက် နေထိုင်ခဲ့သော ခြေရာလက်ရာ ဘာမှမရှိ အားလုံးပြောင်ရှင်းနေ၏။ မီးဖိုချောင်တွင်လည်း အသုံးမပြုတာ ကြာခဲ့ပုံရသော မီးဖိုချောင်သုံး ပစ္စည်းများသာရှိ၏။ ဖုံတော့တက်မနေ။ အေးလေ. . ဖုံရှိသောအရပ်လည်း မဟုတ်ပေဘူးကိုး။ သူမ အံ့အားသင့်ခြင်းဖြင့် တံတွေးမျိုရင်း ဝေါ်ကြည့်နေမိသည်။

"အထီးကျန်ခြင်းဟာ. . မမကို အရှုးအနှမ်းစိတ် နည်းနည်းတော့. . ဝင်ဖြစ်အောင် ဝင်လာစေလိမ့်မယ်"

အင်္ဂါပြောခဲ့သော စကားသံတွေ ပြန်ကြားနေရသလိုရှိ၏။

"ကျွန်တော့်အဖေက ဦးသောကြာတဲ့ သူလည်း ဒီမှာပဲနေခဲ့တယ်၊ ကျွန်တော့်ဟီးရိုး. . . ကျွန်တော့်ရဲ့ မဟာ့မဟာ အဘိုးတွေက ဒီမှာပဲ ခေါင်းချခဲ့တာလေ"

"မမက ပရလောကကို ပိုနီးစပ်သူပါဗျာ၊ သေသွားတဲ့ လူတွေကို ကျွန်တော်တို့ လွမ်းတာထက်. . သေသွားတဲ့လူတွေက ကျွန်တော်တို့ကို ပိုလွမ်းနိုင်တာပေါ့ဗျာ"

နံရံကပ်မီးဖိုလေးက ပြာတောင်မရှိ၊ အေးစက်နေသည်။

ပြီးတော့ သူနဲ့နဒီ လက်ပွန်းတတီး ထဲထဲဝင်ဝင် ချစ်မက်ခဲ့ကြတာပါ၊ ဒါဟာ. . ဒါဟာ. . တကယ်ပါ။

"မယ်နဒီ. ."

"အမလေး!. ."



www.burmeseclassic.com

www.burmeseclassic.com



သူမ အရမ်းလန့်သွားသည်။

ရဲဝန်ထမ်းဟောင်း ဦးလူခင် ဖြစ်နေသည်။

"ကျ. . ကျွန်မ အင်္ဂါကို လာရှာတာပါ"

"သမီးကို စိတ်ပူလို့ ဦးလိုက်လာတာ၊ တကယ်တော့ အင်္ဂါဟာ သေခဲ့ပြီ၊ မီးသင်္ဂြိုလ်တဲ့ ဈာပနမှာ ဦးကိုယ်တိုင်ရှိတယ်၊ ဦးကိုင်ရတဲ့ အမှုပါကွယ်. . ယုံပါ. . ၊ မီးပြတိုက်အပေါ်ဆုံးကနေ ခုန်ချပြီး ကျောက်ဆောင်ပေါ်မှာ သူသေခဲ့ရတာ. . "

"ကျွန်မ မနေ့ညက သူနဲ့အတူတူ ဒီမှာရှိနေခဲ့တာ. . ဦး"

"ဘယ်လိုမှ မဖြစ်နိုင်တာပဲ၊ လွန်ခဲ့တဲ့ (၇)နှစ်က ဦးလည်း သူ့ဆီလာဖူးတယ်၊ ဦးနဲ့သူနဲ့ ခင်ပါတယ်၊ ခဏခဏ အတူတူငါးမျှားဖူးတယ်လေ၊ အင်း. . ပြန်မြင်ယောင်မိတယ်၊ ဟိုမီးဖိုခန်းမှာ တုံးလုံးလဲနေတာက သူ့ချစ်သူကေသီ၊ ကေသီဟာ လူတစ်ယောက်နဲ့ ဖောက်ပြန်နေတာကို ရွာထဲက စောစောပြန်လာတဲ့အင်္ဂါက အိပ်ရာထဲ ပက်ပင်းမိတာလေ"

"သုံးယောက်သား အပြင်းအထန် ရန်းရင်းဆန်ခတ် ဖြစ်နေချိန်မှာ ဦးကရောက်သွားခဲ့တာ၊ တံခါးပိတ်ထားလို့ ဝင်ခွင့်မရခဲ့ဘူး၊ အပြင်ကနေ အားလုံးကို လှမ်းမြင်နေရတယ်၊ ကေသီကတော့ ဆွဲရင်းလွဲရင်း အရှိန်နဲ့လဲကျပြီး အုပ်ဆက်ပွင့်တာ ပွဲချင်းပြီးပဲ၊ ဝေလင်းဆိုတဲ့ ကြာကူလီကောင်ကိုတော့ ဟိုက သံချိတ်ကြီးမှာ တွဲလောင်းဆွဲပြီး သူသတ်ခဲ့တယ်"

ဦးလူခင်က ဖြစ်ပျက်သွားသောနေရာများကို ညွှန်ပြရင်း ဆက်ပြောလေသည်။

"ပြီးတော့ အင်္ဂါ မီးပြတိုက်အပေါ်ဆုံးကို ပြေးတက်သွားတာ





ဦး မြင်လိုက်တယ်၊ မှန်ရိုက်ခွဲပြီး. . ဦး အထဲဝင်ခဲ့ရတယ်၊ အင်္ဂါဆီ အမှီလိုက်ပါသေးတယ်၊ ဒါပေမယ့် မမှီတော့ဘူး၊ သူ့ကို အဝတ်ထုပ်လေးလို ကျောက်ဆောင်ပေါ် ပုံရက်သားလေး အပေါ်စီးက သွေးသံရဲရဲနဲ့ မြင်ခဲ့ရတယ် သမီးရေ"

သူမ ဘာပြန်ပြောရမှန်းမသိ၊ ပြောစရာစကားလည်း မရှိ တုံဏှိဘာဝေ နေရလေ၏။

"ကေသီကတော့. . . ဦးလက်ပေါ်မှာ အသက်ငွေ့ငွေ့ကျန်သေးတယ်၊ အင်္ဂါရယ် ခွင့်လွှတ်ပါလို့ နောက်ဆုံးပြောသွားတယ်၊ တကယ့်အဖြစ်ဆိုးကြီးပါကွယ်"

"ဒါ. . ဒါဆို ကျွန်မက သေသွားတဲ့အင်္ဂါနဲ့ အတူတူရှိနေခဲ့တာပေါ့၊ မ. . မဖြစ်နိုင်ဘူး၊ ကျ. . ကျွန်မ. . သူ. . သူရှိနေတာကို သက်သေပြနိုင်ပါတယ်"

"ဟင်. . ဘယ်လိုသက်သေလဲ"

"လာ. . ဦး ကျွန်မအိမ် လိုက်ခဲ့ပါ"

ဦးလူခင် သူမကို အရူးလား၊ အကောင်းလား ခွဲခြားသော အကြည့်ဖြင့် စိုက်ကြည့်လာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

အိမ်ထဲရောက်ရောက်ချင်း မယ်နဒီ ကင်မရာကို ပြေးယူသည်။ ဦးလူခင်က သူမလုပ်နေသမျှကို ရပ်ကြည့်နေ၏။

"သူနဲ့ကျွန်မ အမှတ်တရ ဓါတ်ပုံရိုက်ထားသေးတယ်၊ ဓါတ်ပုံကြည့်လိုက်ရင် ရှင်းခနဲ နေလိမ့်မယ်"

ပြောပြောဆိုဆို ကင်မရာကို ဖွင့်လိုက်သည်။

"ချောက်!. ."

"ဟင်. . ပုံတွေမရှိတော့ပါလား၊ ကျွန်မ ဒီကင်မရာကို ဖွင့်ကိုမဖွင့်သေးပါဘူး"





အူတူတူ ဖြစ်ရပြန်ပါသည်။ Memory card က ပျောက်ခြင်းမလှ ပျောက်နေလေ၏။

"သမီး အထားမှားတာ ဖြစ်မှာပါ၊ ပြန်စဉ်းစားကြည့်ပါအုံး"

"ကျွန်မ အထားမမှားနိုင်ဘူး၊ အခုမှထုတ်ကြည့်မိတာ"

သူမ နေရာအနှံ့ရှာသည်. . မတွေ့။

ဟင်. . သူပေးထားတဲ့ သစ်သားလှေကလေးပါ ပျောက်နေပါလား။

"ကဲ. . . မယ်နဒီ မင်း ဘယ်သူမှ မရှိတဲ့နေရာမှာ ဘယ်သူနဲ့မှ မတွေ့ခဲ့ဘူးဆိုတာကိုပဲ အတည်ယူလိုက်ပါ၊ ခေါင်းအေးအေးထားပြီး မေ့ပစ်လိုက်ပါ၊ လူသတ်မှု လူသေမှု ဖြစ်ပြီးကတည်းက မီးပြတိုက်လည်း အော်တိုစ်နစ် ပြောင်းခဲ့ပြီးပြီမို့ အဲ့ဒီကို ဘယ်သူမှ မသွားကြတော့ဘူး၊ မင်းလည်းမသွားသင့်ခဲ့ဘူး. . ."

"ဒီ. . ဒီအိမ်က. ."

"ဟုတ်တယ်. . ကြာကူလီဝေလင်း နေခဲ့တဲ့အိမ်ပဲ၊ ဝေလင်းနဲ့ကေသီဟာ အချိန်းအချက်ကို မီးနဲ့ပြပြီး ဆက်သွယ်ခဲ့တာပဲ၊ အင်္ဂါမရှိတဲ့အခါပေါ့. ."

မယ်နဒီ. . စာအုပ်လေးကို သတိရသွားသည်။ စင်ပေါ်က စာအုပ်ကိုပြေးယူကာ စာမျက်နှာ(၁၂၀)က ဓါတ်ပုံလေးကိုပြရန် အပြေးအလွှား လှန်လိုက်သောအခါ ဓာတ်ပုံလေး ထွက်လာ၏။

"ဒီနှစ်ယောက်လား. . ဦး"

ဦးလူခင်က ဓါတ်ပုံကြည့်၍. . ခေါင်းတဆတ်ဆတ်ညိတ်သည်။

"တစ်ခုခုတော့ အကြီးအကျယ် လွဲနေပြီ၊ ကျွန်မ တစ်လနီး



www.burmeseclassic.com

www.burmeseclassic.com



ပါး သူနဲ့အတူတူ ရှိနေခဲ့တာ၊ ကျွန်မနဲ့သူ အတူတူ စားခဲ့ကြတယ်၊ အတူတူ ကျောက်ဆောင်တွေပေါ် လမ်းလျှောက်ခဲ့ကြတယ်၊ အတူတူ မြင်းစီးခဲ့ကြတယ်၊ အတူတူ. . . . .၊

အဲဒါတွေဟာ ကျွန်မတစ်ယောက်တည်း လျှောက်လုပ်နေခဲ့တာပေါ့. . ဟုတ်လား ဦး၊ ဘေးအမြင်မှာ ကျွန်မက အဲ့သလိုကြီး ဖြစ်နေခဲ့သလား”

သူမ ဒေါသသံပါလာသည်။ ရင်ထဲလည်း မခံမရပ်နိုင်အောင် ဖြစ်နေသည်လေ။

“ဒါဆို တို့တွေမီးရှို့ခဲ့တာက အင်္ဂါမဟုတ်ဘူးလို့ ဆိုလိုတဲ့သဘောလား၊ ဦးက စေ့စပ်သေချာတဲ့ ရဲအရာရှိပါ မိန်းကလေးရယ်၊ သူ့အရိုးပြာအိုးကို ဦးတို့ ဂူသွင်းပေးခဲ့တာပါ၊ မင်းမယုံရင် သင်္ချိုင်းမှာ သူ့အုတ်ဂူရှိပါတယ် သွားကြည့်ပါ သမီးရယ်”

သနားသော စာနာသောအကြည့်နှင့် ကြည့်ခြင်းခံရသည်။

သည်အကြည့်ကိုပင် သူမ ခံပြင်းရပြန်ပါသည်ကော။

သို့နှင့် သင်္ချိုင်းမြေသို့ သူမထွက်လာခဲ့သည်။ သိချင်စိတ်က ဆောင်နေသဖြင့် ဘာကိုမှ သူမမသိတော့။ သင်္ချိုင်းမြေသည် လေတဟူးဟူး အသံကလွဲ၍ တိတ်ဆိတ်နေ၏။ သင်္ချိုင်းထဲ အချိန်အတော်ကြာအောင် ပတ်ရှာရသည်။

ဟောဟိုမယ်. . မကောသီအုတ်ဂူ။

အသက်(၂၉)နှစ်

(၂၀၀၇) ဖေဖော်ဝါရီ (၁၂) ရက်နေ့တွင်

ကွယ်လွန်သည်တဲ့။

တွေ့ပြီ. . ဘေးချင်းယှဉ်လျက်. . .





မောင်အင်္ဂါ (၂၄)နှစ်

(၂၀၀၇) ဖေဖော်ဝါရီ (၁၂) ရက်နေ့ပင် ဖြစ်ပါသည်။

သူမ ငေးငူတွေဝေနေစဉ် ပုခုံးကို လာကိုင်ခြင်း ခံရသည်။

“အမေ့!. .”

“ဦးပြောတာကို သမီးမှ မယုံဘဲကိုး. .”

နောက်မှရောက်လာသော ဦးလူခင် ပြောလိုက်ခြင်းဖြစ်၏။

“ကျွန်မကိုယ်တိုင်ကိုက မယုံနိုင်စရာတွေ ကြုံတွေ့နေရလို့ပါ”

သူမ လက်မလျှော့နိုင်သေး။ ရွာထဲက စာကြည့်တိုက်လေးတွင် (၂၀၀၇)ခုနှစ်က သတင်းစာနှင့်မှုခင်းဂျာနယ်များအားရှာသည်။ ဖေဖော်ဝါရီလအတွင်း သတင်းများကို သူမ ရှာဖွေသေးသည်။

အင်္ဂါ၏သတင်း တစ်စုံတစ်ရာမရှိ၊ မတွေ့ရ။ အနည်းဆုံး အင်္ဂါ၏ ဓါတ်ပုံလေးပင် သူမ မရခဲ့။ သူမ စာကြည့်တိုက်က ပြန်အထွက်၌ အထဲကမိန်းကလေးတစ်စု အတင်းအုပ်နေသည်ကို ပါးသော သူမနားက ကြားဖြစ်အောင် ကြားခဲ့သေးသည်။

“သူလေ အင်္ဂါနဲ့ အတူတူရှိခဲ့တာတဲ့၊ ပြီးခဲ့တဲ့ရက်တွေက သူတို့ သောင်ပြင်မှာ အတူတူလည်ခဲ့ကြတာတဲ့၊ မီးပြတိုက်မှာ နှစ်ယောက်တည်းလေ. . .”

“ဩော်. . သေသွားတဲ့အင်္ဂါနဲ့ ဘာတွေလုပ်နေကြလဲမှ မသိတာ. .”

“တောက်!. . .”

ဒေါသကို မြိုချရင်း ထိုနေရာမှထွက်လာခဲ့ရသည်။ အိမ်ရောက်တော့ လှိုင်မို့ဆီဖုန်းဆက်ကာ ရင်ဖွင့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် နဒီ၊ မင်းကောင်လေး မရှိတော့ဘူး ဟုတ်လား"

"ဟုတ်တယ်. . သူတင် မရှိတော့တာမှုတ်ဘူး၊ သူ့အသုံးအဆောင်တွေ၊ သူရှိနေခဲ့တဲ့ သက်သေတွေ၊ သူ့လျှပါ မရှိတော့တာ လှိုင်မှီရေ"

"နင်ပြောတာ ငါ နားမလည်ဘူး နဒီ"

"အဲ့ဒီမီးပြတိုက်ပေါ်မှာ သူဟာ ဘယ်တုန်းကမှ မရှိခဲ့တဲ့ပုံစံကြီးဖြစ်နေလို့ သူငယ်ချင်း၊ ငါ အရမ်းခေါင်းစားနေတယ်၊ ဘာခြေရာလက်ရာမှ မကျန်အောင် အားလုံးပျောက်သွားတာဟ"

"နင် သူနဲ့တွေ့ခဲ့တာရော သေချာလို့လား၊ နင် ထင်ယောင်ထင်မှားများ. ."

"ငါ နဖူးတွေ့ဒူးတွေ့ကြီးပါဟာ၊ ကုန်ကုန်ပြောမယ်ဟာ. . သူနဲ့ငါ အဲဒီမီးပြတိုက်က သူ့အိပ်ရာပေါ်မှာ အတူတူ အိပ်ခဲ့တာဟ၊ အခု ဘာမှမရှိတော့ဘူး၊ ရွာထဲက ဝိုင်းပြောတယ်. . အင်္ဂါသေတာ ခုနစ်နှစ် ရှိနေပြီတဲ့၊ အုတ်ဂူတောင် ရှိနေတယ် လှိုင်မှီရယ်"

"နဒီမ. . နင်ဝတ္ထုရေးနေတာလား၊ နင့်ဝတ္ထုထဲကို နင်ကိုယ်တိုင်ဝင်ပြီး သရုပ်ဆောင်နေပြီထင်တယ်၊ ဘယ့်နှယ် သေတဲ့လူနဲ့ အိပ်ခဲ့ရတယ်လို့ဟာ"

တစ်ဖက်မှ လှိုင်မှီ ဖုန်းပြောရင်း စိတ်ညစ်နေလေပြီ။

"နင် ငါ့ကိုမယုံဘူးလား လှိုင်မှီ၊ ငါ နောက်နေတာမဟုတ်ဘူး၊ ဝတ္ထုရေးနေတာလည်းမဟုတ်ဘူး၊ ငါ ဘာဖြစ်လို့ဖြစ်နေမှန်းကို မသိတာ၊ တစ်ရွာလုံးက ငါ့ကို ရူးနေတယ်တဲ့၊ ဘယ်သူမှ ငါပြောတာကို မယုံဘူး၊ နင်ပါ မယုံဘူးဆိုရင်တော့. . ငါလဲသေဖို့ပဲ ကောင်းတော့





တယ်၊ ငါ့ဘဝမှာ အထူးဆန်းဆုံးတွေ တကယ်ကြုံနေရတာဟဲ့"

မယ်နဒီ စိတ်မရှည်တော့စွာ အော်ပြောလိုက်၏။

"ငါတောင် အုံးစားလာပြီ နဒီ၊ နင် အဆန်းအပြားတွေဖြစ်နေရင် Dr အောင်ထွန်းနဲ့ စကားပြောကြည့်ပါလား၊ ဒါမှမဟုတ် ကိုသီဟကို လှမ်းဆက်လေ. ."

"ဘယ်သူ့ကိုမှ မပြောနဲ့ဦး လှိုင်မှီ၊ ကိုသီဟက သူ့ကိုမခေါ်လို့ ငါဒီလိုဖြစ်တာလို့ စကားနာထိုးလိမ့်မယ်၊ Dr အောင်ထွန်းက သူ့ဆေးကို ငါငြင်းလို့ စိတ်တွေဂယောင်ခြောက်ခြား ဖြစ်နေတာလို့ ဆူလိမ့်မယ်"

"ကဲ. . နဒီ၊ နင် အိမ်ပြန်လာခဲ့တော့. . အမြန်ဆုံး အဲ့ဒီက ထွက်ခဲ့တော့"

လှိုင်မှီက စိုးရိမ်ကြီးစွာပြော၏။

"မဖြစ်သေးဘူး လှိုင်မှီ၊ ငါ စတဲ့ဇာတ်လမ်းဟ. . ဘယ်လို ဇာတ်သိမ်းမလဲဆိုတာ ငါသိရအောင်လုပ်မယ်၊ မယ်နဒီဆိုတာ ဒီလိုစိန်ခေါ်မှုကို အလျှော့ပေးမယ့်သူ မဟုတ်ဘူးဆိုတာ နင်သိပါတယ်၊ ငါ အရူးမဟုတ်ဘူးဟ၊ မရူးဘူးဆိုတာလည်း သက်သေပြကို ပြခဲ့ရမယ်. .၊

ငါ့အတင်းကို အုပ်ကြတယ်၊ အရူးမလေး သနားပါတယ်ဆိုတဲ့အကြည့်နဲ့ ဝိုင်းကြည့်တာ ခံနေရတယ်၊ ဒီပြဿနာကို ငါရှင်းပြီးမှ ပြန်လာမယ်၊ သူဟာ တကယ်ရှိခဲ့တယ်၊ အဲ့ဒါကို ငါ သေချာသိနေတယ်. ."

"ကဲ. . နဒီမ နင်ပြန်မလာရင် ငါလိုက်လာခဲ့တော့မယ်၊ အမြန်ဆုံးရောက်အောင် လာခဲ့မယ်၊ နင် ဘယ်မှမသွားနဲ့. . အိမ်ထဲက



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြင်တောင် မထွက်နဲ့ဟာ. . ဒါပဲ၊ ငါ အခုလာနေပြီ. . ဆီးယူဆွန်းန်”

သူမဖုံးခလုတ်ပိတ်ရင်း သူမရှေ့ရှိမှန်ထဲကအရိပ်ကို လှမ်းကြည့်မိသည်။ မှန်ထဲကလည်း သူမလုပ်သည့်ပုံအတိုင်း လိုက်လုပ်နေ၏။ သူမ နဖူးက ဆံပင်ကို သပ်သည်။ ပြီးတော့. . သပ်သောလက်ကို အောက်ချဖို့ ကြံကာရှိသေး. . .

“ဟင်!. . .”

မှန်ထဲက သူမရဲ့လက်က ဘာလို့ အောက်ချသွားရသနည်း။

သူမ မျက်လုံးပြူးရင်း လက်ကိုချသည်။ မှန်ထဲက အရိပ်ကို အသေအချာ အနီးကပ်ကြည့်၍ မှန်သားကို ကိုင်ကြည့်သည်။

သည်လိုဆိုတော့လည်း ဟုတ်နေပြန်သည်။

နေပါဦး. . အခုနက ဘာဖြစ်ရတာတုန်း။

မှန်သားပြင်သည် အေးစက်စက်ကြီး ဖြစ်နေ၏။

အနောက်ဘက်တိမ်ထုကို အဝါရောင် ဆေးသွင်းရင်း. . . နေမင်းသည် ပင်လယ်ထဲ ငုပ်ဆင်းရန် ပြင်နေ၏။







# အခန်း(၁၇)

“ဖျောက်. . ဖျောက်. . ဖျောက်. . ဖျောက်. . ”

လက်နှိပ်စက်သံ တဖျောက်ဖျောက်သည် တစ်ချက်ချင်း ထွက်ပေါ်နေ၏။

အ. . အ. . အ. . အ. . အ. . အ. . အ. . အ. . အ။

စာရွက်လွတ်ပေါ်တွင် ‘အ’ တွေတန်းစီ၍ ပေါ်လာနေ၏။ တစ်ကြောင်းပြီးတစ်ကြောင်း ‘အ’တွေချည်း ဖြစ်နေ၏။

သူမ ဦးနှောက်လည်း ‘အ’နေပြီဖြစ်သည်။ ဘာအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



အရာမှ ဦးနှောက်မှ မထုတ်လုပ်တော့ပါပြီ။ အင်္ဂါဟုရေးရန် ပထမ ကြံစည်မိခဲ့သလားလည်း. . အသိတွင် မသိ၊ အသိပါ 'အ'နေပြီဖြစ်သည်။

ထိုစဉ် သူစိုက်ကြည့်နေသော မီးပြတိုက်က လရောင်ဖြာဖြာအောက်တွင် ဖြာခနဲဖြာခနဲ လင်းလိုက်မှိန်လိုက် ဖြစ်သွားသည်။

"ဟင်း. . ဟင်း. . ဒါမျိုးလိုချင်တာ၊ မယ်နဒီတို့က ဒီလိုစိန်ခေါ်မှုမျိုးကိုမှ လိုချင်နေတာ. ."

လှေဆိပ်သို့ အပြေးတစ်ပိုင်းဆင်း၍ ဝီခေါ်အောင် အင်ဂျင်လီဗာကို တင်လိုက်သည်။ ပေါ့ပါးသော စပီဘုတ်လေးသည် မြားလိုရေပေါ်ရှပ်ပြေးနေ၏။ မီးအချက်ပြ ရပ်သွားသည်။ အပြေးအလွှားပင် ကမ်းပေါ်တက်ပြီး. . ဖွင့်ထားသောတံခါးမှ ဝင်လိုက်သောအခါ လှေခါးအတက်တွင် ရေစိုခြေရာများ. .

သံချိပ်အရိပ်ကြီးက တွဲလောင်း. .

ဟို. . ဝေလင်းဆိုသူကို ချိတ်ဆွဲခဲ့သော ချိပ်ကြီး. .

ထို့နောက်. . . ကြောင်လိမ်လှေခါးပေါ်က ရေစိုခြေရာကို သေချာအောင် သူမလက်နှင့် ကိုင်ကြည့်နေစဉ်. .

"ဂျိုင်း!. ."

"အမေ့!. ."

အပေါ်ဆုံးထပ်မှ သံတံခါးပိတ်လိုက်သောအသံ ဖြစ်သည်။

မီးပြတိုက် အပေါ်ဆုံးကို သူမတက်လာခဲ့၏။ ရေစိုခြေရာတွေက လှေခါးတစ်ဝက်ကျော်ကျော်မှာပင် တက်ရင်းတက်ရင်း ပျောက်ခြင်းမလှ ပျောက်သွားခဲ့ပြီ။ မီးပြတိုက်ထိပ်ဆုံး ဝရံတာအဝိုင်းဆီထွက်သော တံခါးပေါက်မှ သူမ ရဲရဲတင်းတင်းပင် ထွက်လိုက်၏။





လရောင်ပြောင်ပြောင်ထဲ လည်သာကုတ်အရှည် မဲမှောင်မှောင်နှင့် ကျောပေးရပ်နေသော. . အင်္ဂါ. .

သူမ အင်္ဂါဟု လှမ်းခေါ်မည်အလုပ်၌. .

"နဒီ. . နဒီမ၊ အဲဒီပေါ် နင် ဘာတက်လုပ်နေတာလဲ"

ဟိုး. . အောက်ရှိ မီးပြတိုက်အဝင်လမ်းပေါ်မှ သူငယ်ချင်း လှိုင်မှိုကို လှမ်းမြင်နေရသည်။

"ရောက်ရောက်ချင်း. . နင်ထွက်သွားတာမြင်လို့ ချက်ချင်း ငါလိုက်လာတာ၊ ဆင်းခဲ့. ."

လှိုင်မှိုဆီက အကြည့်ရုပ်ပြီး အင်္ဂါကို ပြန်ကြည့်မိသည်။

ဒီတော့. . အင်္ဂါကို မတွေ့ရတော့။

"နဒီ. . အောက်ကိုဆင်းလာ၊ လာဆိုလာပါဟာ အောက်ထပ်မှာတွေ့မယ်"

သူမ အပြေးအလွှား ပြန်ဆင်းလာရပြန်သည်။ အတက်တုန်းက မမောဘဲ ဆင်းခါမှပင် ရင်ထဲဆို့အောင် မောလာသည်။

အင်းလေ. . အသက်ရှူဖို့ ခပ်ကြာကြာပင် မေ့နေခဲ့သည်ကိုး. . ။

လှိုင်မှိုက မြေညီထပ်အခန်းထဲ ရောက်နေနှင့်ပြီ။

"လှိုင်မှို. . လှိုင်မှို. . သူ. . သူ. . အင်္ဂါ ဒီမှာရှိတယ်"

"ဘာ!. ."

"သူ အပေါ်မှာရှိတယ်၊ ငါ သူ့ကိုကြည့်နေတုန်း နင့်အသံကြားလို့ လှည့်ကြည့်တော့. . သူမရှိတော့ဘူး"

လှိုင်မှိုက ခေါင်းခါပြရင်း. . .

"ဘာမှမရှိဘူး၊ နင်တစ်ယောက်တည်း ငါ လှမ်းမြင်နေရတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲဟာ၊ နင် တစ်ယောက်တည်းမှ . . တစ်ယောက်တည်း"

"မဟုတ်ဘူး၊ သူ အသေအချာရှိနေတယ်"

"နင့်စိတ်က ထင်နေတာ၊ နင် မြင်ချင်တာကို မြင်နေတာ၊ စိတ်က လှည့်ဖြားနေတာဖြစ်မှာပါ. . ."

တစ်ယောက်လက်ကိုတစ်ယောက် ကိုင်ဆုပ်မိကြသည်။

"မဟုတ်ဘူး၊ သူတကယ်ရှိနေတယ်"

"ကဲ. . ငါ မငြင်းချင်ဘူးဟာ. . ရှိရှိမရှိရှိ. . လာ. . အိမ်ပြန်မယ်၊ ငါ နင့်ကိုလာခေါ်တာ"

ပြောဆိုနေသော လှိုင်မို့၏ ကျောဘက်တွင် အဂ္ဂီအရိပ်ကို တွေ့လိုက်ရ၏။ တံခါးဘက်ဆီကနေ ရပ်ကြည့်နေသည်။ သူမက အကောင်အထည်လိုက်ကြီး မြင်နေရသည်။ ကြည့်နေရင်း အဂ္ဂီက အမှောင်ထဲမှ တိုးထွက်လာချေပြီ။

"လှိုင်မို့ သူရောက်နေပြီ၊ နင့်နောက်ဘက်က တံခါးနားမှာ"

"ငါ အဲဒီတံခါးက ဝင်လာတာ ဘယ်သူမှမရှိဘူး"

"နင် မယုံရင် လှည့်ကြည့်လိုက်. ."

"နင်သာ ငါပြောသလိုလုပ်ပါ နဒီ၊ မျက်စိမှိတ်လိုက်၊ စိတ်ကို ငြိမ်အောင် တည်ဆောက်လိုက်၊ မျက်စိမှိတ်စမ်း. . အေး. . ဟုတ်ပြီ၊ ပြန်ဖွင့်. ."

လှိုင်မို့ပြောသလို မျက်လုံးကိုစုံမှိတ်ကာ ပြန်ဖွင့်ကြည့်လိုက်သည်။

"ဟင်. . ရှိ. . ရှိနေတယ်၊ သူရှိနေတယ်. . နင့်နောက်မှာ ရောက်နေပြီ၊ နင် မယုံရင် လှည့်ကြည့်ဟာ"

"ဘာလို့လှည့်ကြည့်ရမှာလဲ၊ ကလေးကလားတွေနဲ့ ကစား





တတ်တဲ့ အတန်းအစားထဲ ငါမပါဘူး နဒီမ"

စကားသံတွေက တင်းမာခက်ထန်လာနေ၏။

"ဘယ်သူမှ မရှိပါဘူးဟာ၊ နင်သာ လင်တရူးပြီး မြင်ချင်ရာ မြင်နေတာ"

"နင့်နောက်မှာလို့ ငါပြောနေတယ်၊ ကဲဟာ. . ."

မယ်နဒီ လှိုင်မို့ကိုယ်ကို ဆတ်ခနဲ ဆွဲလှည့်ပေးလိုက်သည်။ လှိုင်မို့ ချာခနဲ လှည့်သွားပြီး နောက်ပြန်ကြည့်သည်။ အဂ္ဂီနှင့် မျက်နှာချင်း ထိတော့မည်။ လက်တစ်ဝါးစာသာ လိုတော့သည်။

"ကဲ. . မြင်ပလား၊ အဲ့သမှာ. . ."

"ဘာကိုမြင်ရမှာလဲ၊ ဘာမှမရှိဘူး"

ဟိုက ဒေါသအိုးတွေနှင့် လှိုင်မို့ကို အံကြိတ်ကြည့်နေပြီး. . . လှိုင်မို့က မမြင်ဘူးဆိုကာ သူမဘက်ပြန်လှည့်လာသည်။

"ကဲ. . နဒီ၊ တို့တွေပြန်ရအောင်နော်၊ အိမ်ပြန်ကြရအောင်ပါ သူငယ်ချင်းရယ်"

ထိုစဉ် အဂ္ဂီ၏လက်က လောင်းကုတ်ထဲက ထွက်လာပြီး လက်ခနဲ အရောင်လင်းလက်သွားသည်ကို မယ်နဒီ မြင်နေရသည်။ အသွားချွန်သော ဓားတစ်ချောင်းဖြစ်နေ၏။ ထိုဓားဖြင့် လှိုင်မို့နောက်ကျောသို့ အဆက်မပြတ် ထိုးသွင်းလိုက်လေတော့သည်။

"အဂ္ဂီ. . မလုပ်နဲ့. ."

"ဇွိ!. . ဇွိ!. ."

"အ!. . . အား!!. . ."

မယ်နဒီ အော်ဟစ်ဟန့်တားသော်လည်း မရတော့ချေ။ လှိုင်မို့ ဒူးညွတ်၍ပျော့ခွေကာ ပါးစပ်အဟောင်းသားနှင့်



www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားတော့သည်။ မယ်နုဒီ တုန်လှုပ်ထိတ်လန့်စွာဖြင့် အင်္ဂါကို ကြည့်သည်။ ကျောပြင်တွင် သွေးတွေထွက်လာသော လှိုင်မှိုကို လှမ်းကြည့်သည်။ လှိုင်မှိုက မလှုပ်တော့။

မယ်နုဒီ ကြောက်အားလန့်အားနှင့် တံခါးမှ အပြေးထွက်ခဲ့တော့သည်။

တိမ်မည်းတစ်အုပ်သည် လကို ဖမ်းအုပ်လိုက်သည်။ လှိုင်းရိုက်သံသည် ကျောက်စွယ်ကျောက်သား၏ အော်ဟစ်ညည်းတွားသံနှင့် ရောထွေးသွား၏။





# အခန်း(၁၈)

ဦးထူခင်နှင့် စာပေမိတ်ဆွေတစ်စုသည် သူတို့ထုံးစံအတိုင်း တနင်္ဂနွေကော်ဖီဝိုင်းလေးရှိ၏။ ပြီးခဲ့သည့်အပတ်က နိုင်ပန်းလှ၏ ရာဇာဓိရာဇ်အရေးတော်ပုံ၊ ချစ်ဦးညို၏ ရာဇမိတာနှင့် သမိုင်းဝင်အမျိုးသမီးများ စာအုပ်ကို ဖတ်ညွှန်းပေးခဲ့ကြသည်။

သည်ည ထိုစာအုပ်နှစ်အုပ်ကို ဝိုင်းဝန်းဆွေးနွေးကြ၊ ငြင်းခုန်ကြ၊ ရယ်မောကြ၊ အမျိုးသားစိတ်ဓါတ်တွေ ကြက်သီးဖြန်းဖြန်းထကြ၊ နောက်ပြောင်ကြည်စယ်ကြ၊ သူတို့ ကြည်နူးနေကြ တနင်္ဂနွေ

www.burmeseclassic.com

www.burmeseclassic.com



ညသည် စည်ကားစပြုနေပြီ ဖြစ်သည်။

အမျိုးသားဝိုင်းက အာဝဇ္ဇန်းရှင်ရန် အိမ်တွင်းဖြစ် ဝိုင်အရက်များ ပါဝင်သလို . . အမျိုးသမီးဝိုင်းက လက်ဖက်ရည်ကြမ်းနှင့် လက်ဖက်သုတ်၊ ရိုးရာမုန့်များ ပါဝင်ကြသည်။ ရွာအတင်းအဖျင်းလည်း မပါမဖြစ် ပါသည်ပေါ့. . ။

ဦးလူခင် ပြောလေ့ရှိသောစကားက. . .

"စာအုပ်ဆိုတာကစာရွက်ပေါ်က ဂီတသင်္ကေတ NOTES တွေပါပဲ၊ ဝိုင်းဝန်းဆွေးနွေးတာက သံစုံတီးဝိုင်းကြီးပေါ့". . တဲ့. .

ယခုလည်း ဦးလူခင်ကပင် စကားဝိုင်းကို အရှိန်မပျက် ထိန်းထားလေသည်။

"မွန်သူရဲကောင်းတွေထဲမှာ. . နာမည်ကြီးသူရဲကောင်း မဟုတ်တဲ့. . အဲ့ဒီ 'အဲမွန်ဒရာလေး' ရဲ့ စွန့်စားခန်းက သူလျှိုဆန်ပြီး အံ့မခန်း ဗျူဟာပါပဲဗျာ"

"ဟံသာဝတီကို အင်းဝတပ်တွေ ဝိုင်းထားပြီး ဟံသာဝတီကျမယ့်ဆဲဆဲမှာ အဝိုင်းခံနေရတဲ့ သားငယ်မင်းရဲကျော်စွာဆီ ရာဇာဓိရာဇ်က လျှို့ဝှက်သတင်း ပို့ရတော့မယ်၊ သူက သံလျင်မှာ တပ်စွဲထားတယ်၊ အဖေ ဘယ်နေ့ဘယ်ရက် အပြင်ကဝင်တိုက်မယ်၊ ဘယ်နေရာကဝင်တိုက်ရင် အကောင်းဆုံးဖြစ်မလဲ၊ သားကို အထူးသတင်းပေးဖို့ ဟံသာဝတီကို ဝိုင်းထားတဲ့ အင်းဝတပ်တွေကို ဖောက်ဝင်ရမယ်၊ ဘယ်သူ စွမ်းဆောင်မလဲမေးတော့ ဘယ်သူမှ ထမလာဘူး အဲမွန်ဒရာ ဆိုသူပဲ ထလာတယ်လေ"

"ကျွန်ုပ်ကို ကျောတစ်ရာ ကြိမ်ဒဏ်ပေးပါ၊ ပြီးရင် သူ့စိတ်ကြိုက် ရဲမက်ရှစ်ယောက် ပေးပါတဲ့"





"မွန်စစ်ပြေးအဖြစ် ရန်သူအင်းဝဘုရင်မင်းခေါင် ယုံကြည်အောင် ကြိမ်ရာတွေပြရမယ်လေ၊ စိတ်ကူးနဲ့ပဲ ခင်ဗျားတို့ အရိုက်ခံကြည့်စမ်းပါဦး. . "

"အင်းဝဘုရင်မင်းခေါင်က ပထမ ဘယ်ယုံမလဲ၊ သူတို့ကို သူလျှိုတွေအနေနဲ့ဖမ်းပြီး သံခြေကျင်းခတ်ထားလိုက်တယ်၊ ဒီတော့ ရဲမက်ရှစ်ဖော်ကို 'အဲမွန်ဒရာ' ကမှာတယ်၊ သေကောင်ပေါင်းလဲဖြစ်နေတဲ့ မွန်စစ်သည်တွေကို ခုတ်ထစ်ဆက်သလိုက်ပါတဲ့၊ မွန်အချင်းချင်း သတ်ပြလိုက်မှ အင်းဝဘုရင်မင်းခေါင် ယုံသွားတယ်လေ"

"အင်းဝတပ်ဝတ်စုံနဲ့ ကိုးယောက်သား ထွက်ဆော်ဟန်ပြုပြီး အနားရောက်မှ ဦးပေါင်းချွတ်ပြီး. . တဟေးဟေးတဟားဟားနဲ့ ဟံသာဝတီထဲ ပြေးဝင်သွားကြတယ်၊ ဟာ. . ဟ. . "

ဦးလူခင် ရယ်လိုက်သေးသည်။

"မင်းခေါင်စစ်သည်တွေ လိုက်ဆဲတာပေါ့၊ 'အဲမွန်ဒရာ' က စောင့်နေ. . နက်ဖြန် ငါပြန်ထွက်မှာလို့ ပြန်အော်တယ်၊ ဒီတော့. . မင်းခေါင်စစ်သည်တွေ ဒေါသတွေထွက်ပြီး. . အေး. . ထွက်လာခဲ့၊ နုတ်နုတ်စင်းမယ်ပေါ့"

အရက်မသောက်သော ဦးလူခင်က ရေနွေးကြမ်းတစ်ခွက် မော့ချသည်။ အားလုံးက စာအုပ်ဖတ်ပြီးပြီမို့ သိနေကြသည်။

"ပြန်ထွက်ပုံ လှချက်၊ အလောင်းစင်ပေါ် ပိတ်ဖြူခင်းတယ်၊ ပြီးတော့တက်အိပ်တယ်၊ ငါးအပုပ်တွေ ဘေးကစီတယ်၊ ဝါးကပ်အုပ်တယ်၊ ပျားရည်လောင်းတယ်၊ ယင်ကောင်တွေ တလောင်းလောင်းနဲ့ အသုဘလာချတယ်၊ ကျောက်ကြီးရောဂါနဲ့မို့ မြေမြှုပ်မရဘဲ မြစ်ထဲ မျှောချရမည့် ရွာပနအဖြစ် 'အဲမွန်ဒရာ' ဟံသာဝတီထဲက ပြန်ထွက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အင်းဝသားတွေ သူတို့ဖောင်နား ကပ်မှာစိုးလို့ ဝါးထိုး၍ပင် ဝိုင်းမျှောပေးကြရသည်ဆိုပဲ. . ”

လက်ဖက်ဝိုင်းမှ ဒေါ်မယ်တင်က အသံနေအသံထားနှင့် ရွတ်တရက် ထအော်သည်။

“အသေစောလို့ နှမျောလှချည့် ကျေးဇူးရှင်ကြီးရယ်၊ စစ်ကြီးပြီးရင်. . ဒဂုံက ရွှေတိဂုံဘုရားကို လိုက်ပို့မယ်ဆို၊ စစ်မပြီးခင် ကျောက်ကြီးရောဂါနဲ့ သေရသတဲ့တော်၊ ဘယ်သူ့ကိုယုံလို့ ပုံထားခဲ့ရတာလဲ၊ ရှင့်အကြွေးပုံကြီး ဘယ်သူက ဆပ်မှာလဲ. . ကိုဖိုးခင်ရဲ့. . ဟဲ့. . ဟဲ့”

အသံပါပါ ဟန်ပါပါ နှပ်ပါညှစ်၍ ဗျစ်ခနဲ မြည်သဖြင့် တဝါးဝါး ပွဲကျသွားသည်။

“အဲ့ဒီ ဆံပင်ပါ ကတုံးတုံးပြီး စံတင်လောက်အောင် ငိုချင်းချခဲ့တဲ့ သမိုင်းမဝင် မိန်းမကြောင့် ‘အဲမွန်ဒရာ’ လွတ်မြောက်ခဲ့တာလေ. . ကိုလူခင်ရဲ့၊ အဲ့ဒီမိန်းမ. . အခု ဟောသမှာ ပြန်ဝင်စားနေတယ်၊ လူခင်ကို ပါရမီဖြည့်နေတဲ့ မယ်တင်အဖြစ်နဲ့. . ဟဲ့”

တဝါးဝါး ရယ်သံတွေကြား ဘွားခနဲ ဝင်ရောက်လာသူက မယ်နဒီ. .

“ဦး. . ဦးလူခင်၊ ကျွန်မနဲ့ ခဏလိုက်ခဲ့ပါ၊ အရမ်းအရေးကြီးလို့ပါ. . ခဏလေးပါ၊ ကျွန်မအားကိုးစရာ ဦးပဲရှိလို့ပါရှင်”

တိုးတိုးကပ်ပြောပြီး အတင်းပင် လက်ဆွဲ၍ ခေါ်ဆောင်နေသဖြင့် ဦးလူခင် အူကြောင်ကြောင်နှင့် ပါသွားလေသည်။

ငူငေါင်ငေါင်နှင့် အားလုံးကျန်ခဲ့ကြသော တနင်္ဂနွေညနေ။

လကလည်း လှမှလှ၊ အဝေးက ခွေးတစ်ကောင် ထိုးဟောင်





လို့ဗျပေါ့. . .

‘မဖြစ်နိုင်ပါဘူး မိန်းကလေးရယ်’ဟုသာ ကုန်းပေါ်မှာရော လှေပေါ်မှာပါ တစ်လမ်းလုံး ဆုံးမလာသော ဦးလူခင်ကို သက်သေအခိုင်အမာပြမည်ဟုသာ မယ်နဒီ ပြောလာခဲ့သည်။

ဝုန်းခနဲ မီးပြတိုက်တံခါးကို တွန်းဖွင့်လိုက်သောအခါ. .

“ဟင်!. . ”

ဘာဆိုဘာမှ မရှိပါလေတော့။ လှိုင်မှိုး အားထိုးခံရ၍ လဲကျသွားသောနေရာသို့ မယ်နဒီအပြေးလေးသွားကာ. . .

“ဒီ. . ဒီနေရာမှာ လဲကျသွားတာလေ၊ ကျောကသွေးတွေ ပြန့်ကျဲပြီး လဲကျနေခဲ့တာလေ၊ ဒီကြမ်းပြင်ပေါ်မှာလည်း သွေးတွေ ပေနေရမယ်”

အင်္ကျီကိုလည်းမတွေ့. . လှိုင်မှိုးအလောင်းလည်း မရှိတော့ပေ၊ သူမအသံသည် မယုံကြည်ခြင်း၊ အားငယ်စိတ်ပျက်ခြင်း၊ ဝမ်းနည်းခြင်း၊ သက်သေမပြနိုင်ခြင်းဖြင့်. . ဆွံ့အ ထစ်ငေါ့နေသည်။

သူမဘေးသို့ ဦးလူခင် ရောက်လာကာ. .

“ကောင်းပြီလေ၊ ခုတော့ သမီးသူငယ်ချင်းမ ဒီမှာမရှိတာ သေချာသွားပြီနော်”

မယ်နဒီ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ခေါင်းကိုတွင်တွင်ခါရမ်းလိုက်ပြီး. .

“စောစောက တကယ်ရှိနေခဲ့တာပါ”

“ကဲ. . ပြန်ရအောင် ကလေးမရယ် လာပါ”

သို့နှင့် သူမအိမ်ကလေးဆီ ပြန်ရောက်လာကြသည်။

“ကျွန်မတို့ ရဲတွေကို အသိပေးသင့်ပြီ ထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဦး ဘယ်သူ့မှ လိုက်မပြောပါဘူးကွယ်၊ ဘာမှ မဖြစ်ခဲ့သလို ပဲ သမီးလည်းနေလိုက်ပါ"

"တစ်ယောက်ယောက် အလောင်းကို ရှေ့ပစ်လိုက်တာ သေချာပါတယ်ရှင်"

"သေချာတာကို ဦးပြောပြမယ် သမီး၊ အဂီက သေပြီ၊ သမီး သူငယ်ချင်းမက ဒီကိုရောက်မလာဘူး၊ သူ့အိမ်မှာပဲ အသေအချာ ရှိနေလိမ့်မယ်၊ အစားအသောက်တောင် ပျက်မှာမဟုတ်ဘူး၊ စိတ်ကူး နဲ့ ဘဝပျက်နေတာက သမီးပဲ"

သူမ အိတ်ထဲမှ ဟန်းဖုံးကိုထုတ်၍ လှိုင်မှီဆီ လှမ်းဆက် လိုက်သည်။ ဦးလူခင်ပါကြားအောင် စပီကာပါ ဖွင့်ထားလိုက်၏။

"ဟလို. . လှိုင်မှီပါရှင်. . . "

"လှိုင်မှီလား. . "

အသံအဆုံး၌ 'ပြောချင်တဲ့မက်ဆေ့ချ် ထားခဲ့ပါ၊ ကျေးဇူး တင်ပါတယ်' ဆိုသောစကားသံကို ထပ်ကြားရပြန်သည်။

"ဟူး. . သူ အိမ်မှာမရှိဘူး ဦး"

သူမ စိတ်ပျက်အားငယ်စွာ ထိုင်ချလိုက်သည်။

"အိမ်မှာမရှိတာက ဒီကိုရောက်နေတာ မဟုတ်ဘူးလေ၊ သူ ဒုက္ခတစ်ခုခု ရောက်နေတယ်ဆိုတဲ့ အဓိပ္ပါယ်လည်း မဟုတ်ဘူးသမီး၊ သူ ဘာမှမဖြစ်ပါဘူး၊ ဒီညက ဦးဇနီးအတွက် အချိန်ပေးရမှာ၊ သမီး တစ်ယောက်တည်းလည်း မထားခဲ့ရက်ဘူး"

ဂရုဏာသက်စွာ ဦးလူခင် ကြည့်ရင်းပြောသည်။

"ဒီကိစ္စတွေဟာ ကျွန်မ လီဆည်လုပ်ကြံနေတာလို့ ဦးထင် နေသလားဟင်"





"သမီးက စာရေးဆရာမပဲ၊ ဦးလည်း ဘာပြောရမှန်း မသိ ဘူး၊ မင်းသမီးက အချစ်ကိုတွေ့တယ်၊ အဲ့ဒီမင်းသားက တစ္ဆေ၊ ပြီး တော့. . မင်းသမီး သူငယ်ချင်းကို သတ်လိုက်တယ်၊ ဒါမှမဟုတ်. . မင်းသမီးဟာ အကူအညီ လိုနေတယ်"

"ကျွန်မ ရူးမနေပါဘူး ဦးရယ်၊ ဒါကိုတော့ ယုံပါ"

"ယုံပါတယ်ကွယ်၊ ယုံကြည်သူကို ပြန်ခွင့်ပြုဦးနော်"

ပြောပြီး သူမကိုနှုတ်ဆက်ကာ ဦးလူခင် ပြန်သွားလေတော့ သည်။ သူမစိတ်ထဲ ဘဝင်မကျသေး. . ၊ ဖုန်းကောက်ယူကာ ထပ် ဆက်ကြည့်သည်။

"ဟဲလို. . လှိုင်မှီပါရှင်. . ပြောချင်တဲ့မက်ဆေ့ချ် ထားခဲ့ပါ၊ ကျေးဇူးတင်ပါတယ်"

"လှိုင်မှီ. . ငါပါ. . နဒီပါ၊ နင် ဘယ်ရောက်နေသလဲ ငါမသိ ဘူး၊ ငါ့ဆီကို လာနေသလား. . ရောက်နေပြီလား. . အဲဒါလည်း ငါ မသေချာဘူး၊ ဘာတွေ ဖြစ်နေမှန်းကို ငါ မသိတော့တာ၊ ငါ့အသံ ကြားကြားချင်း ငါ့ဆီ ပြန်ဆက်ပေးပါ"

မယ်နဒီ ဖုံးပိတ်လိုက်သည်။

ဘာကိုထပ်ပိတ်လိုက်လျှင် သည်ဖြစ်စဉ်ကြီး အပြီးပိတ်သွား မလဲ။ ခေါင်းတွေ ခဲလာသည်။

လူကတော့ အငွေ့တွေပျံလို့. . .





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၉)

Dr အောင်ထွန်း ဥရောပဝတ်စုံနှင့် ဟိုတယ်ထဲ ဝင်လာသည်။ နိုင်ငံခြား ဆေးကုမ္ပဏီတစ်ခု၏ အရေးကြီးသော ညစ်ခံပွဲနှင့် စာတမ်းဖတ်ပွဲ ဖြစ်သည်။

"Dr အောင်ထွန်းပါ"

"စားပွဲနံပါတ် (၄)မှာပါရှင်၊ ကျွန်မ ပို့ပေးပါ့မယ်ရှင့်"

"တီတလီ. . တီတလီ. . "

ညှို့ကြိုမလေး ခြေလှမ်းပြင်စဥ် ဖုံးဝင်လာခြင်း ဖြစ်သည်။

"ဒေါက်တာ. . ကျွန်မ နဒီပါ"





"ပြော. . နဒီ"

"ဘယ်ကစပြောရမှန်းတောင် မသိတော့ဘူး"

"ကိုယ်. . အခု စာတမ်းဖတ်ပွဲတစ်ခုထဲမှာ ရောက်နေတယ်၊ နောက်မှ ပြန်ခေါ် လိုက်ပါလား"

"ဒါဆို ကျွန်မပြန်ခေါ် ဖို့ အချိန်မရတော့ဘူး၊ မစောင့်နိုင်တော့ဘူး ဆရာအောင်ထွန်းရေ အရမ်းအရေးကြီးနေတယ်၊ လှိုင်မို့ အိမ်မှာရှိမရှိ သိချင်တယ်၊ ဖုံးလည်းမကိုင်ဘူး၊ အဲ. . သူ တစ်ခုခုများ ဖြစ်နေလားမသိဘူး"

"ဘာတွေပြောနေတာလဲ နဒီရယ်"

"ကျွန်မကို တစ်ခုကူညီပါ"

ပြောရင်း. . သူမ အိမ်ကလေးကို ပြူတင်းတွေ တံခါးတွေ လိုက်ပိတ်နေရသည်။ ခန်းဆီးတွေပါ ဆွဲစေ့နေခြင်း ဖြစ်သည်။ သူမ အသံက အရင်လိုနေသည်မို့. . .

"ဖြည်းဖြည်းပြောစမ်းပါ နဒီရယ်၊ ဘာတွေ ဖြစ်နေတာလဲ"

"ဘာတွေ ဖြစ်နေမှန်းကို မသိတာပါ၊ လောလောဆယ်. . လှိုင်မို့အိမ်ကိုသွားပေးပါ၊ သူရှိမရှိ ခရီးထွက်မထွက် သိချင်နေလို့ပါ၊ အိမ်ဖုံး ဟန်းဖုံး ဘာမှမကိုင်ဘူး၊ သူ တစ်ခုခုဖြစ်တာတော့ သေချာနေပြီ. . "

"အဲဒါ ငါက ဘာလုပ်ရမလဲ"

"အခုချက်ချင်း သူ့အိမ်ကို သွားပေးပါ၊ သူရှိမရှိ ပြန်ဆက်ပေးပါ"

"ငါက. . ဒီမှာ. . "

"အဲ့ဒါထက် အရေးကြီးတယ်၊ သေရေးရှင်ရေးမို့ပါ၊ သူ့ဆီ

www.burmeseclassic.com



သွားပေးပါ၊ ကျွန်မဆီ ပြန်ဆက်ပါ”

“အေး. . အေး. . ”

ဖုံးပြတ်သွားသည်။ ဘာသံမှ မကြားရတော့၊ တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်သွားသည်။ ပြူတင်းလိုက်ကာကို သူမဆွဲချလိုက်စဉ် မပိတ်ရသေးသော အိမ်တံခါးမပေါက်မှ အလင်းရောင်တစ်စ. . . ခပ်ဟဟတံခါးကို တိုးတိုက်ပြီးသကာလ ဝေါခနဲ ခေါင်းပြူလာသည်။

သားလေး၏ ရီမုဒ်ကားလေး တိုးဝင်လာခြင်းဖြစ်သည်။

“သား. . သားလေး. . ”

တံခါးဝဆီ မယ်နဒီ အပြေးလေးသွားမိသည်။ ရီမုဒ်ကားလေးလည်း နောက်ပြန်ဆုတ်ကာ တံခါးဝမှ ပြန်ထွက်သွား၏။ သားလေးကို တွေ့လိုတွေ့ငြား. . တံခါးကို အလျှင်စလို ဆွဲဖွင့်လိုက်၏။ အပြင်တွင် ပုရစ်အော်သံမှလွဲ၍ ဘာဆိုဘာမှ မတွေ့ရတော့။

သားကို သတိရသည်နှင့် ခေါင်းထဲတန်းဝင်လာသည်က. . သားလေးအကြောင်း ပြောပြောနေတတ်သော ဆွယ်တာနှင့်အမျိုးသမီးဖြစ်သည်။

“နေပါဦး. . သူ့နာမည်၊ သြော်. . ခက်မိုးဆွေ”

သူမ ကားဆီပြေးရပြန်သည်။

“ဝူး!. . . ”

ကားကိုနောက်ပြန်ဆုတ်၍ အပြင်းမောင်းထွက်လာခဲ့သည်။ သူမ ဦးတည်ရာက ခက်မိုးဆွေဆိုသော အမျိုးသမီးဆီကိုပင် ဖြစ်၏။

“ဒေါက်. . ဒေါက်. . ”

“ဒေါက်. . ဒေါက်. . ”

ထွက်မလာမချင်း ခေါက်နေမည်ဟု သူမ စိတ်ပိုင်းဖြတ်ထား





သည်။ သိပ်မကြာလိုက်. .

“ကျွီ. . . ”

တံခါးဖွင့်သည်နှင့် ခပ်စိမ်းစိမ်း ကြည့်လာသော ခက်မိုးဆွေကို. .

“ကျွန်. . ကျွန်မ ရှင်နဲ့စကားပြောပါရစေ၊ ကျွန်မ အရေးကြီးနေလို့ပါရှင်”

“ဝင်လေ. . . ”

အရုပ်တွေနှင့် ရှုပ်ပွနေသော ဧည့်ခန်းထဲ ခပ်မှိုင်မှိုင် ဝင်ထိုင်ဖြစ်သည်။

“ဘဝဆိုတာ နောင်တရစရာတွေနဲ့ ပြည့်နှက်နေတယ်လို့ ရှင်မထင်ဘူးလား”

ဧည့်သည် စာရေးဆရာမကိုယ်တိုင် ဘာပြန်ပြောရမှန်းမသိ၊ အိမ်ရှင်ကပင်ဆက်၍. .

“သေခြင်းဟာ ဘဝရဲ့အဆုံးသတ် မဟုတ်ဘူး၊ ပရလောက ရှိတယ်၊ ဒါကိုကော ရှင်ယုံသလား”

“ယုံပါတယ်”

“အဲ့ဒီလောကထဲ ကလေးတွေလည်း အများကြီးပဲ၊ ကျွန်မ သူတို့အားလုံးကို ချစ်တာ၊ ကျွန်မပြောတာတွေကို ရှင် ဘယ်သူ့မှ လျှောက်မပြောနဲ့. . ပြောရင် ရှင့်ကို အရူးမလို့ ထင်ကြလိမ့်မယ်”

“ဒါကို လျှောင်ပြောင်ချင်ကြတဲ့ သူတွေထဲမှာ ကျွန်မ မပါပါဘူးရှင်၊ ရှင်က ကျွန်မထက် ပရလောကနဲ့ ရင်းနှီးတယ်ထင်လို့ ကျွန်မ ဒီကိုလာခဲ့တာပါ၊ ကျွန်မသားလေးဟာ ရေနစ်ပြီး သေဆုံးခဲ့တာပါ။ သူ. . သူ. . ရှင့်ကို တစ်ခုခုပြောပြနေတယ်လို့ ကျွန်မ ထင်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . ရှင်သွားလေရာ သူ လိုက်ပါနေတယ်၊ သူ ရှင့်ကို သတိပေးချင်နေတာ တစ်ခုရှိပုံရတယ်"

"ဘယ်တစ်ခုလဲ၊ အင်္ဂါနဲ့ ပတ်သက်နေလို့များလား"

"အင်္ဂါ. . ဟုတ်လား"

"ဟုတ်တယ် အင်္ဂါ မသေဘူးလို့ ရှင်လည်းပြောချင်နေတယ် မဟုတ်လား မခက်မိုးဆွေ"

"အို. . မဟုတ်တာရှင်. . အင်္ဂါက သေသွားပါပြီ၊ ကြာပြီပဲ ဥစ္စာ၊ သူ့ဝိဉာဉ်ကတော့. . အဲ့ဒီ မီးပြတိုက်ပေါ်မှာ လျှောက်သွားနေလေရဲ့၊ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံသူတွေဟာ တော်တော်နဲ့ မကျွတ်လွတ်ဘူးလေ၊ ကျွန်မတို့ရဲ့ သတ္တလောကနဲ့ ပရလောကကြား မှာ သူတို့တကယ်ရှိနေတယ်၊ ရှင် အဲ့ဒီမီးပြတိုက်ဆီကို ဘယ်တော့မှ ပြန်မသွားပါနဲ့၊ ရှင်နေတဲ့အိမ်ကလည်း တစ္ဆေဝေလင်းအိမ်၊ ရှင် အန္တရာယ်ရှိနေတယ်၊ ဒါကို ရှင့်သားလေး စိတ်ပူနေပုံရတယ်"

"ဟုတ်ကဲ့. . ကျွန်မသဘောပေါက်ပါတယ်၊ သားလေးရဲ့ ပစ္စည်းတွေ ပြန်ယူပြီး ဦးလူခင်တို့ဆီ သွားအိပ်မယ်"

"ကျွန်မနဲ့လည်း လာအိပ်လို့ရပါတယ်ရှင်၊ ကျွန်မကို တလေးတစားရှိတဲ့ရှင့်ကို ကျွန်မ ခင်မိပါတယ်"

ခက်မိုးဆွေက သူမကို ကားနားအထိ လိုက်ပို့သည်။

"မြန်မြန်ယူပြီး. . မြန်မြန်ပြန်လာခဲ့နော်"

"ဟုတ်ကဲ့ပါရှင်"

ကားမောင်းရင်း Dr အောင်ထွန်းဆီ ဖုန်းဆက်သည်။

Dr အောင်ထွန်းက မိန်းမချောတစ်သိုက်နှင့် အဖွဲ့ကျနေသည်။





"ကျွန်မတို့ ကုမ္ပဏီရဲ့ အကျော်ကြားဆုံးဆေးက ယောက်ျား သိဒ္ဓိဆေးပဲ၊ ဒေါက်တာစမ်းကြည့်မလား၊ ကျွန်မမှာပါတယ်"

"ဘယ်လိုစမ်းရမှာလဲဗျ"

"စမ်းချင်သလိုစမ်းပေါ့. . ဒေါက်တာရယ်"

ထိုစဉ် ဖုံးဝင်လာခြင်း ဖြစ်သည်။

မယ်နုဒီဆီက ဖြစ်သည်။

"ဒေါက်တာ. . လှိုင်မှိုဆီ သွားပြီးပလား"

"ဖုန်းဆက်ကြည့်တယ် ကိုင်ကိုမကိုင်တာ"

"ဒါပဲ လုပ်ရသေးလား ဒေါက်တာရယ်၊ ကျွန်မ အားကိုးကာ မှ. . . "

စိတ်ပျက်စွာ သူမ ဖုံးချလိုက်သည်။ ကားက မောင်းနေဆဲ။

ဒေါက်တာအောင်ထွန်း စားပွဲမှ ခဏထသည်။ 'ပလီးစ်. . အိပ်စကျူးမီး'နှင့်. . . သီဟအောင်ဆီ လှမ်းဆက်ရတော့သည်။

"သူငယ်ချင်း သီဟ၊ ငါ မင်းကို လှမ်းနှိုးသလိုများ ဖြစ်သွား လား"

"ငါ မအိပ်သေးပါဘူး အောင်ထွန်းရ၊ ဘာအကြောင်းထူး လို့လဲ"

"မင်း အချိန်နည်းနည်းပေးနိုင်မလား သီဟ"

"ငါ အယ်ဒီတာစားပွဲမှာ အချိန်ပို ဆင်းနေရတယ်၊ ဘာလုပ် မလို့လဲ သူငယ်ချင်း"

"မင်းရဲ့ မယ်နုဒီ ထူးထူးဆန်းဆန်း တစ်ခုခု ဖြစ်နေပုံပဲ၊ ငါ့ဆီဆက်တာ နှစ်ခါရှိပြီ၊ လှိုင်မှို တစ်ခုခုဖြစ်နေတယ်တဲ့၊ ဒဏ်ရာရ သလိုမျိုးလို့လည်း ပြောတယ်၊ သူ ဆက်သွယ်လို့လည်း မရဘူးတဲ့



www.burmeseclassic.com

www.burmeseclassic.com



မယ်နဒီ ကိုယ်တိုင်လည်း သူ့အိမ်လေးထဲက ထွက်လို့မရတဲ့ပုံစံပဲ"

သီဟအောင် နှုတ်ခမ်းတချက် မဲ့လိုက်ရင်း. .

"သူက ငါမပါလဲ ရတယ်၊ ဖြစ်တယ်ဆိုတဲ့ အချိုးနဲ့ လုပ်သွားတာ. . ခုတော့ ထိပြီနဲ့တူတယ်၊ ငါ့ဆီလည်း မဆက်ရဲဘူးလေ၊ အဲ့လိုထိမှ. . ."

"သီဟ ငါက သူ့ဆရာဝန်ကွ၊ မင်းက သူ့မန်နေဂျာ၊ မင်းမှာတာဝန်ရှိတယ်လေ၊ သူ ပြဿနာ တစ်ခုခုတက်နေတာ၊ မင်း ကူညီရမှာပေါ့. . ."

"အေး. . ဟုတ်ပါပြီ၊ ငါ ဘာလုပ်ပေးစေချင်လဲ"

"မင်းဆီဖုံးဆက်ဖို့ သူဝန်လေးနေပုံပဲ၊ ဒီတော့. . မင်းကစဆက်ပါ။ ပြီးတော့ လှိုင်မှိုဆီ မင်းကိုယ်တိုင်သွားပါ၊ သူ့ကိုခေါ်ပြီး မယ်နဒီဆီ ဆက်သွယ်ပါ. . ."

"ကောင်းပြီ. . ကောင်းပြီ သူငယ်ချင်း၊ မင်းဖုန်းဆက်အသိပေးတာ ကျေးဇူးပဲ"

"အခြေအနေထူးရင် ငါ့ဆီပြန်ဆက်ဦး သီဟ"

"အိုကေ. . ဂွတ်နိုက်"

သီဟအောင် ဖုံးချလိုက်သည်။ အတိအကျ ဆိုရပါမူ လက်အိပ်အနက်စွပ်ထားသော လက်ထဲကဖုံးကိုပိတ်၍. . အိတ်ထဲထည့်လိုက်သည်။

ပြီးတော့. . .'အ'တွေ တန်းစီရိုက်ထားသော စာရွက်ကိုလက်နှိပ်စက်ထဲက ဆွဲထုတ်လိုက်သည်။ Dr အောင်ထွန်းကို အခုနဖုန်းထဲကပြောသလို သူ့အယ်ဒီတာစားပွဲမှာမှ မဟုတ်ပေပဲကိုး၊ ဘယ်သူမှမရှိသော မယ်နဒီ့အိမ်လေးထဲ၌ ရောက်နေခြင်းဖြစ်သည်။





စာရွက်လွတ်အသစ်ကို စက်၌တပ်ဆင်လိုက်သည်။ ကိုယ်တိုင်ရေးနေသော ဖြစ်ရပ်မှန် သည်းထိတ်ရင်ဖိုဇာတ်လမ်းကို ဇာတ်ရှိန်တင်ရန် ဖြစ်မည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၀)

အဝေးပြေး ဘတ်စ်ကားဂိတ်သည် မီးလေးမှိတ်တုတ်ဖြင့် ငြိမ်ဆိတ်နေ၏။ ညပိုင်းသာ ထွက်လေ့ရှိသော ကားနှစ်စီးအနက်. . ပထမတစ်စီး ထွက်သွားပြီဖြစ်သည်။ နောက်ထွက်မည့် အစီးက ခရီးသည်စောင့်နေခြင်းဖြစ်သည်။ မှုန်ကုတ်ကုတ်အရက်ဆိုင်၏ ချောင်ကျသော စားပွဲဆီသို့ မိန်းမလှတစ်ယောက် လက်ပွေ့အိတ် ပိုက်၍ ခပ်ငိုက်ငိုက် လျှောက်လာနေသည်။

စားပွဲ၌ အသင့်စောင့်ရင်း ပုလင်းဘီယာကို ခွက်မပါဘဲ မော့နေသော လူငယ်က နေရာညွှန်ပြရင်း. . .





"ထိုင်ပါ လှိုင်ထိပ်ထား၊ သေရွာက ပြန်လာရတာဆိုတော့ တွေ့ရတာ ဝမ်းသာပါတယ်"

ရိုတိုတိစကားပြောရင်း မချိတချိပြုံးပြသည်။

"အမှန်က. . ခင်ဗျားဟာ ခေါင်းတလားထဲ တကယ်ရောက်သွားရမှာ. . "

လှိုင်ထိပ်ထားဟု အခေါ်ခံရသော လှိုင်မှိုက ဘာမှပြန်မပြောဘဲ လက်ပွေ့အိတ်ထဲက ပိုက်ဆံထုပ်ကို စားပွဲပေါ်တင်၍ ထိုလူငယ်ဆီ တွန်းပို့ပေးလိုက်သည်။ လူငယ်က သူစားလက်စ အာလူးကြော်ထုပ်ကို ပြန်တွန်းပို့ပေးသည်။

"စားပါအုံး. . "

လှိုင်မှိုက တစ်ခုယူ၍ ငွတ်ခနဲ ပါးစပ်ထဲ ပစ်ထည့်သည်။

လူငယ်က ငွေထုပ်ကို ဟကြည့်ရင်း. .

"ကျန်တဲ့ တစ်ဝက်ကကော"

"ငါတို့ရမှ. . မင်းထပ်ရမှာလေ ပြောပြီးသားပဲ"

"အင်း. . ခင်ဗျားတို့ ရမှာက မနည်းမနောကြီးမှန်း ကျုပ်သိသွားပြီဗျ၊ ဈေးလည်း နှစ်ဆတက်သွားပြီ"

"နင် တော်တော်လောဘကြီးတာပဲ မောင်မောင်တာ"

"မကြီးပါဘူးဗျာ၊ ဟောဒီမှာ ဂျာနယ်ဖြတ်ပိုင်းလေး ကြည့်ပါဦး၊ မယ်နဒီကို ပင်ဝွင်းစာအုပ်တိုက်က ဒေါ်လာနှစ်သန်း ပေးချေတော့မှာ၊ သီဟအောင်ဆိုတဲ့လူက သူ့ရဲ့မန်နေဂျာ၊ တိတ်တိတ်ကလေး ရုံးတက်လက်မှတ်ထိုးထားတဲ့သူဆိုတော့ မယ်နဒီရဲ့ လက်မှတ်တွေနဲ့ စီမံပိုင်ခွင့် ရှိနေတယ်လေ၊ အမွေစားအမွေခံလည်း တစ်ယောက်မှမရှိတော့ဘူး၊ သေသွားတဲ့ မယ်နဒီ့ယောက်ျား ပိုင်ဆိုင်သမျှ



www.burmeseclassic.com

www.burmeseclassic.com



လည်း ခင်ဗျားတို့လက်ထဲ အသေအချာ ရောက်တော့မှာပဲဟာ”

လှိုင်မှိုက ဘာစကားမှမပြောဘဲ ခပ်အေးအေးသာ မောင်မောင်တာ ဆိုသူကို ကြည့်နေသည်။

“ခင်ဗျားနဲ့ သီဟအောင်အဖြစ်ကလည်း ဟာသပဲဗျာ. .၊ ခင်ဗျားကတော့ အမြဲတမ်း သီဟအောင်ကို မောင်ကလေးနဲ့ ရွှန်းရွှန်းကို ဝေနေတာပဲ၊ ခြသေ့်လို့ ခင်ဗျားထင်နေတဲ့ အဲ့ဒီသီဟက တကယ်တော့ ဝံပုလွေဗျ၊ အဲ. . ဝံပုလွေက မြင့်တယ်. . မြေခွေးဗျ၊ မယ်နဒီဆီက အဲဒီပိုက်ဆံတွေရရင် ခင်ဗျားကို ကန်ထုတ်တော့မှာ. .၊

ခင်ဗျား ကျုပ်ဆီချဉ်းကပ်ခဲ့တာလည်း ဒီကိစ္စ လုပ်ပေးဖို့အတွက်ပဲမဟုတ်လား. .၊ ကျုပ်က. . မြွေမြွေချင်း ဒီလူ့ခြေကိုမြင်လို့ ခင်ဗျားကိုလည်း လက်ကျန်သံယောဇဉ်ရှိလို့ သတိပေးနေတာ လှိုင်ထိပ်ထားရေ. .၊ အဲဒီမြေခွေးက ကျုပ်နဲ့တွေ့တိုင်း ငွေအကြောင်းလဲ မပြောဘူး. . ခင်ဗျားအကြောင်းလည်း မပြောဘူး. .၊

မယ်နဒီ. . မယ်နဒီက ဘယ်လိုလှတာ ဘယ်လိုတော်တာ၊ ဘယ်လိုဆွဲဆောင်မှုရှိတာ၊ အို. . မယ်နဒီ မိုးကို မွှန်နေတာ၊ ခင်ဗျားတန်ဖိုးနဲ့ မယ်နဒီ့တန်ဖိုးက အကွာကြီးတဲ့. .၊ ခင်ဗျားတို့နှစ်ယောက် ပျော်ရွှင်စွာ ဇာတ်ပေါင်းရမယ်များ ထင်နေသလား. . မမလှိုင်ထိပ်ထား”

မောသွားသလို ဘီယာကောက်မော့သည်။

“ဟာဟ. . . တစ္ဆေတစ်ကောင်မှာလည်း ချစ်တတ်တဲ့ အသည်းတွေ ဘာတွေနဲ့ပါလား မောင်မောင်တာ၊ မင်းရဲ့ အင်္ကျီဘာဝဟာ နောက်ထွက်မယ့် ကားပေါ်တက်ရင် ပြီးသွားပြီနော်၊ ကိုသီဟနဲ့ငါ့ရဲ့ ညွှန်ကြားချက်ထဲ မပါဘဲ မင်းဘာလို့ မီးပြတိုက် အပေါ်ဆုံးထပ်ကို





ရောက်နေတာလဲ. . .၊

မင်းအောက်ထပ်မှာပဲ ရှိနေရမှာလေ၊ မင်းဖွင့်ချမလို့ တက်သွားတာ မဟုတ်လား၊ ငါ အအော်မြန်လို့သာပဲ. . နို့မို့ဆို အားလုံးသဲထဲရေသွန် ဖြစ်တော့မလို့”

“ခင်ဗျားတို့ပယောဂနဲ့ သေခဲ့ရတဲ့ သူ့သားလေးက ဝိညာဉ်အဖြစ် သူ့ဘေးမှာ အမြဲရှိနေတာ ခင်ဗျားတို့ သိရဲ့လား”

“ဘာ!. . ကလေးသေတာ ငါ့ပယောဂမပါဘူး”

လှိုင်မှိုက ပြန်အော်သည်။ အင်္ကျီ တဖြစ်လဲ မောင်မောင်တာ လက်ညှိုးလေး ရမ်း၍. .

“ခင်ဗျား ဒီကိစ္စကို ဆတ်ဆတ်ထိမခံ အိန္ဒြေပျက်နေတာကိုက. . ဟင်း. . ဟင်း. . ကျုပ်ငုတ်ကို အရင်ရှင်းတဲ့ သဘောပဲ၊ ထားပါ ဒါက ခင်ဗျားတို့ကိစ္စ၊ ကျုပ်တောင်းတဲ့ နှစ်ဆကိုပဲ သဘောတူမတူ ပြောပါ”

“အေး. . တူတယ်. . ငါ ပေးမယ်၊ ဒါပေမယ့် နင့်ပါးစပ်က ခုလိုဗရမ်းဗတာ လျှောက်ပြောနေရင်တော့ နင်ထပ်ရမှာက အသုဘအခေါင်းပဲ မြဲမြဲမှတ်ထား. .၊ နင်က ရုပ်ချင်းသာဆင်တဲ့ အင်္ကျီနော်၊ ဘာဝပါ တစ်ထပ်တည်း တူသွားလိမ့်မယ်”

လှိုင်မှို အိတ်ဆွဲ၍ ဆတ်ခနဲ ထထွက်သည်။

“လှိုင်ထိပ်ထားခေါ် မလှိုင်မှို. . ခင်ဗျားကိုသတ်ခဲ့တာ သရုပ်ဆောင်ခဲ့တာနော်၊ နောက်တစ်ခါ. . သဏ္ဍာန်လုပ် သရုပ်ဆောင်မှာ မဟုတ်ဘူး၊ တကယ့်အရသာကိုယူမှာ. .။”

လှိုင်မှို၏ မီးဝင်းဝင်းတောက်နေသော မျက်လုံးများကို မောင်မောင်တာက ခနဲ့ပြုံးနှင့် ကလော်ထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ဘတ်စ်ကားထွက်ခွာတော့မည့်အသံကို သူကြားနေခဲ့ရသည်။ မောင်မောင်တာ့အတွေးထဲ ထပ်ဝင်လာသည်က နှစ်ယောက်တွဲပုံလေး ရိုက်အပြီး၌ မယ်နဒီ တွေဝေနေစဉ် ကျောက်တုံးပေါ်က ကင်မရာလေးဆီ သူရောက်သွားပုံ၊ ဂျပ်ခနဲဖွင့်၍ Memory card ကလေးထုတ်၍ လွှင့်ပစ်ခဲ့ပြီး ကင်မရာအခွံကို မယ်နဒီလက်ထဲ ထည့်ပေးခဲ့ပုံများကို ပြန်စဉ်းစားနေမိသည်။

ဒါဆို သူ့ပုံပါနေသည့် သက်သေခံ Memory card ကို သူ ပြန်ယူမှဖြစ်မည်။

နောက်ဆုံး ကားကထွက်သွားလေသည်။ ဘတ်စ်ကားဂိတ်သည် သူ့ခြေသံမှလွဲ၍ လုံးဝတိတ်ဆိတ်သွား၏။







# အခန်း(၂၁)

**သား**လေး၏ပစ္စည်းများ ထည့်ထားသော ပလတ်စတစ်အမာစားပုံးလေးကို သူမ ကောက်မလိုက်စဉ်မှာပင်. . ‘ထောက် ထောက်’ဟူသော အသံကို ကြားခြင်းဖြစ်သည်။ တိတ်ဆိတ်နေသော အိမ်လေးထဲ သိသာထင်ရှားလွန်းသည်။ အသံက ဘယ်နေရာကလာမှန်းမသိ. . .

“ထောက်. . ထောက်. . ထောက်. . ”

သေတ္တာကို လက်နှစ်ဖက်နှင့် စုံမရင်း ဟိုဒီလိုက်ကြည့်သည်။ တံခါးကလား၊ ပြူတင်းကလား. . .



www.burmeseclassic.com

www.burmeseclassic.com



အပြင်ကနေ စို့နှင့်တူကို အသုံးပြု၍ တစ်ခုခုကို ဖြည်းဖြည်းချင်း ခွာယူဖောက်ထွင်းနေသောအသံ. .

"ထောက်. . ထောက်. . ထောက်. ."

"ရှင်နေတဲ့ အိမ်ကလည်း တစ္ဆေဝေလင်းရဲ့အိမ်၊ အန္တရာယ်ရှိနေတယ်၊ ဒါကို ရှင့်သားလေး စိတ်ပူနေပုံရတယ်"

ခက်မိုးဆွေ သတိပေးစကားကို ပြန်ကြားယောင်မိသည်။

"ထောက်. . ဒေါက်. . ဒေါက်. . ဒေါက်"

နောက်ဖေးမီးဖိုခန်းဘက်က လာနေခြင်း ဖြစ်သည်။ ပလတ်စတစ်ပုံးကို ချထားလိုက်သည်။ ဟနေသော မီးဖိုတံခါးကို အသာအယာ တွန်းလိုက်သည်။

"ကျွီ!. . ."

မီးဖိုချောင်က သားလှီးဓားကို လှမ်းယူလိုက်၏။ လက်တွင် ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်သည်။ အေးမြနေသော ဓါးသွားသည် လက်ထဲ၌ ဝင်းလက်နေ၏။

"ဒေါက်. . ဒေါက်. . ဒေါက်. . ဒေါက်"

အသံက. . အိမ်ရှေ့ခန်း စာရေးစားပွဲနား ရောက်သွားပြန်သည်။ ဓါးကိုင်၍ တစ်လှမ်းချင်း အသံလာရာဆီ ချဉ်းကပ်သွားမိသည်။

သေချာသည်။ ဒီမှန်ပြူတင်းအပြင်က လုပ်နေတာဖြစ်မယ်။

ခြေဖွနင်း၍ ပြူတင်းလိုက်ကာကို ဇတ်ခနဲ ဖယ်လှပ်လိုက်သောအခါ. . .

"အမလေး!!. ."

ကျီးမည်းတစ်ကောင် မှန်တံခါးကို နှုတ်သီးနှင့် တောက်နေ





ခြင်းဖြစ်သည်။ သူမ မသိသော သားလေး၏ အာနိသင်လေး ဖြစ်နေနိုင်သည်။

သူမကို ခပ်ငေးငေး လှမ်းကြည့်ရင်း. . အဝေးသို့ ပြန်သွားသည်။ သူမ သက်ပြင်းချ၍ လက်နှိပ်စက်ဘေးက 'အ' တွေတန်းစီနေသော စာရွက်ကို လှမ်းကြည့်လိုက်မိသည်။

"ဟင်!. . စက်ထဲမှာ စာရွက်အသစ် တပ်ထားပါလား"

စားပွဲတွင် ဝင်ထိုင်၍ ကြည့်လိုက်တော့. . စာသားက. .

*"မင်းအချစ်. . မင်းခန္ဓာက. .*

*အင်္ဂါနဲ့ ပါသွားပြီဆိုတော့. . .*

*မင်းဘဝကို မင်းပိုက်ပြီး. . .*

*အင်္ဂါနောက်လိုက်ဖို့ ပြင်ပေတော့. . ."*

*T.H.*

"ဟင်!. . ကိုသီဟ"

"ဟုတ်တယ် မယ်နုဒီ"

အသံနှင့်အတူ နောက်လှည့်အကြည့်. . သူမမျက်နှာဆီ စူးဝါးသော ထုံအီအီ ငွမ်းဖတ်ကြီး လာကပ်လေသည်။ မေ့ဆေးဖြစ်၏။ အသက်ကို ရအောင်အောင့်ရင်း ရုန်းကန်သည်။ လက်အိပ်အမည်းက ဘယ်လိုမှ မျက်နှာကမကွာ၊ ထုံအီအီအနံ့ကို ရှူမိပြန်သည်။

အားအင်တွေ ခန္ဓာတွင်းက ထွက်ခွာသွား၏။

သူမ အသိစိတ်ကလေး ခွာခါနီး၌. . ကြမ်းပေါ်လဲ့သိပ်ခြင်းခံလိုက်ရသည်။ နောက်ဆုံးသိသော အကြည့်ထဲ ရေးတေးတေး ပေါ်လာသည်က သီဟအောင် မျက်နှာဖြစ်၏။ တဖြည်းဖြည်း ဝေဝါးလာစဉ်. . နောက်မျက်နှာတစ်ခု. . .။



www.burmeseclassic.com

www.burmeseclassic.com



ဪ. . ဖြစ်မှဖြစ်ရလေ. . လှိုင်မှိုရယ်. . ။

ရိပ်ခနဲ ရိပ်ခနဲ မျက်နှာနှစ်ခုစလုံး လှိုင်းထတွန့်ခေါက်လာပြီး လှုပ်နေသည်။

ပြီး. . စုန်းစုန်းမြုပ်အမှောင်က ကြီးစိုးသွားတော့သည်။







# အခန်း(၂၂)

လက်နှိပ်မီး တဝင်းဝင်းနှင့်. . အင်္ကျီတဖြစ်လဲ မောင်မောင်တာ တစ်စုံတစ်ရာကို ရှာနေသည်။ ဟော. . တွေ့ပြီ၊ သူ လွှင့်ပစ်ခဲ့သည့် Memory card ကလေး၊ သည်သဲလွန်စ ကျန်၍မဖြစ်. .

လိုတာလည်း ရနေပြီမို့ မောင်မောင်တာအတွက် ပြန်ဖို့သာ ရှိတော့သည်။ စက်တပ်လှေကို သဲပြင်ပေါ်မှ ဆွဲအချ. . မယ်နှင်း၏ အသံကို ပြန်ကြားယောင်လာသည်။

“ဒီအခွံလေးဟာ ပုလဲတစ်လုံးရဲ့မိခင်ပဲ၊ လာ. . မောင်လေး



www.burmeseclassic.com

www.burmeseclassic.com



တိုနားမယ် အတူတူမြုပ်ရအောင်”

မီးလောင်ထားသော သစ်သားတိုင်တွေကို သူ လှမ်းကြည့်လိုက်မိသည်။ ဘုတ်ကြီးကို ပစ်ချလိုက်ပြီး ထိုနေရာသို့ လျှောက်လာမိသည်။ ကမာခွံလေးကို ပြန်ဖော်သည်။ သဲတွေ သန့်စင်နေစဉ်. . .

“တစ်ယောက်တည်း ဒီနေရာကို ပြန်လာသူက အလွမ်းပြေဖော်ကြည့်နိုင်တာပေါ့”

ချစ်ဖွယ် ချိုသာသောစကားကို ပြောခဲ့သူ မမ မယ်နဒီ. . ၊ မယ်နဒီကို သူတို့ ဘယ်လိုအဆုံးသတ်မည် သူမသိ. . ။

သူတို့ဆိုတာက မြေခွေးသီဟအောင်နဲ့ လှိုင်မှီ. . .

“အွန်. . မမနဲ့ ကျွန်တော်က ကွဲမယ်ဆိုတဲ့ သဘောလား”

“ကံကြမ္မာဆိုတာ ပြောလို့မရဘူးလေကွာ”

သူ ခဏတာ တွေဝေနေမိသည်။ မယ်နဒီ နှင့်စိတ်တိုင်းကျသူ ချစ်ခွင့်ရခဲ့ပြီပဲ၊ ငွေလည်းရ. . လူလည်းရ၊ အခု ကျန်ခဲ့နိုင်သော သဲလွန်စလည်း ပြန်ရပြီးပြီပဲ၊ ပြန်ရုံပဲပေါ့၊ ပြန်ဖို့ ဘာလို့တွေဝေနေမှာလဲ. . သတ္တဝါတစ်ခု ကံတစ်ခုပေါ့. . . ။

ပြန်မည်ရွယ်ခါမှ မီးပြတိုက်ဆီက အချက်ပြမီး လင်းထွက်လာသည်။

မီးပြတိုက်အထဲက မီးတွေလည်း မှိတ်ချည်ဖွင့်ချည် ဖြစ်နေသည်။ သူ့အတော်ပင် အံ့အားသင့်သွား၏။ သူ့ခြေလှမ်းတွေ မီးပြတိုက်ဆီ ဦးတည်ရင်း. . သည်အချိန် ဘယ်သူရောက်နေသလဲ၊ မမ မယ်နဒီပဲလား၊ ဟိုမြေခွေး လင်မယားလား၊ သူ့အပြေးအလွှားပင် ချီတက်သွားမိသည်။

မီးပြတိုက်တံခါးကို တွန်းဖွင့်ဝင်လိုက်သည်။ အထဲမှာ ဘယ်သူမှမရှိ။ သူရောက်တော့ အတွင်းမီးတွေ အကုန်ပိတ်နေပြန်သည်။

ထိုစဉ်. . ဂျလောက်ခနဲ ကက်ဆက်ပွင့်သံ ကြားလိုက်ရသည်။ သူနှင့် မယ်နဒီ ချစ်တင်းနှောစဉ်က ဖွင့်ထားခဲ့သောသီချင်း၊ ဘယ်သူမှမရှိဘဲ ထမြည်သော ကက်ဆက်သံ. . ၊ ထိုအသံက တိတ်ဆိတ်နေသော မီးပြတိုက်ထဲ ခြောက်ခြားဖွယ် ကောင်းလွန်းနေသည်။

မီးပြတိုက်အတွင်းရှိ အပေါ်ကို ပစ္စည်းတင်သော စက်သီးနှင့် သံချိပ်ကောက်ကြီးက အသံတွေမြည်လာ၏။ တတစ်တစ်မြည်ရင်း သံကြိုးကို အပေါ်မှ တစ်စုံတစ်ယောက် ရစ်တင်နေသလို သူ့အလိုလို အပေါ်သို့ ရွေ့တက်နေသည်။

ထိုစဉ်. . လှေခါးပေါ်က ဆင်းလာနေသော အရိပ်ကြီး. .

တစ်ရိပ်တည်းလည်းမဟုတ်. . .

တစ်ရိပ်. . နှစ်ရိပ်. . သုံးရိပ်. . .

စုပေါင်းသွားလိုက်. . သုံးရိပ် ပြန်ကွဲလိုက်နှင့် သူ့ဆီ တိုး၍ တိုး၍ လာနေချေပြီ။

သူ့မျက်နှာမှာ အံ့သြရာမှ ကြောက်လန့်စိတ်နှင့် ထိတ်ဖျာလာသည်။ အရိပ်က သုံးရိပ်မကတော့၊ အရိပ်သေးသေးလေးတစ်ခုပါ ထပ်တိုးလာသည်။ သူ နံရံဆီကပ်သွားကာ ကျုံ့ကျုံ့ကလေးထိုင်၍ ကြောက်လန့်တကြား အားခနဲ အာခေါင်ခြစ် အော်လိုက်မိတော့သည်။ ထို့နောက်တွင်တော့ အရိပ်တွေ တစ်ခုပြီးတစ်ခု မောင်မောင်တာ့ကိုယ်ထဲသို့ ထိုးဖောက်ဝင်ရောက် သွားလေတော့သည်။

“အား!. . ”

အားခနဲ အာခေါင်ခြစ် အော်လိုက်သော အခန်းကို. . ဦးလှခင်နှင့် ဒေါ်မယ်တင် အတူတူထိုင်ကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမရေ တို့တီဗွီကြည့်နေတာနဲ့ အချိန်ကိုလည်း သတိမထားမိဘူး၊ တစ်ချက်ထိုးတော့မယ်ကွ"

ထိုစဉ် တံခါးခေါက်သံကြား၍ ဦးလူခင် သွားဖွင့်သည်။

"ဟင်. . ခက်မိုးဆွေ၊ အချိန်မတော်ကြီး ဘာကိစ္စ"

"မယ်. . မယ်နဒီလေး ဒုက္ခရောက်နေပြီ၊ သူ. . သူ. . မီးပြတိုက်ဆီရောက်နေပြီ၊ သူ့သားလေးကလည်း ကယ်ပေးပါလို့ လာပြောနေလေရဲ့. . အချိန်မီလိုက်ကယ်ရအောင်ပါ ဦးလေးလူခင်"

"ဘုရားရေ. . ၊ အချိန်မရှိတော့ဘူး မိခက်၊ မနက်မှ လာပါဟာ၊ မနက်မှ သွားကြမယ်"

"ဂျိတ်!. . "

"အဲ့ဒါ. . သုံးလောင်းပြိုင်ပဲရှင့်"

အပြင်က အသံဖြစ်သည်။ ဦးလူခင် တံခါးပိတ်လိုက်သော အခါ ဒေါ်မယ်တင်က ထလာသည်။

"ကိုခင်. . မိခက်ဟာ ဒီလိုအကူအညီ မတောင်းဘူးဖူးနော်၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ အဲ့ဒါ သုံးလောင်းပြိုင်ပဲတဲ့ ဘာကိုပြောပါလိမ့်. . "







# အခန်း(၂၃)

မော်တော်ဘုတ်လေးနှစ်စင်း လပြာအောက်တွင် မီးပြတိုက်၏ ဆိပ်ခံဘောတံတားဆီ ထိုးဆိုက်လာသည်။ နောက်မှဘုတ်ကို ရှေ့မှဘုတ်က ကြိုးနှင့်ဆွဲလာခြင်း ဖြစ်၏။

ရှေ့ကဘုတ်ပေါ်တွင် သီဟအောင်၊ လှိုင်မှိုနှင့် လှေဝမ်းထဲ လဲကျနေသော မယ်နဒီတို့ ပါလာသည်။ ဗော်ယာသို့ ကပ်မိကြပြီ။

သီဟအောင်က သံကွင်းကြိုးနှင့် မယ်နဒီ၏ ခြေထောက်နှစ်ဘက်ကို အထပ်ထပ်ရစ်ပတ်သည်။ လှိုင်မှိုက. . .

"ခဏလေးမောင်"

www.burmeseclassic.com



"ဝင်မရှုပ်နဲ့ လှိုင်မှိ. . ခဏနေ အားလုံးပြီးသွားလိမ့်မယ်၊ တစ်ရွာလုံးက သူ့ကိုရှုးနေတယ်လို့ သိနေကြပြီ. .၊ အလောင်းကို မတော်တဆ ပြန်တွေ့တာတောင် ရှုးပြီး သူ့ကိုယ်သူ သတ်သေသွားတာလို့ပဲ ကောက်ချက်ချကြမှာပဲ၊ သရဲတစ္ဆေတစ်ကောင်နဲ့ ကြုံကြိုက်တယ်၊ သူ့. . သူငယ်ချင်း အသတ်ခံရပါတယ်လို့လည်း လူတကာကို လိုက်ပြောနေတယ်. . မဟုတ်လား၊ နောက်ဆုံးတော့ သူ့ဟာသူ သေကြောင်းကြံသွားတာကိုတောင် ဘယ်သူမှ မမြင်လိုက်ကြရဘူးဖြစ်သွားမယ်၊

မယ်နဒီကို. . မောင် မရရအောင် ပိုးပမ်းထားရတာ၊ သူနဲ့ မောင်က တိတ်တိတ်ကလေး နှစ်ဦးသဘောတူ လက်မှတ်ထိုးထားပြီးပြီလေ၊ သူသေတာနဲ့ သူရမယ့်ပိုက်ဆံတွေနဲ့ ကျန်ခဲ့တာတွေက မောင့်ဟာတွေ အကုန်ဖြစ်သွားပြီ သိလား၊ ဒေါ်လာ နှစ်သန်းတောင် ရမှာ လှိုင်မှိ"

သီဟအောင် အတော်ပင် ပျော်မြူးနေ၏။

"ဇာတ်လမ်းလေးက ဒါပါပဲ၊ ချစ်သူနှစ်ယောက် ငွေပုံပေါ် ပျော်ပျော်ကြီး ဇာတ်ပေါင်းကြမယ်လေ၊ ဘယ်လိုလဲ မယ်နဒီ၊ မင်းငါ့ကို အစွမ်းအစသိပ်မရှိဘူးလို့ ထင်ထားခဲ့တယ်မဟုတ်လား မယ်နဒီ ဟင်း. . ဟင်း. . "

မေ့နေသော မယ်နန္ဒီပါးကို ပွတ်ရင်း. . ပြောနေခြင်းဖြစ်၏။ ရိုတီဝေတေတေ မျက်နှာလေးနှင့် မပွင့်တပွင့်မျက်လုံးက ပွင့်လာပြီး ပြန်မှိတ်သွားသည်။ သီဟအောင်ကတော့ သူ့လုပ်စရာရှိတာ သူလုပ်နေ၏။ ခြေထောက်က သံကြိုးကို သော့ဂလောက်နှင့် ခပ်တင်းတင်း ဆွဲ၍ခတ်သည်။





"ဂျလပ်!. . . "

သော့ကလေးကို ဆွဲထုတ်၍. . စာတစ်ပုဒ်လို ရွတ်နေပြန်သည်။

"သည်အမှုကိစ္စကြီးတွင်. . သူမသည် သတ္တိဆိုသောအရာ ပျောက်ဆုံးနေခဲ့သည်၊ အကယ်၍ ထိုသတ္တိသာ ရှိနေပါက ဤကိစ္စကြီးမှ လွတ်မြောက်ရန် နောက်ဆုံးအချိန်ထိ သူမ ကြိုးစားလိမ့်မည်ဖြစ်သော်လည်း. . သော့ပါမလာခဲ့ခြင်းကြောင့်. . ဟင်း. . ဟင်း"

မယ်နဒီနှင့် ခပ်လှမ်းလှမ်းရှိ ကြိုးခွေတစ်ခုအပေါ် သော့ကို လှမ်းပစ်လိုက်၏။ သော့က ကီးချိန်းပွပွလေးနှင့် တွဲလျက်သားလေးဖြစ်၏။ ပြီးမှ သူမကို မှောက်လျက်အနေအထား လှေပေါ်မှ ကိုယ်တစ်ပိုင်း ရေထဲချလိုက်သည်။ ခြေထောက်တွေက သံကြိုးသော့ခတ်လျက်သားနှင့် ရေထဲကိုကျနေသည်။ ကျန်ကိုယ်တစ်ပိုင်းကတော့ လှေပေါ်တွင်တင်လျှက် ရှိနေသေး၏။

"ကဲ. . သံကြိုးနဲ့တွဲလျှက်သား ကျောက်ဆူးကြီးကို ရေထဲချလိုက်တာနဲ့. . ဒီဟာမလည်း ဟိုးအဝီစိရေအောက်ကို အလိုလိုကျသွားလိမ့်မယ်. . ဟား. . ဟား"

သံကြိုးနှင့် ဇရာမသဘော်ာကျောက်ဆူးက ချည်ထားသည်လေ။

သီဟအောင် ကျောက်ဆူးကို အားနှင့်မရန်ပြင်စဉ်. . .

"မောင်. . နေဦး၊ ဟိုမှာကြည့်စမ်း. . "

"ဘာလဲ လှိုင်မှိ"

လှမ်းကြည့်မိတော့ မီးပြတိုက်အတွင်းပိုင်း၌ မီးက မှိတ်လိုက်လင်းလိုက် အချက်ပြနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မီးပြတိုက်ထဲမှာ တစ်ယောက်ယောက် ရှိနေတယ်မောင်"

နှစ်ဦးသားအကြည့်က မီးပြတိုက်ဆီရောက်နေခိုက် မယ်နဒီ နိုးလာ၏။ သူမ အနေအထားကို ချက်ချင်းသိလိုက်သည်။ လှမ်းမြင်နေရသော သော့လေးဆီ လက်လှမ်းရင်း. . ယူနေရှာ၏။

"လှိုင်မှီ. . ကောင်လေး ကားနဲ့ပါသွားရဲ့လား"

"ပါသွားပါတယ် မောင်ရဲ့. ."

"မင်းမျက်စိနဲ့ တပ်အပ်တွေ့ခဲ့လို့လား"

"ဟင့်အင်း. . အရမ်းစော်ကားနေတာနဲ့ ထသတ်မိမှာစိုးလို့ ပြန်ခဲ့ရတယ်"

"သူပဲ ဖြစ်ဖို့ရှိတယ်"

"သူက ဒီကိုဘာလာလုပ်တာလဲ"

"မောင်လည်းမသိဘူး၊ ဒီကောင်လေးဆိုတာ သေချာရင်တော့ သူ့ကိုလည်း နှုတ်ပိတ်ပစ်ရတော့မှာပဲ"

မယ်နဒီ သော့ဆီလက်ကမ်းနေသည်ကို လှိုင်မှီက ရိပ်ခနဲ မြင်လိုက်ရသည်။

"ဟိုမှာမောင်၊ မောင့်ဟာမ နိုးနေပြီ၊ သတိရနေပြီး. . လုပ်ပါဦး"

သော့ကလက်ထဲပါလာသဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်သည်။

လှိုင်မှီရယ် လုပ်ရက်လိုက်တာနော်. . . ဟူသော မယ်နဒီ အကြည့်က လှိုင်မှီဆီ ရောက်လာသည်။

"မောင် မြန်မြန်လုပ်တော့လေ"

သီဟအောင်က ကျောက်ဆူးကြီးကို ဝုန်းခနဲ ပစ်ချလိုက်





လေသည်။ ကျောက်ဆူးက လှေပေါ်ကသံကြိုးကို ဆွဲချသွား၏။

သူမကို ကြိုးက မဆွဲချသေး၊ ကုတ်တွယ်ထားသော လှေနံက လက်တွေကို လှေပေါ်က လောဘသားနှစ်ယောက်က အတင်းဆွဲဖြုတ်နေကြသည်။

တင်းခနဲ အောက်ကအဆွဲ လက်ကအဖြုတ် ပလုပ်ခနဲ မြုပ်သွားလေသည်။ ရေကအနက်ကြီး ဖြစ်၏။

လက်ထဲကသော့လည်း ရေထဲပြုတ်ကျသွားပြီး သူမလည်း တောက်လျှောက်မြုပ်ပါသွားသည်။

"မကြည့်နဲ့ လှိုင်မှီ၊ လာပါ. . အားလုံး ပြီးသွားပါပြီ၊ မောင် မောင်တာကို မာတောင်တောင်တစ်ခု သွားကြွေးရုံပဲ ရှိတော့တယ်၊ လာ. . ကမ်းပေါ်တက်ကြမယ်"

ရေကနက်လေ အေးလေဖြစ်လာ၏။

ကျောက်ဆူးက ပင်လယ်ကြမ်းပြင်အောက်ခြေကို ဒုတ်ခနဲ ထိသွားသည်ကို သံကြိုးမှတဆင့် သူမ ခံစားသိရှိရ၏။ ရေသားထဲ၌ သူမကတော့ တန်းလန်းလေး ဗောလောနစ်နေခဲ့ပြီ၊ အလောတကြီး ပင် ခြေထောက်သံကြိုးတွေကို ကုန်းဖြုတ်သည်။

အသက်အောင့်ထားရ၍ မွန်းကြပ်လာနေပြီ။

ရေထဲမရောက်ခင် ရှန်းကန်တွန်းထိုးခဲ့ရသဖြင့်လည်း မောဟိုက်ခဲ့ရသည်မို့ ပိုကြပ်လာ၏။ ခြေထောက်က သော့ခလောက်ကို စမ်းမိ၏။

ဒီသော့ခလောက်လေးပါပဲ။ သူမအိမ်က ရေကန်ဘက်သွားသော ခြံတံခါးသော့. . ။

သားလေးကို သူတို့ သေကြောင်းကြံခဲ့တာပဲပေါ့. . ။



www.burmeseclassic.com

www.burmeseclassic.com



သော့ခလောက်က ဘယ်လိုမှ ဖြုတ်မရ၊ ပို၍ မွန်းကြပ်လာ၏။ အကြောအချဉ်တွေပင် ဆိုင်းလာနေပြီ။ ကိုယ်ဖော့တဲ့ လက်၏ ယက်အားတွေ ကျလာ၏။ အဆုပ်ထဲ ရေမဝင်အောင် တင်းခံနေရင်း မူးမေ့မလိုလို ဖြစ်လာနေပြီ။

သူမ စိတ်လျှော့အံ့ဆဲဆဲတွင် သားလေးလည်း ဒီလိုပဲကြုံခဲ့မှာပဲဟူသော အတွေးက ခေါင်းထဲသို့ လျှပ်တပြက် တိုးဝင်လာသည်တွင်. . အသံတစ်ခုကို သူမကြားလိုက်ရ၏။

သားလေး၏အသံ ဖြစ်နေ၏။

"နောက်လှည့်ကြည့်ဖို့ မမေ့ပါနဲ့. . ."

"နောက်လှည့်ကြည့်ဖို့ မမေ့ပါနဲ့. . ."

ဟူသော အသံလေး. . နားထဲကြားလာ၏။ မိုက်တော့မည့် မျက်လုံးကို အားစိုက်ဖွင့်၍ နောက်ကိုလှည့်ကြည့်လိုက်မိသည်။

ရာဘာအရုပ် ကီးချိန်းပွပွလေးကို ဆွဲချရင်း ဖြည်းဖြည်းချင်း ပင်လယ်ကြမ်းခင်းဆီ ဆင်းသက်နစ်မြုပ်နေသော သော့ကလေး. . သူမရှေ့မှ ဖြတ်ဆင်းနေသည်။

လှည့်မကြည့်ပါက သီသီလေး လွဲချော်တော့မည်။

သူမ မိမိရရ လှမ်းဖမ်းလိုက်နိုင်ခဲ့ပါသည်။

စက္ကန့်ပိုင်းအတွင်း ဝါးခနဲ ရေပေါ်သို့ သူမရောက်လာခဲ့၏။

လေကို အဆုတ်ထဲ အပြည့်သွင်းသည်။ သုံးလေးခါ အသက်ဝဝရှူ၍ ဘုတ်ပေါ် တက်လိုက်သည်။ သူမ ဘုတ်လှေကလေးထဲက အချက်ပြ မီးသေနတ်ကလေးကို လှမ်းယူလိုက်သည်။ ဘုတ်ထဲကနေ တစ်ခုခုကြောင့် သူတို့ကမ်းပေါ် တက်သွားတာ ဖြစ်မည်။ သူတို့လှေလည်း ရှိနေသည်။ လှေထဲက ကြိုးကိုပါ ယူလိုက်၏။





ထိုအချိန်တွင်. . .

"အပေါ်မှာတော့ ဘယ်သူမှမရှိတာ သေချာသွားပြီ၊ ချော်ကျမယ်နော် လှိုင်မှို၊ ဖြည်းဖြည်းဆင်း. . ."

"ဒီနေရာကြီးက လှိုင့်ကို ဖိချနေသလိုလို၊ မြေဆွဲအားများနေသလိုလိုကြီးပဲ မောင်"

"စိတ်ထင်လို့ပါကွာ၊ တို့တွေ လွတ်လပ်နေပါတယ်၊ မောင့်ကိုယ်ခန္ဓာဆို လေထဲလွင့်နေသလိုပဲ. . ဟား. . ဟား"

"မောင်မောင်တာ ပြောဖူးတယ်၊ သူ ဒီမှာနေတုန်းက တစ်ယောက်ယောက် ရှိနေသလို အမြဲခံစားရတယ်တဲ့၊ ဖြတ်သွားဖြတ်လာ သင်္ဘောသားတွေကလည်း ဒီမီးပြတိုက်ပေါ်မှာ သွားလာနေတဲ့ အရိပ်တွေကိုလည်း မြင်ဖူးတယ်တဲ့"

"သင်္ဘောသားမှန်သမျှ မူးကြောင်မူးကြောင်နဲ့ အမြဲမူးနေတဲ့ ကောင်တွေချည်းပါပဲ"

"လှိုင်မှို တစ္ဆေသရဲကို မကြောက်ဘူးဖူး၊ အခုမှ ကြောက်လာသလိုပဲ"

"မောင်တစ်ယောက်လုံး ရှိနေတဲ့ဥစ္စာ၊ ဒီကောင် ဒီအခန်းမှာလည်း မရှိဘူး၊ ဘယ်သူကများ မီးအချက် လာပြပါလိမ့်၊ လာ. . ပြန်ထွက်တော့မယ်. ."

"ဖောင်း!. . ."

"အ!. . ."

သေနတ်ဒင်နှင့် နဖူးကို အရိုက်ခံလိုက်ရသည်။

သီဟအောင် လန့်ထွက်သွားကာ ပက်လက်လန်လဲကျသွား၏။ မယ်နဒီက မီးသေနတ်ဖြင့် ချိန်ရွယ်ရင်း သီဟအောင် ကိုယ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



သို့ ကြိုးခွေကို ပစ်ပေးလိုက်၏။

"ရော့ . . အဲ့ဒီကြိုးနဲ့ နင့်ကိုယ်နင်ချည်စမ်း . . ကောင်စုတ်"

ထိုစဉ် . . လှိုင်မှိုက တံခါးအကွယ်မှ ပြေးထွက်၍ မယ်နဒီ့ လက်ထဲက သေနတ်ကိုလုသည်။

"ဒိုင်း! . . ."

အချက်ပြမီးသည် အခန်းထောင့်၌ ပေါက်ကွဲ၍ မြင်ကွင်း ဝါထိန်သွားသည်။ လှိုင်မှိုကို နာကျည်းချက်ဝင်နေသော မယ်နဒီက အားကုန်ဆောင့်တွန်းပစ်လိုက်သည်။ နောက်လန်လဲကျသွားသော အရှိန်က ပြင်းသည်။

ခွပ်ခနဲ အုတ်ဆက်ကွဲသံကို . . အတိုင်းသား ကြားလိုက်ရ သည်။

အင်္ဂါမိန်းမ ကေသီ ဆောင့်မိသော အုတ်ခုံစွန်းပါပင် . . .

ဖြစ်စဉ်တွေက တိုက်ဆိုင်စွာ လာတူနေ၏။

ဆန့်ငင်ဆန့်ငင်နှင့် လှိုင်မှို ငြိမ်ကျသွားတော့သည်။ လဲနေရာမှ သီဟက သူမခြေထောက်ကို လှမ်းဆွဲသည်။ မယ်နဒီက သီဟ အောင်မျက်ခွက်ကို ဖောင်းခနဲ တစ်ချက်ကန်၍ ထပြေးသည်။

ငြိမ်သက်နေပြီဖြစ်သော ချစ်သူလှိုင်မှိုကိုကြည့်ရင်း သီဟ အောင် ခဏတာ ကြောင်ငေးနေမိသေးသည်။ ထို့နောက် . . လှေခါး ပေါ်တက်ပြေးသွားသော မယ်နဒီကို နောက်မှပြေးလိုက်ရင်း . .

"ဒါ မင်းရေးမယ့် ဇာတ်လမ်းမဟုတ်ဘူး . . မယ်နဒီ၊ ပျော် ပျော်ရွှင်ရွှင် ဇာတ်ပေါင်းခန်းလည်း မဖြစ်နိုင်တော့ဘူး"

မယ်နဒီကတော့ အမြန်ပြေးတက်သွားသဖြင့် မီးပြတိုက် အပေါ်ဆုံးဆီသို့ ရောက်သွားလေပြီ။ တံခါးကိုတွန်းဖွင့်ကာ မီးပြ





တိုက်ဝရံတာသို့ ပြေးသွားမိသည်။

ဘယ်လိုမှ မလွတ်နိုင်သော အပေါ်ကို သီဟအောင်တတ် လိုက်မည်အပြု၌ တတစ်တစ် မြည်သံနှင့်အတူ သံကြိုးကြီး အပေါ်မှ တဖြည်းဖြည်းချင်း ကျလာလေသည်။ သံကြိုးထိပ်မှာ ချိပ်ကောက်ကြီး ချွန်မြစွာ ကွေးလို့ . . ၊ သီဟအောင် ရှေ့တည့်တည့်သို့ ကျလာခြင်း ဖြစ်သည်။

ကြောင်ငေး၍ ရပ်နေစဉ် . . . လှေခါးပေါ်က ဆင်းလာနေ သော မောင်မောင်တာကိုတွေ့၍ . . .

"ဟော့ကောင် မောင်မောင်တာ မင်းခုန အပေါ်မှာ မရှိပါ ဘူး"

မောင်မောင်တာက သံချွန်ကောက်ကြီးကို ဇတ်ခနဲ ဆွဲယူ လိုက်သည်။

"ငါ . . မောင်မောင်တာ မဟုတ်ဘူးကွ"

မြန်လိုက်သည့်ဖြစ်ခြင်း . .

"ပေါက်! . . ဖွ! . . "

သီဟအောင် ရင်ဝထဲ သံချွန်ကြီးဝင်သွားလေပြီ။

"အ! . . အ! . . "

ခနလေး အတွင်းမှာပင် သီဟအောင် ငြိမ်သက်သွားလေ တော့၏။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)

ထို အချိန်တွင် ဦးလူခင်တစ်ယောက် မီးပြတိုက် အဝင်လမ်းဆီ လျှောက်လာနေချေပြီ။

'ငါ မောင်မောင်တာ မဟုတ်ဘူး' ပြောသူက. . မီးပြတိုက်အပေါ်ဆုံးဆီ တစ်လှမ်းချင်း တက်သွားလေပြီ။ တံခါးဖွင့်ကာ ဝရံတာသို့ ထွက်လာသည်နှင့်. .

"ဟင်!. . အဂီ. ."

သူက ရှေ့တိုးလာလေ. . မယ်နဒီက နောက်ဆုတ်သွားလေနှင့်. . သူက ခပ်စိမ်းစိမ်းအကြည့်ဖြင့် ရှေ့ဆက်တိုးလာနေသည်။





ခပ်စိမ်းစိမ်းအကြည့်သည် တဖြည်းဖြည်း နီးကပ်လာသည်နှင့်အမျှ ရင်းနှီးကျွမ်းဝင်မှု တစ်စတစ်စ ဝင်လာသည်။

ပြုံးမလိုလို ငိုမလိုလို. . ဘယ်လိုမှခွဲမရသော အကြည့်ဖြင့် သူမလက်ကို လာထိသည်။ သူမလက်ထဲ တစ်စုံတစ်ရာကို လာထည့်ပေးသည်။

သူမ ငုံ့ကြည့်လိုက်တော့. . . ကမာခွံလေး၊ ပုလဲတစ်လုံး၏ မိခင်ရုပ်ကြွင်းလေး၊ ပုလဲတစ်လုံးကို လောကသုံးဖို့မပေးရင်း သေပွဲဝင်ခဲ့ရသော ပြောင်လက်အတွင်းသားနှင့် ချစ်ခြင်းမေတ္တာတရား၏ ပြယုဂ်လေး. . ၊ အချစ်ရည် အပြည့်ရှိသောမျက်လုံးများနှင့် သူ ပြုံးပြလိုက်ပါသလား၊ သူမအသိထဲ ဖျတ်ခနဲ. . .

"မလုပ်နဲ့. ."

ဟု မယ်နဒီ လှမ်းဆွဲလိုက်သေးသည်။

လက်ရမ်းကိုကျော်၍ တစ်ပတ်လည်ပြီး အောက်သို့ ခုန်ချသွားလေတော့သည်။

ကျောက်ဆောင်ပေါ်က ခွပ်ခနဲအသံသည် ကြားဖူးသမျှ အသံမျိုးစုံထဲ၌ ရင်တုန်စရာ အကောင်းဆုံးအသံ ဖြစ်နေလေတော့သည်။

ငုံ့ကြည့်လိုက်တော့ ဝုန်းခနဲ ရေလှိုင်းတွေ ပြန်ကျသွားသော ကျောက်ဆောင်ပေါ်မှာ မလှုပ်မယှက်နှင့် မယ်နဒီ ရင်းနှီးခဲ့ရသော မောင်မောင်တာက မှောက်လျက်သားလေး. .

မောင်မောင်တာ့ခန္ဓာကိုယ်ထဲက အဂီ၏ ဝိညာဉ်အရိပ် ထွက်ခွာသွားသည်ကိုတော့ မယ်နဒီမမြင်လိုက်တော့. . .။

အဂီကလည်း ဒီလိုသေခဲ့သည် မဟုတ်ပါလား. . .။



www.burmeseclassic.com

www.burmeseclassic.com



မကောင်းသူအားလုံးကို အင်္ဂါက ကူညီသုတ်သင်ပေးခဲ့လေသည်။ သူမ ထိတ်လန့်ခြင်းကြီးစွာနှင့် လက်ရမ်းမှခွာရင်း လက်ထဲက ကမာကောင်လေးကို ကြည့်မိသည်။

"ဪ. . ဒါကို သူသွားပြီး ဖော်ယူခဲ့တာပဲ"

အောက်သို့ သူမပြန်ဆင်းလာလိုက်သည်။ အောက်ထပ်၌ ဂျိုတ်တွင် တွဲလောင်းဖြစ်နေသော သီဟအောင်ကို သံဝေဂတရားနှင့် ကြည့်နေသော ဦးလူခင်ကို တွေ့ရသည်။

လှေခါးရင်းတွင် သူမ စိတ်လျှော့၍ ပုံ့ပုံ့ရုံ့ရုံ့ကလေး ထိုင်ချလိုက်မိတော့သည်။







နီဂုံး

နောက်အပတ်ထဲတွင် သတင်းစာထဲ ထိုမှုခင်းသတင်းပါလာ၏။ မယ်နုဒီ ပို၍နာမည်ကြီးသွားသည်။ စာအုပ်လည်း ပြီးပြီမို့ ပြန်ရန်ပြင်သည်။ ဦးလူခင်က သူမ၏လက်ကို ဖွဖွကိုင်ရင်း တဖက်ကလည်း သူမ၏ ခရီးဆောင်အိတ်ကို ကူဆွဲပေးထားသည်။

"အကောင်းဆုံး ဇာတ်သိမ်းပါပဲ မယ်နုဒီ၊ ဦးတို့အနေနဲ့ကလည်း အင်မတန် မျက်စိလည်ရတဲ့ အဖြစ်အပျက်ပါပဲ"

"ကျေးဇူးအထူးတင်ပါတယ် ဦးရယ်"

"အုပ်ချုပ်ရေးမှူးက အမိန့်ထုတ်လိုက်ပြီ၊ အဲဒီမိုးပြတိုက်ပေါ်

www.burmeseclassic.com

ဘယ်သူမှ မသွားရဘူးတဲ့၊ အဲဒါ အကောင်းဆုံးပါပဲကွယ်၊ အနည်းဆုံး တော့ မင်းရဲ့. . 'အင်္ဂါ' အေးအေးဆေးဆေး အနားယူရတာပေါ့. . ၊ သေတ္တာကို ကားပေါ်တင်လိုက်မယ်နော်၊ ဟိုမယ် ခက်မိုးဆွေ မင်းကို လာနှုတ်ဆက်ပုံရတယ်"

ပြုံးပြနိုင်ကြပါပြီ။ ပြီးမှ ညီမအရင်းလို ဒပ်တင်းတင်းပွေ့ဖက် လိုက်ကြသည်။

"သားလေးက ကျွန်မကို ဘယ်လိုဖြစ်စေချင်တာတဲ့လဲဟင်"

"သူ့ကို သတိရပါတဲ့၊ မေမေ့အန္တရာယ်ကို သူကာကွယ်ပေး နိုင်ခဲ့တယ်တဲ့၊ သူ ကောင်းသောဘုံဘဝကို သွားလို့ရနေပြီတဲ့. . . မေမေ့ကို သားနှုတ်ဆက်တယ် ပြောပေးပါတဲ့လေ"

"ဝမ်းသာလိုက်တာရှင်၊ ကဲ. . ကျွန်မကလည်း အားလုံးကို နှုတ်ဆက်ပါတယ်ရှင်"

"ဂျိတ်. . ."

ကားတံခါး ပိတ်ရင်း မယ်နဒီပြောလိုက်၏။

"ဝူး. . ."

ကားမောင်းရင်း သူမ တွေးစရာတွေ ခေါင်းထဲပါလာနေ၏။

သည်အကြောင်းကို အသေးစိပ်ပြန်ရေးရင် ပရိသတ် ယုံမှ ယုံကြပ့်မလား. . . ဝတ္ထုရေးတာပါ ပြောမှာလား. . . ။

ရေးတော့ရေးကြည့်ချင်မိသေးသည်။ ။

